# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၉)ရက် ၊ အင်္ဂါနေ့ ၊ (20-10-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၁၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H. E. Mr. Akanat Promphan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H. E. Mr. Akanat Promphan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတ၏ ဧည့်ခန်းဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးတင်မောင်ဆွေ၊ဦးကိုကိုလွင်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H. E. Mr. Tor Saralamba နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းမိတ်ဆွေကောင်း နိုင်ငံများဖြစ်သည်နှင့်အညီ

စာမျက်နှာ ၁၆ ကော်လံ ၁

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များ ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆို

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊

စာမျက်နှာ ၂၁ ကော်လံ ၄



ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုစဉ်။

## ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ နေပြည်တော်သို့ ရောက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များသည် အောက်တိုဘာ ၁၆ ရက်မှစတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော် တည်းခိုရေးစခန်းသို့ ရောက်ရှိကြရာ ယနေ့တွင် ပြိုင်ပွဲဝင်အဖွဲ့များ အားလုံး

စာမျက်နှာ ၂၁ ကော်လံ ၁

## ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၁၉**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁(MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော် တည်းခိုရေးစခန်းနှင့် နေပြည်တော် မြို့တော်ခန်းမ လဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီတွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ

စာမျက်နှာ ၂၂ ကော်လံ ၁

ရတနာပုံ
၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၀ ရက်

**အယ်ဒီတာ့အာဘော်**

# သီတင်းကျွတ်ရုံးပိတ်ရက် သွားလာရေးအဆင်ပြေစေမည့် အထူးရထားများ

သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရန်ကုန်-နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-မော်လမြိုင်-ရန်ကုန်နှင့် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်များကို ပုံမှန်ရထားများအပြင် အထူးရထားများကို ရက်အလိုက်တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရထားစီးခရီးသွားပြည်သူများ ပိုမိုစိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန်အတွက် ရန်ကုန်-မန္တလေးလမ်းပိုင်း၊ ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် ခေတ်မီလေအေးပေးစက်ပါ DEMU တွဲဆိုင်းသစ်များဖြစ်လည်းကောင်း၊ လေအိတ်ရထားတွဲဆိုင်းများဖြင့်လည်းကောင်း၊ ရိုးရိုး(AAR) တွဲဆိုင်းများဖြစ်လည်းကောင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိရာ သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ပုံမှန်ရထားများအပြင် အထူးရထားများကို အောက်တိုဘာ ၂၅ ရက်နှင့် ၂၆ ရက်မပါ အောက်တိုဘာ ၂၃ ရက်မှစ၍ အောက်တိုဘာ ၂၈ ရက်ထိ ပြေးဆွဲပေးမည်ဖြစ်သည်။

ထိုသို့ပြေးဆွဲရာတွင် အောက်တိုဘာ ၂၃ ရက် ရန်ကုန်-မော်လမြိုင်ခရီးစဉ်ကို အဆန်အထူး(AAR) ရထားဖြင့်လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက် နေပြည်တော်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(DEMU) ရထား၊ ရန်ကုန်-ပြည် - ရန်ကုန်ခရီးစဉ်ကို အဆန်အထူး(လေအိတ်)နှင့် အစုန်အထူး(လေအိတ်) ရထားဖြင့်လည်းကောင်း အဆိုပါနေ့တွင် ရန်ကုန်-မော်လမြိုင်- ရန်ကုန်ခရီးစဉ်ကို အဆန်အထူး(လေအိတ်)နှင့် အစုန်အထူး(AAR)ရထားတို့ဖြင့်လည်းကောင်း၊ အောက်တိုဘာ ၂၇ ရက်တွင် ရန်ကုန်-နေပြည်တော် ခရီးစဉ်ကို အဆန်အထူး(DEMU) ရထား၊ ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ်ကို အဆန် (လေအိတ်)နှင့် အစုန်အထူး(လေအိတ်)ရထား၊ အဆိုပါနေ့တွင် ရန်ကုန်-မော်လမြိုင်-ရန်ကုန်ခရီးစဉ်ကို အဆန်အထူး (AAR)နှင့် အစုန်အထူး(လေအိတ်)ရထားဖြင့်လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် မော်လမြိုင်-ရန်ကုန်ခရီးစဉ်ကို အစုန်အထူး(AAR) ရထားဖြင့်လည်းကောင်း တိုးချဲ့ပြေးဆွဲမည်ဖြစ်သည်။

မီးရထားပြေးဆွဲပေးခြင်းဖြင့် ပြည်သူများ၏ခရီးသွားလာမှု အဆင်ပြေချောမွေ့စေသည်။ နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ရထားတွဲများအစဉ်သန့်ရှင်းနေစေရန် ဝန်ထမ်းများက ဆောင်ရွက်ပေးနေသကဲ့သို့ ပြည်သူများအနေဖြင့် ခရီးစဉ်အတွင်းစည်းကမ်းရှိစွာ လိုက်ပါစီးနင်းကြရန်လိုအပ်ပေသည်။

မီးရထားဖြင့်ခရီးသွားခြင်းသည် ဈေးနှုန်းသက်သာခြင်း၊ လူတန်းစားမရွေး စီးနင်းနိုင်ခြင်း၊ လူအများနှင့်အတူ ခရီးသွားလာရသဖြင့် မိတ်ဆွေတိုးပွားခြင်း စသည့်အကျိုးကျေးဇူးများရနိုင်သည်။ ထို့ပြင် မီးရထားနှင့် လုပ်ငန်းချင်းဆက်နွှယ်နေသည့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အပြန်အလှန်အထောက်အကူပေးနိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်ပေသည်။

သို့ဖြစ်ရာ မြန်မာ့မီးရထားလုပ်ငန်းသည် ခရီးသွားပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့သည့်အပြင် ခရီးလမ်းကြောင်းတစ်လျှောက် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိစေသည်။ နိုင်ငံတော်၏လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အဓိကကျသော မြန်မာ့မီးရထားသည် ယခုအခါ ခရီးသွားလာသူများ အဆင်ပြေချောမွေ့စေရန် ခေတ်မီရထားများပြေးဆွဲပေးလျက်ရှိသည့်အပြင် သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရန်အတွက် အထူးရထားများကို တိုးချဲ့ပြေးဆွဲမည်ဖြစ်ရာ ခရီးစဉ်အတွင်း နိုင်ငံကြီးသားပီသစွာ စည်းကမ်းတကျစီးနင်းလိုက်ပါခြင်းဖြင့် သယ်ယူပို့ဆောင်ရေးစနစ်ကောင်းတစ်ခုကို ဂုဏ်ယူစွာပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၇၈၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မြင်းမူ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၄၇၈၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၅၂၆၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လမှစတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၄၇၈၈ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၁ ဒသမ ၇၀ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မြေပဲ ၂၅၂၆၇ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိမှာတော့ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၁၄၇၈၈ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲ စိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မြင်းမူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးနှင့် ဖွဲရောင်းဝယ်ရေးပွဲရုံ ပိုင်ရှင် ဒေါ်ပပလင်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဖွဲနုများကို ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေး လုပ်ငန်းသုံး အစာများအဖြစ် အသုံးပြုကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လအတွင်း ၂၄ ပြည်ဝင်ဖွဲနုအိတ်ရေ ၅၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုကို ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ လက်ရှိလထဲမှာလဲ ဖွဲနုအိတ်တွေကို ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူအားများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်အဆိုင် လည်ပတ် လုပ်ကိုင်နေကြတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ အရောင်းအဝယ်ကောင်းလာတာပါ။ ဖွဲနုဝယ်ယူအားကောင်းလာတော့ တောင်သူတွေနဲ့ စက်သမားတွေလဲ အလုပ်အကိုင်တွေ အဆင်ပြေလာပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးနှင့် ဖွဲရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ပပလင်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသတွင်း မွေးမြူရေးပိုင်ရှင်များက အများဆုံး ဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၉၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပုသိမ်ကြီးမြို့နယ် ဟင်းရွက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပုသိမ်ကြီး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟင်းရွက်စုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၇ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ဟင်းရွက်စုကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၃၀ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ခုနစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို ငွေကျပ် ၃၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ညောင်ဦးမြို့နယ် အနောက်ဖွားစောကျေးရွာ၌ လူသုံးကုန်ပစ္စည်းဆပ်ပြာပြုလုပ်နည်းသင်တန်းဆင်းပွဲ ကျင်းပ

**ညောင်ဦး အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနောက်ဖွားစောကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း ဆပ်ပြာပြုလုပ်နည်း သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၈ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်သီရိဝင်းက အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း ဆပ်ပြာပြုလုပ်နည်းသင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကြသည်။

အဆိုပါ သင်တန်းသို့ အနောက်ဖွားစောကျေးရွာမှ သင်တန်းသား၊ သင်တန်းသူဦးရေ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် လူသုံးကုန်ပစ္စည်း ဆပ်ပြာပြုလုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာများကို နည်းပြဆရာများက စာတွေ့လက်တွေ့ဖြင့် အောက်တိုဘာ ၁၃ ရက်မှ ၁၈ ရက်ထိ အခမဲ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ရမည်းသင်းမြို့နယ် ထန်းပေါက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ရမည်းသင်း အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထန်းပေါက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက ထန်းပေါက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထန်းပေါက်ကုန်းကျေးရွာ၌ ကုန်ထုတ်လမ်း အရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ အမြင့် ကိုးလက်မရှိ ချင်းကျောက်ခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မူလခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၇၅ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ဝက်လက် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၆၀၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ဩဂုတ်လ ပထမပတ်မှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၅ တင်းကျော် ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နှမ်းဧက ၁၆၀၈၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိမှာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ ပိုးမွှားရောဂါကင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးဖို့အတွက် နည်းပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# သာစည်မြို့နယ် ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ချောက်ခွဲကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၂ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ချောက်ခွဲကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၂၃ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၁၄ ဒသမ ၂သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၈ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ရန်ပုံငွေကျပ် ၄၆ ဒသမ ၂သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၇၈၅ ဧက စိုက်ပျိုးမည်

**မြောင်းမြ အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၇၈၅ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၇၇၈၅ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက် စိုက်ပျိုးမှုကို နိုဝင်ဘာလ ပထမပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် မြေပြုပြင်ခြင်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်းမြမြို့နယ်အနေနဲ့ ဟင်းသီးဟင်းရွက် ၇၇၈၅ ဧကထိ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းဖို့ မျိုးစေ့ရွေးချယ်မှုမှန်ကန်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ တောင်သူတွေ စိုက်ပျိုးမဲ့ သီးနှံတွေမှာ ပိုးမွှားရောဂါကင်းရှင်းစေဖို့အပါအဝင် အခြားနည်းပညာပေးလုပ်ငန်းတွေကိုလဲ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးသွားပါမယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

မြောင်းမြမြို့နယ်၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်လာဥ၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ ကန်စွန်းပင်၊ ရုံးပတီ၊ ပဲပုစွန်၊ ရွှေဖရုံသီးနှင့် ဟင်းနုနယ် စသည့်သီးနှံများ စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# ဘဝတစ်သက်တာအတွက် ဗီတာမင် အပိုင်း(၂၄)

ပါမောက္ခကိုကိုအောင်



**အသက် ၅၀ ကျော်လာလျှင်**

အသက် ၅၀ ကျော်လာချိန်တွင် ဗီတာမင်နှင့် သတ္တုဓာတ် လိုအပ်ချက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်။ အသက် ၅၀ ကျော်လာချိန်တွင် ခန္ဓာကိုယ်၏ ဇီဝကမ္မ ဖြစ်စဉ်များက ပြောင်းလဲလာသည့်အားလျော်စွာ ဗီတာမင်နှင့် သတ္တုဓာတ် လိုအပ်ချက်များ သိသိသာသာ ပြောင်းလဲလာမှုကို အောက်ပါအတိုင်းလေ့လာနိုင်သည်။

**ဗီတာမင် B12 လိုအပ်ချက် မြင့်တက်လာခြင်း**

အကြောင်းရင်း – အစာအိမ်မှ အက်စစ်ထုတ်လုပ်မှုကျဆင်းလာခြင်း၊

သက်ရောက်မှု – B12 စုပ်ယူမှုလျော့နည်းလာခြင်း

အကြံပြုချက် – B12ဖြည့်စွက်စာများသောက်သုံးရန်

**ဗီတာမင် D လိုအပ်ချက်ပိုမိုလာခြင်း**

အကြောင်းရင်း – အရေပြားမှ ဗီတာမင် D ထုတ်လုပ်နိုင်စွမ်းကျဆင်းလာခြင်း၊

သက်ရောက်မှု – အရိုးပွရောဂါဖြစ်နိုင်ခြေ မြင့်တက်လာခြင်း၊

အကြံပြုချက် – ဗီတာမင် D3 ဖြည့်စွက်စာများ သောက်သုံးရန်၊

**ကယ်လ်စီယမ် စုပ်ယူမှု ကျဆင်းလာခြင်း**

အကြောင်းရင်း– အူ၏ကယ်လ်စီယမ်စုပ်ယူနိုင်စွမ်း လျော့နည်းလာခြင်း၊

သက်ရောက်မှု – အရိုးသိပ်သည်းဆ ကျဆင်းလာခြင်း၊

အကြံပြုချက် – နို့ထွက်ပစ္စည်းများကို ပိုမိုစားသုံးရန်၊

**ပရိုတင်းလိုအပ်ချက် မြင့်တက်လာခြင်း**

အကြောင်းရင်း – ကြွက်သားထုထည် ဆုံးရှုံးမှုကို ကာကွယ်ရန်၊

သက်ရောက်မှု – ဇရာကြောင့်ကြွက်သားဆုံးရှုံးခြင်း၊

အကြံပြုချက် – ပရိုတင်းဓာတ် ကြွယ်ဝသော အစားအစာများ စားသုံးရန်၊

**အခြားသတ္တုဓာတ်များ**

သွေးဆုံးပြီး အမျိုးသမီးများတွင် သံဓာတ်လိုအပ်ချက်က လျော့နည်းသွားနိုင်သည်။ ကိုယ်ခံအားစနစ်အတွက် အရေးပါသောဇင့်ဓာတ်ကို စုပ်ယူမှုကျဆင်းလာနိုင်ပြီး နှလုံးကျန်းမာရေးနှင့် အရိုးကျန်းမာရေးအတွက် အရေးပါသောမဂ္ဂနီစီယမ်ကို ပိုမိုလိုအပ်လာသည်။

**အကြံပြုချက်များ**

အာဟာရပညာရှင်နှင့် တိုင်ပင်ပါ။

ပုံမှန်သွေးစစ်ဆေးမှုများ ပြုလုပ်ပါ။

သဘာဝအစားအစာများထံမှ အာဟာရဓာတ်ကို ရယူပါ။

ဆရာဝန်၏ညွှန်ကြားချက်ဖြင့် ဖြည့်စွက်စာများ သောက်သုံးပါ။

အသက် ၅၀ ကျော်လာချိန်တွင် အာဟာရဓာတ်များ စုပ်ယူမှုစွမ်းရည်ကျဆင်းလာသောကြောင့် ဖြည့်စွက်စာများ လိုအပ်နိုင်သည်။

ဆရာဝန်နှင့် တိုင်ပင်ပြီးမှသာ ဖြည့်စွက်စာများကို သောက်သုံးသင့်သည်။

**အသက် ၇၀ ကျော်လာလျှင်**

အသက် ၇၀ ကျော်လာချိန်၌ ဦးနှောက်ထဲသို့ အောက်ဆီဂျင်ရောက်ရှိမှုက လျော့နည်းလာလေ့ရှိသည်။ ထိုကဲ့သို့သော အခြေအနေကိုဖြစ်စေသည့် အကြောင်းရင်းက များစွာရှိနေတတ်သည်။ ဦးနှောက်ဆီသို့ အောက်ဆီဂျင်ရောက်ရှိမှု လျော့နည်းလာရခြင်း အကြောင်းရင်းများကို အောက်ပါအတိုင်း လေ့လာနိုင်သည်။

**သွေးကြော အဆီဖုံး၍ ကျဉ်းမြောင်းလာခြင်း**

အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများက မာကြောလာပြီး ပြွန်များက ကျဉ်းမြောင်းလာကာ ဦးနှောက်သို့ သွေးစီးဆင်းမှုက နည်းပါးလာနိုင်သည်။

**နှလုံး၏ ညှစ်အား လျော့နည်းလာခြင်း**

နှလုံး၏ သွေးညှစ်ထုတ်နိုင်စွမ်းအား လျော့နည်းလာခြင်းကြောင့် ဦးနှောက်အပါအဝင် ခန္ဓာကိုယ်တစ်ခုလုံးသို့ သွေးနှင့်အတူ အောက်ဆီဂျင်ပို့ဆောင်နိုင်စွမ်းက ကျဆင်းလာသည်။

**အဆုတ်၏ လုပ်ဆောင်ချက် ကျဆင်းလာခြင်း**

အသက်ရှူထုတ်လုပ်ငန်းစဉ်၏ အဓိကအစိတ်အပိုင်းဖြစ်သည့် အဆုတ်၏လုပ်ဆောင်မှုစွမ်းအား ကျဆင်းလာသောကြောင့် လိုအပ်သည့်အောက်ဆီဂျင်ပမာဏကို ကောင်းစွာမရရှိနိုင်တော့ခြင်းက သွေးထဲ၌ အောက်ဆီဂျင်၏ပမာဏကို လျော့နည်းကျဆင်းစေသည်။

> ❖ ဗီတာမင် B3 က ကောင်းမွန်သော ကိုလက်စထရော(HDL) ကို မြင့်တက်စေကာ သွေးကြောကျဉ်းခြင်းမှ ကာကွယ်ပေးနိုင်သည်။ ဗီတာမင် C နှင့် ဗီတာမင် E တို့က ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ အဖြစ်ဆောင်ရွက်ပြီး သွေးကြောနံရံများ ပျက်စီးခြင်းမှကာကွယ်ပေးကာ သွေးစီးဆင်းမှုကို ကောင်းမွန်စေသည်။ Omega-3 / Fatty Acids က သွေးကြောထဲတွင် သွေးခဲနိုင်ခြေကိုလျှော့ချပေးပြီး သွေးစီးဆင်းမှုကို ညီညွတ်မျှတစွာ ထိန်းညှိပေးသည်။ ❖

**သွေးအားနည်းရောဂါ**

သံဓာတ်ချို့တဲ့မှုကြောင့် သွေးနီဥဆဲလ်အရေအတွက်ကနည်းပါးလာသည့်အတွက် အောက်ဆီဂျင်သယ်ဆောင်နိုင်စွမ်းကလည်း ကျဆင်းလာသည်။

**ဗီတာမင်နှင့် သတ္တုဓာတ်များ**

ဗီတာမင်နှင့် သတ္တုဓာတ်များက အထက်ပါပြဿနာများကို တိုက်ရိုက်ဖြေရှင်းခြင်းမပြုနိုင်သော်လည်း အောက်ပါနည်းလမ်းများဖြင့် သွယ်ဝိုက်စွာ အကူအညီပေးနိုင်သည်။

**သွေးအားကောင်းစေခြင်း (သံဓာတ်၊ ဗီတာမင် B12 ၊ ဖောလိတ်)**

သံဓာတ်၊ ဗီတာမင် B12 နှင့် ဖောလစ်အက်စစ်တို့သည် သွေးနီဥဆဲလ်များ ဖွဲ့စည်းရာတွင် အဓိကအခန်းကဏ္ဍ၌ ပါဝင်ကြသည်။ သွေးနီဥဆဲလ်များ ကောင်းစွာ ဖွဲ့စည်းနိုင်ခြင်းဖြင့် အောက်ဆီဂျင်သယ်ဆောင်ရေးယာဉ်များကို ပိုမိုများပြားလာစေပြီး ဦးနှောက်သို့ အောက်ဆီဂျင် ပိုမိုရောက်ရှိစေနိုင်သည်။

**သွေးကြောကျန်းမာရေး(ဗီတာမင် B3 ၊ ဗီတာမင် C၊ ဗီတာမင် E ၊ Omega–3)**

ဗီတာမင် B3 က ကောင်းမွန်သော ကိုလက်စထရော(HDL)ကို မြင့်တက်စေကာ သွေးကြောကျဉ်းခြင်းမှ ကာကွယ်ပေးနိုင်သည်။ ဗီတာမင် C နှင့် ဗီတာမင် E တို့က ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအဖြစ်ဆောင်ရွက်ပြီး သွေးကြောနံရံများ ပျက်စီးခြင်းမှ ကာကွယ်ပေးကာ သွေးစီးဆင်းမှုကို ကောင်းမွန်စေသည်။

Omega–3 / Fatty Acids က သွေးကြောထဲတွင် သွေးခဲနိုင်ခြေကို လျှော့ချပေးပြီး သွေးစီးဆင်းမှုကို ညီညွတ်မျှတစွာ ထိန်းညှိပေးသည်။

**အာရုံကြောဆဲလ်များကျန်းမာရေး(ဗီတာမင် B အုပ်စု)**

ဗီတာမင် B1 ၊ ဗီတာမင် B6 ၊ ဗီတာမင် B12 စသော B အုပ်စုဝင် ဗီတာမင်များက အာရုံကြောဆဲလ်များ၏အကာအရံကို ကာကွယ်ပေးပြီး အာရုံကြောဆဲလ်များက အောက်ဆီဂျင်နည်းပါးမှုဒဏ်ကို ခံနိုင်ရည်ရှိစေရန် ကူညီပေးသည်။

**ဆဲလ်အဆင့် ဇီဝကမ္မဖြစ်စဉ် (Coenzyme Q10 မဂ္ဂနီစီယမ်)**

Coenzyme Q10 က ဆဲလ်ထဲရှိအစိတ်အပိုင်းငယ်များ၏ လုပ်ငန်းစဉ်ကိုအားပေးပြီး အောက်ဆီဂျင်ကို စွမ်းအင်အဖြစ် ထိရောက်စွာ အသုံးချနိုင်စေရန် ကူညီပေးသည်။

မဂ္ဂနီစီယမ်က သွေးကြောများကို ပြေလျော့စေကာ သွေးစီးဆင်းမှုကို ကောင်းမွန်စေသည်။

အချုပ်အားဖြင့် အသက် ၇၀ ကျော်လာချိန်တွင် ဦးနှောက်ဆီသို့ အောက်ဆီဂျင်ရောက်ရှိမှု လျော့နည်းလာခြင်းသည် အသက်အရွယ်အလိုက် ပုံမှန်ဖြစ်စဉ်တစ်ခုဖြစ်သော်လည်း သင့်တင့်မျှတသော အာဟာရဓာတ်များကို မှီဝဲသုံးဆောင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း (လမ်းလျှောက်ခြင်း၊ ယောဂကျင့်ခြင်း)နှင့် စိတ်ဖိစီးမှုလျှော့ချခြင်းတို့ဖြင့် ဤဖြစ်စဉ်ကို နှေးကွေးအောင် ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ဖြည့်စွက်စာများ စားသုံးရန် လိုအပ်ပါကမူ ဆရာဝန်နှင့် တိုင်ပင်ပြီးမှသာ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ်ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး



**ရွှေဘို အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲကေ ၁၀၆၀၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၄၂ ဒသမ ၂၅ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ မြေပဲကေ ၁၀၆၀၀ ထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲခင်းတွေ အခုလက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲတွေ စိုက်ပျိုးချိန်မှာလဲ လျာထားကေထက် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက် စိုက်ပျိုးလာကြပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ပျိုးရာတွင် တစ်ကေကို မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခများနှင့် မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ကုန်ကျစရိတ် ငွေကျပ် နှစ်သိန်းကျော်ရှိပြီး တစ်ကေစိုက်ပျိုးပါက တင်း ၄၀ ကျော် ထွက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းရှင်းစေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများ ယူခြင်းတို့ကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

## မိုးညိုမြို့နယ် ပေါက်ကုန်းကျေးရွာ၌ VRFPစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးညို အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ကုန်းကျေးရွာ၌ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၄၉ ဒသမ ၄ သန်းကို ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ပေါက်ကုန်းကျေးရွာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၉ ဦးကို ငွေကျပ် ၄၈ ဒသမ ၆၅ သန်းနှင့် စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၇၅သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ ကို ငွေကျပ် ၄၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်ထံမှ သိရသည်။

**အေးမြတ်**

## ကြာပွင့်ချိန်

\- အရဏ်တက်ခါ မြကန်သာသို့
စန္ဒာနှုတ်ဆက် နေဝန်းထွက်ကာလာခဲ့ပြီ။

\- ကြက်ဦးတွန်သံ ထောင်နားခံ၍
တစ်ဖန်နေ့သစ် တံခါးဖွင့်သို့ပွင့်ခဲ့ပြီ။

\- နံနက်ခင်းတွင် ကန်ရေပြင်က
ကြည်လင်အေးမြ လေပြည်ခ၍လုခဲ့ပြီ။

\- မြကန်သာမှ နိုးထဖူးငုံ
ကြာမျိုးစုံတို့ နံ့ထုံကြိုင်သင်းသွင်းတော့သည်။

\- ကန်ရေပြင်မှာ ကြာနီပြာတို့
ဝေဆာပွင့်လန်း အလှဆန်းလို့တင့်လျှမ်းပြီ။

\- ပိတုန်းလိပ်ပြာ ပျားလည်းပါမို့
မှန်စွာဆက်ဆက် တောင်ပံသွက်ဆဲဝဲခဲ့ပြီ။

\- ကြာဝတ်ဆံစား ကြာလွှာကြားတွင်
နေနားကူးလူး ရွှင်ရွှင်မြူးပျော်မော်ခဲ့ပြီ။

\- ကြာပွင့်ချိန်မှာ မြကန်သာ၏
သာယာပုံဆန်း ကြာပွင့်ပန်းကို
လက်လှမ်းချူကြ ကြာခိုင်လှတို့
ဦးစွဦးတင် ဘုရားရှင်ထံ
အပ်နှံလှူဒါန်း သီလပန်းဆင်
မေတ္တာဝင်သော် နံ့လွင်ကြာသို့ မွှေးမည်ကို...။ ။

**မန်းတင့်မော်**

## အမရပူရမြို့နယ် လက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ အောက်တိုဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပပအေးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက လက်သစ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိမရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

လက်သစ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် သုည ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁ ဦးကို ငွေကျပ် ၂ ဒသမ ၄ သန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၈ ဒသမ ၉ သန်း၊ အသေးစားလုပ်ငန်း လုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ၇ ဒသမ ၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၄ ဦးကို ရန်ပုံငွေကျပ် သန်း ၂၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာလည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ယူကရိန်းစစ်ရေးပဋိပက္ခပြီးဆုံးရေးအတွက် အမေရိကန်၊ တရုတ်၊ ရုရှားနိုင်ငံတို့ သုံးပွင့်ဆိုင် ဆွေးနွေးရန် သမ္မတပူတင်အဆိုပြု

**မော်စကို အောက်တိုဘာ ၁၉**

လေးနှစ်ကျော် ကြာမြင့်နေပြီဖြစ်သော ယူကရိန်းစစ်ရေးပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၊ တရုတ်သမ္မတ ရှီကျင့်ဖျင်တို့နှင့် သုံးပွင့်ဆိုင်ထိပ်သီး ဆွေးနွေးပွဲကျင်းပရန် ရုရှားသမ္မတပူတင်က အဆိုပြုထားသည်ဟု အမေရိကန်မီဒီယာများက အောက်တိုဘာ ၁၈ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ရုရှားသမ္မတပူတင်တို့ကြား ဆက်ဆံရေးနွေးထွေးလာချိန်တွင် ယူကရိန်းစစ်ရေးပဋိပက္ခပြီးဆုံးရေးအတွက် သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲ ကျင်းပရေးအဆိုပြုချက် ပေါ်ထွက်လာခြင်းဖြစ်သည်။

အမေရိကန် သမ္မတဒေါ်နယ်ထရမ့်သည် ရုရှားနိုင်ငံနှင့် ဒီဇယ်ဆီများ ဝယ်ယူရေးသဘောတူညီချက်တစ်ရပ်ကို ကြေညာထားပြီး ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း ရုရှားအပေါ်ချမှတ်ထားသည့် အဓိကစီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးထားသည့် အထူးအမိန့် ဒီကရီတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

သမ္မတပူတင်၏ အဆိုပြုချက်အရ အဆိုပါ သုံးပွင့်ဆိုင်ထိပ်သီးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်ထိ တရုတ်နိုင်ငံ ရှန်ကျန်းမြို့၌ ကျင်းပမည့် အာရှ-ပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့(အေပက်) ထိပ်သီးညီလာခံကာလအတွင်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# အစ္စရေးရွေးကောက်ပွဲအတွက် ဝန်ကြီးချုပ် နေတန်ယာဟုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ထောက်ခံမှုပေးထား



**နယူးယောက် အောက်တိုဘာ ၁၉**

လာမည့် ရက်သတ္တပတ်အတွင်း ကျင်းပမည့် အစ္စရေးအထွေထွေ ရွေးကောက်ပွဲများအတွက် လက်ရှိ ဝန်ကြီးချုပ်နေတန်ယာဟုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၈ ရက်တွင် ထောက်ခံမှုပေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုသည် လာမည့် အထွေထွေ ရွေးကောက်ပွဲ၌ နိုင်ငံရေးပြိုင်ဘက်များကို အသာစီးရယူနိုင်ရေးအတွက် ရုန်းကန်နေရသည်။

သို့ရာတွင် ဝန်ကြီးချုပ်နေတန်ယာဟုကို စစ်သည်တော် ဝန်ကြီးချုပ်အဖြစ်၊ ငြိမ်းချမ်းရေးမိတ်ဖက်တစ်ဦးအဖြစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အောက်တိုဘာ ၁၈ ရက်တွင် ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ထို့ပြင် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က အီရန်ကို စစ်ရေးအရ တိုက်ခိုက်ရာတွင် အမေရိကန်နှင့် ပူးပေါင်း ပါဝင်ခဲ့သည့်အတွက်လည်း သမ္မတဒေါ်နယ်ထရမ့်က ဝန်ကြီးချုပ် နေတန်ယာဟုကို ဂုဏ်ပြုခဲ့သည်။

ဝန်ကြီးချုပ် နေတန်ယာဟုသည် ပြင်းထန်ခက်ခဲသော အခြေအနေများကို သတ္တိရှိရှိ၊ ထက်ထက်မြက်မြက် ရင်ဆိုင်ခဲ့သူဖြစ်ရာ လာမည့် အစ္စရေးရွေးကောက်ပွဲအတွက် ၎င်းကို အပြည့်အဝအားပေးထောက်ခံကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်နိုင်ငံ ပေကျင်းမြို့ ၂၀၃၅ ခုနှစ်အရောက်တွင် သက်ကြီးလူဦးရေ အလွန်မြင့်တက်လာနိုင်

**ပေကျင်း အောက်တိုဘာ ၁၉**

တရုတ်နိုင်ငံ ပေကျင်းမြို့သည် ၂၀၃၅ ခုနှစ် အရောက်တွင် သက်ကြီးလူဦးရေ အလွန်မြင့်မားသော မြို့တော်ကြီး ဖြစ်လာနိုင်သည်ဟု တရုတ်မီဒီယာများက ယနေ့တွင် သတင်း ထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

၂၀၃၅ ခုနှစ် အရောက်တွင် ပေကျင်းမြို့ လူဦးရေ စုစုပေါင်း၏ သုံးပုံ တစ်ပုံခန့်မှာ အသက် ၆၀ နှင့်အထက် သက်ကြီးပိုင်းများဖြစ်လာနိုင်ကြောင်း တရုတ်မီဒီယာများ၏ အဆိုအရ သိရသည်။

တရုတ်အစိုးရ၏ မူဝါဒရေးဆွဲချမှတ်သူများသည် နိုင်ငံစီးပွားရေး မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းအဖြစ် လူဦးရေစီမံချက်ကို ရေးဆွဲထားကြသည်။

ပေကျင်းနေ့စဉ် သတင်းစာ၏ ခန့်မှန်းချက်အရ ၂၀၃၅ ခုနှစ် အရောက်တွင် ပေကျင်းမြို့၌ နေထိုင်သူသုံးဦးလျှင် တစ်ဦးမှာ အသက် ၆၀ နှင့်အထက် သက်ကြီးပိုင်း ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် ပေကျင်းမြို့၏ လူဦးရေ စုစုပေါင်း အနက် လေးပုံ တစ်ပုံခန့် သို့မဟုတ် ၅ ဒသမ ၂၉ သန်းတို့မှာ အသက် ၆၀ နှင့် အထက်ရှိသူများဖြစ်ကြကြောင်း ပေကျင်းရီးဗျူးသတင်းစာက ရေးသားထားသည်။

တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၂၂ ခုနှစ်နောက်ပိုင်း လျော့နည်းလာခဲ့ပြီး သက်ကြီးပြည်သူလူဦးရေလည်း လျင်မြန်စွာ မြင့်တက်လာခဲ့ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ဂျပန်အစိုးရအပေါ် လူထုထောက်ခံမှုနှုန်း ကျဆင်း



**တိုကျို အောက်တိုဘာ ၁၉**

ဝန်ကြီးချုပ် တာကာအိချီ ဦးဆောင်သော ဂျပန်အစိုးရအဖွဲ့ အပေါ် ပြည်သူထောက်ခံမှုနှုန်းမှာ ၅၀ ရာခိုင်နှုန်းအောက်သို့ ကျဆင်းလာခဲ့သည်ဟု ဂျပန်ပြည်တွင်း မီဒီယာများက အောက်တိုဘာ ၁၈ ရက်တွင် သတင်း ထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျပန်အစိုးရလက်ရှိ ရရှိထားသော လူထုထောက်ခံမှုနှုန်းသည် ဝန်ကြီးချုပ်ရာထူးကို တာကာအိချီ ရယူခဲ့ပြီးနောက် အနိမ့်ဆုံးလူထုထောက်ခံမှုနှုန်း ဖြစ်သည်။

အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်ကြား ပြုလုပ်ခဲ့သည့် လူထုသဘောထား စစ်တမ်းကောက်ခံချက်ရလဒ်များအရ ဝန်ကြီးချုပ် တာကာအိချီ ဦးဆောင်သော ဂျပန်အစိုးရအဖွဲ့ရရှိထားသည့် လူထုထောက်ခံမှု ရာခိုင်နှုန်းမှာ ၄၉ ဒသမ ၁ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ကြောင်း သိရသည်။

အဆိုပါ လူထုသဘောထားစစ်တမ်းကောက်ခံချက်ကို ဂျပန်ပြည်တွင်းသတင်းဌာန တစ်ခုဖြစ်သည့် ကျိုဒိုသတင်းဌာနက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်အစိုးရ လယ်ယာဝန်ကြီးဌာန ဝန်ကြီးကာဇူအိုယာနာ ရာထူးမှ နုတ်ထွက်ခဲ့မှုနှင့် ပတ်သက်၍ ဝန်ကြီးချုပ် တာကာအိချီ၏ တုံ့ပြန်ပုံ နှေးကွေးခဲ့မှုကြောင့် ဂျပန်အစိုးရအပေါ် လူထုထောက်ခံမှုနှုန်း ကျဆင်းလာခြင်း ဖြစ်နိုင်သည်ဟု ကျိုဒိုသတင်းဌာနက သုံးသပ်ထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ကနေဒါနိုင်ငံ အယ်လ်ဘာတာ ပြည်နယ်စစ်စခန်း၌ တောမီးကူးစက်မှုကြောင့် တပ်ဖွဲ့ဝင် လေးဦးသေဆုံး

**အော့တဝါ အောက်တိုဘာ ၁၉**

ကနေဒါနိုင်ငံ အယ်လ်ဘာတာ ပြည်နယ်စစ်စခန်းတစ်ခု၌ ကနေဒါ တပ်ဖွဲ့ဝင်များ ကျည်စစ်သုံး တိုက်ပွဲဝင်လေ့ကျင့်မှုများ ပြုလုပ်နေစဉ် လျင်မြန်စွာကူးစက်ခဲ့သော မြက်တောမီး လောင်မှုကြောင့် တပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ရကြောင်း ကနေဒါတပ်မတော်က အောက်တိုဘာ ၁၈ ရက်တွင် သတင်း ထုတ်ပြန်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။



ထို့ပြင် အောက်တိုဘာ ၁၇ ရက် တောမီးကြောင့် ၃၉ ဦးဒဏ်ရာရရှိခဲ့ပြီး ၁၉ ဦးမှာ အခြေအနေ စိုးရိမ်ရကြောင်း သိရသည်။

အဆိုပါ တောမီးသည် ဝိန်းရိုက်စစ်စခန်း၏ တစ်ကီလိုမီတာအကွာတွင် မီးလောင်နေသည့် တောမီး ဖြစ်သော်လည်း လေကြောင်း ပြောင်းလဲမှုကြောင့် စစ်စခန်း၏ လေ့ကျင့်ရေး နယ်မြေဆီသို့ ၃၆ စက္ကန့်အတွင်း ကူးစက်ရောက်ရှိလာခြင်းဖြစ်ကြောင်း ကနေဒါတပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

လေ့ကျင့်ရေး နယ်မြေဆီသို့ တစ်နာရီလျှင် မိုင် ၆၀ ထိရှိသော လေတိုက်နှုန်းကြောင့် တောမီးမှာ ဝိန်းရိုက် စစ်စခန်း လေ့ကျင့်ရေးနယ်မြေသို့ လျင်မြန်စွာ ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

မီးကူးစက်လာချိန်တွင် ထိုနယ်မြေအတွင်း ကနေဒါတပ်ဖွဲ့ဝင် ၈၅ ဦး စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေသည်ဟု ကနေဒါတပ်မတော် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။ Ref : RT

Trs : KKO

# WISE 0855 နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းက မူလတွေးထင်ထားသည်ထက် ကမ္ဘာဂြိုဟ်နှင့်ပိုတူနေ



**ဝါရှင်တန် အောက်တိုဘာ ၁၉**

WISE 0855 အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းသည် မူလ တွေးထင်ထားသည်ထက် ကမ္ဘာဂြိုဟ်နှင့်ပိုတူနေကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၈ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

WISE 0855 ဂြိုဟ်သည် ထုပြောင်းလဲမှုရှိသည့် ရေငွေ့တိမ်တိုက်များ ပိုင်ဆိုင်ထားရာ ၎င်းဂြိုဟ်၏ ရာသီဥတုမှာ တဖြည်းဖြည်း ပြောင်းလဲသွားတတ်သည့် သဘောရှိကြောင်း အမေရိကန်နိုင်ငံ အရီဇိုးနားတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

WISE 0855 ဂြိုဟ်သည် ကမ္ဘာဂြိုဟ်နှင့် အလင်းနှစ် ၇ ဒသမ ၅ နှစ်သာ ကွာဝေးသော အညိုရောင်ဂြိုဟ်ပုတစ်စင်း ဖြစ်ကြောင်း သိသည်။

၎င်းဂြိုဟ်ကို ၂၀၁၄ ခုနှစ်တွင် အမေရိကန်သိပ္ပံပညာရှင် ကီဗင် ဒူးမင်းက WISE အာကာသရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

WISE 0855 ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကြာသပတေးဂြိုဟ်၏ အရွယ်အစားတမျှရှိကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

အဆိုပါဂြိုဟ်သည် ရေငွေ့တိမ်တိုက်များ ပိုင်ဆိုင်ထားသည့်တိုင် သက်ရှိများ ရှင်သန်ရေးအတွက် မဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# Rocket Lab ကုမ္ပဏီက နျူထရွန်ဒုံးပျံသစ် စမ်းသပ်လွှတ်တင်မည့်အချိန်ကို ၂၀၂၇ ခုနှစ်အတွင်းသို့ နောက်ဆုတ်ထား

**ဝါရှင်တန် အောက်တိုဘာ ၁၉**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အခြေစိုက် Rocket Lab ကုမ္ပဏီသည် နျူထရွန်ဒုံးပျံသစ် စမ်းသပ်လွှတ်တင်မည့်အချိန်ကို ၂၀၂၇ ခုနှစ်အတွင်းသို့ နောက်ဆုတ်ထားကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Rocket Lab ကုမ္ပဏီသည် မူလက နျူထရွန်ဒုံးပျံကို ယခုနှစ်နှစ်ကုန်ပိုင်းတွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

နျူထရွန်ဒုံးပျံသည် Rocket Lab ကုမ္ပဏီက လက်ရှိအသုံးပြုနေသည့် အီလက်ထရွန်ဒုံးပျံထက် စွမ်းဆောင်ရည် ပိုမြင့်မားပြီး တစ်စိတ်တစ်ပိုင်း ပြန်လည်အသုံးပြုနိုင်သည့် ဒုံးပျံအမျိုးအစားဖြစ်ကြောင်း သိရသည်။

သို့ရာတွင် Rocket Lab ကုမ္ပဏီသည် တည်ဆောက်ထုတ်လုပ်မှုပိုင်းဆိုင်ရာ ပြဿနာများကြောင့် နျူထရွန်ဒုံးပျံလွှတ်တင်မည့်အစီအစဉ်ကို ၂၀၂၇ ခုနှစ်အတွင်းသို့ နောက်ဆုတ်ထားခြင်းဖြစ်ကြောင်း သိရသည်။



Rocket Lab ကုမ္ပဏီသည် နျူထရွန်ဒုံးပျံကို ၂၀၂၄ ခုနှစ်ကပင် လွှတ်တင်ရန် စီစဉ်ထားခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် လွှတ်တင်မည့်အချိန်ကို အကြိမ်ကြိမ် ရွှေ့ဆိုင်းခဲ့ရကြောင်း သိရသည်။

နျူထရွန်ဒုံးပျံမှာ ကိုယ်ထည်အလျား ၁၄၃ ပေရှိပြီး ပထမအဆင့် ပင်မဒုံးယာဉ်ကို အကြိမ်ကြိမ်ပြန်လည် အသုံးချနိုင်ရေးအတွက် ပုံစံထုတ် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# ဒိုဒို ခေါ် ငှက်ကြီးများ ပြန်လည်အသက်သွင်းရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ကို သိပ္ပံပညာရှင်များက အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၉**

မျိုးသုဉ်းပျောက်ကွယ်သွားပြီဖြစ်သော ဒိုဒို ခေါ် ငှက်ကြီးများကို ပြန်လည်အသက်သွင်းရေးအတွက် အဓိကခြေလှမ်းတစ်ရပ်ကို သိပ္ပံပညာရှင်များက အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်ဟု အောက်တိုဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ အခြေစိုက် Colossal Biosciences နည်းပညာကုမ္ပဏီမှ သိပ္ပံပညာရှင်များသည် လူ့ဉာဏ်ရည်တု နည်းပညာကို အသုံးပြု၍ ဒိုဒိုငှက်ကြီးများ၏ တမူထူးခြားသော သွင်ပြင်လက္ခဏာများနှင့် ဆက်စပ်နေသည့် မျိုးဗီဇရာပေါင်းများစွာကို ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရသည်။

မိမိတို့အနေဖြင့် ဉာဏ်ရည်တုနည်းပညာကိုအသုံးပြု၍ ဒိုဒိုငှက်ကြီးများ၏ ဦးခွံနှင့်နှုတ်သီးဆိုင်ရာ မျိုးဗီဇအခြေခံမော်လီကျူး ၂၃၀၀ ကျော်ကို ရှာဖွေနိုင်ခဲ့သည်ဟု Colossal Biosciences ကုမ္ပဏီမှ သိပ္ပံပညာရှင်များက ပြောကြားထားကြောင်း သိရသည်။

အထက်ပါမျိုးဗီဇအခြေခံ မော်လီကျူးများကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ဒိုဒိုငှက်ကြီးများ၏ အထင်ရှားဆုံး သွင်ပြင်လက္ခဏာများကို ပြန်လည်ဖန်တီးရေးအတွက် မျိုးဗီဇမြေပုံကို ရေးဆွဲနိုင်မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

ဒိုဒိုငှက်ကြီးများသည် အိန္ဒိယသမုဒ္ဒရာဒေသ မောရစ်သျှကျွန်းစု၌ ရှင်သန်ကျက်စားခဲ့ကြသည့် ပျံသန်းနိုင်စွမ်းမရှိသော ငှက်ကြီးများဖြစ်သည်။

သို့ရာတွင် ဒိုဒိုငှက်ကြီးများသည် လူသားတို့၏ ပယောဂကြောင့် ၁၆၈၁ ခုနှစ်တွင် မျိုးသုဉ်းပျောက်ကွယ်ခဲ့ရကြောင်း သိပ္ပံပညာရှင်များ၏ အဆိုအရ သိရသည်။

Ref : Sputnik News

Trs : KKO

# သက်ကြီးပိုင်းများ နေ့လယ်ခင်းအိပ်စက်မှုက Dementia ရောဂါဖြစ်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် အောက်တိုဘာ ၁၉**

သက်ကြီးပိုင်းများ နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်စက်မှုသည် နောက်ပိုင်းကာလများ၌ ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ နေ့လယ်ခင်း တစ်ရေးတစ်မော အိပ်စက်မှုအကြိမ်ရေနှင့် အိပ်စက်မှုကြာချိန်တို့သည် Dementia ရောဂါ ဖြစ်ပွားနိုင်ခြေအပေါ် အကျိုးသက်ရောက်မှုရှိတတ်ကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် စမ်းသပ်မှုစတင်ချိန်တွင် Dementia ရောဂါမရှိသည့် အသက် ၆၅ နှစ်အရွယ် သက်ကြီးပိုင်း ၁၀၀၀ ကျော်တို့ကို ၁၀ နှစ်ကြာ အချိန်ယူလေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ နေ့စဉ်လိုလို နေ့လယ်ခင်း အိပ်စက်တတ်သူများသည် နေ့လယ်ခင်း မအိပ်စက်တတ်သူများနှင့် နှိုင်းယှဉ်ပါက Dementia ရောဂါဖြစ်နိုင်ခြေ ၄၈ ရာခိုင်နှုန်း ပိုမြင့်မားသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# Mebendazole ခေါ် သံချဆေးတစ်မျိုးက အဆုတ်ကင်ဆာကုသရာတွင် အထောက်အကူပြုနိုင်

**ဒူဘိုင်း အောက်တိုဘာ ၁၉**

Mebendazole ခေါ် သံချဆေးတစ်မျိုးသည် အဆုတ်ကင်ဆာရောဂါတစ်မျိုးကို ကုသရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကို ကိုးကား၍ အောက်တိုဘာ ၁၈ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ အာရ်အေကေ ဆေးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Mebendazole ဆေးကို Gefitinib အမည်ရှိ ကင်ဆာကုထုံးဆေးနှင့်တွဲဖက်ပေးပါက အဆုတ်ကင်ဆာဆဲလ်များ ဖွံ့ဖြိုးနိုင်စွမ်းကို လျှော့ချပေးနိုင်ကြောင်းသိရသည်။

သုတေသနပညာရှင်များသည် Mebendazoleနှင့်Gefitinib ဆေးနှစ်မျိုးတွဲကုထုံးကို ဓာတ်ခွဲခန်းအတွင်း၌ လူနာများ၏ အဆုတ်ကင်ဆာဆဲလ်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ကြသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အထက်ပါနှစ်မျိုးပေါင်းကုထုံးသည် အဆုတ်ကင်ဆာဆဲလ်များ၏ ဖွံ့ဖြိုးနိုင်စွမ်းကို ၃၈ ရာခိုင်နှုန်းခန့်ထိ လျှော့ချပေးနိုင်စွမ်းရှိကြောင်း သိရသည်။

ထို့ပြင် ယူအေအီးသုတေသနပညာရှင်များသည် Mebendazole နှင့် Gifitinib ဆေးနှစ်မျိုးပေါင်းကုထုံးကို ကြွက်များဖြင့်လက်တွေ့စမ်းသပ်ခဲ့ရာ အဆုတ်ကင်ဆာဆဲလ်များကြီးထွားရန်လိုအပ်သည့် အချိန်ကာလ ကြန့်ကြာသွားတတ်ကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

ယူအေအီး သုတေသနပညာရှင်များသည် အထက်ပါနှစ်မျိုးပေါင်းကုထုံးကို Gefitinib ဆေးယဉ်ပါးနေသည့် EGFR–Mutant Non Small Cell Lung Cancer ခေါ် ကင်ဆာရောဂါ တစ်မျိုးအတွက် ရည်ရွယ်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## ဝူဟန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချာဝါလင်စကာ ဆွတ်ခူး

ပေကျင်း အောက်တိုဘာ ၁၉

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် ဝူဟန်အိုးပင်း အမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ပိုလန်တင်းနစ်မယ် ချာဝါလင်စကာက ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း AGTP Tennis သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ချာဝါလင်စကာသည် ချန်ပီယံဆုဆွတ်ခူးနိုင်ခြေအဆင့်(၁၆) အဖြစ်သာ သတ်မှတ်ခံထား ရသော်လည်း ပြိုင်ပွဲတွင် ထိပ်တန်းကစားသမားများကို ကျော်ဖြတ်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ချာဝါလင်စကာသည် ၁၆ ဦး ထွက်အဆင့်တွင် အမေရိကန်ထိပ်တန်းတင်းနစ်မယ် ဂျိုစက်ကို အနိုင်ရခဲ့သကဲ့သို့ ကွာတားဖိုင်နယ် အဆင့်တွင်လည်း ဂရိတင်းနစ်မယ် ဆက်ကာရီကိုအနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

ဆက်လက်ပြီး ဆီမီးဖိုင်နယ်အဆင့်တွင်လည်း ချန်ပီယံဆု ဆွတ်ခူးနိုင်ခြေအဆင့်(၇) သတ်မှတ်ခံထားရသည့် ပိုလန်တင်းနစ်မယ် စဝီယာတက်ခ်ကိုအနိုင်ရပြီး ဗိုလ်လုပွဲအဆင့် တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ချာဝါလင်စကာသည် ဗိုလ်လုပွဲစဉ်အဖြစ် အောက်တိုဘာ ၁၈ ရက်တွင် အင်္ဂလန်တင်းနစ်မယ် ကာတယ်နှင့်ကစားခဲ့ရာ (၂-၆)၊ (၆-၄)၊ (၆-၂) ရလဒ်ဖြင့် အနိုင်ရပြီးနောက် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

Ref : AGTP Tennis
Trs : STA



## မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ရက်ထိ ဆက်လက် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲစဉ်များကို အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်ထိ ရန်ကုန်မြို့တွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြန်မာလိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်အဖြစ် အောက်တိုဘာ ၂၀ ရက်တွင် ရတနာပုံအက်ဖ်စီ အသင်းနှင့် ဒဂုံတာအသင်း၊ စစ်ကိုင်းယူနိုက်တက် အသင်းနှင့် သစ္စာအားမာန်အသင်း၊ အောက်တိုဘာ ၂၁ရက်တွင် ချင်းလန်းအက်ဖ်စီ အသင်းနှင့် ISPE အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရန်ကုန်စီးတီးအသင်း၊ မြဝတီအက်ဖ်စီ အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကစားမည်ဖြစ်သည်။

ဆက်လက်ပြီး အောက်တိုဘာ ၂၂ ရက်တွင် ဂလက်ဆီအက်ဖ်စီ အသင်းနှင့် ဖယ်ကွန်အက်ဖ်စီ အသင်း၊ ဟံသာဝတီယူနိုက်တက် အသင်းနှင့် ဧရာဝတီယူနိုက်တက် အသင်းတို့ အသီးသီးကစားမည် ဖြစ်သည်။

မြန်မာလိဂ်ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)အပြီးတွင် ISPE အသင်းက ရမှတ် ၄၄ မှတ်ဖြင့် အဆင့်(၁) နေရာတွင် ဦးဆောင်နေပြီး ရန်ကုန်ယူနိုက်တက် အသင်းကလည်း ၄၃ မှတ် တစ်မှတ်အကွာဖြင့် အဆင့်(၂) နေရာမှ ချန်ပီယံဆု အတွက် ဖိအားပေးလျက်ရှိနေကြောင်း သိရသည်။

STA

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀) တွင် ရန်ကုန်ယူနိုက်တက်အသင်းအနိုင်ရပြီး ဧရာဝတီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း သရေရလဒ်ထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၁၉



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များအဖြစ် ယနေ့ညနေပိုင်းက ပွဲစဉ်(၁၀)ပွဲစဉ်များကို ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းအနိုင် ရပြီး ဧရာဝတီအသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၁၀)ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ Star City အားကစားကွင်းတွင် ဧရာဝတီ အသင်းနှင့် ရတနာပုံအက်ဖ်စီ အသင်းတို့ ကစားခဲ့ရာ ဂိုးမရှိ သရေရလဒ် ထွက်ပေါ်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက YUSC အားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက် အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ရန်ကုန်ယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄၈ မိနစ်တွင် ဇင်မိုးပြည့်၊ ပွဲချိန် ၈၈ မိနစ်တွင် ဆွေမာအောင်၊ ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို သုံးမိနစ်တွင် မေသဇင်တို့က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ် (၁၀) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၀ ရက်တွင် ရန်ကုန်စီးတီးအသင်းနှင့် ISPE အသင်း၊ သစ္စာအားမာန်အသင်းနှင့် မြဝတီအက်ဖ်စီ အသင်းတို့ ဆက်လက် ကစားမည်ဖြစ်ကြောင်းသိရသည်။

STA

## လီဗာပူးအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိဟု ချဲလ်ဆီးအသင်းကခေါ်ယူရန် ပစ်မှတ်ထားနေသည့် ဖလိုရီယန်ဝုစ်ပြောကြား

လန်ဒန် အောက်တိုဘာ ၁၉

ချဲလ်ဆီးအသင်းက ခေါ်ယူရန် ပစ်မှတ်ထားနေသည့် လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား ဖလိုရီယန်ဝုစ်က လီဗာပူးအသင်းတွင် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသော်လည်း အသင်းမှထွက်ခွာရန် အစီအစဉ်မရှိဟု ပြောကြားခဲ့ကြောင်း Livescores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၃ နှစ်ရှိ ဖလိုရီယန်ဝုစ်သည် လေဗာကူဆင်အသင်းတွင် ကစားခဲ့စဉ်က ထိပ်တန်းအဆင့်ရှိ ခြေစွမ်းပြသခဲ့သော်လည်း ၂၀၂၅ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရသူဖြစ်သည်။

ဖလိုရီယန်ဝုစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၉ ပွဲကစားခဲ့ရာ သွင်းဂိုး ခုနစ်ဂိုးနှင့် ဂိုးဖန်တီးမှု ရှစ်ကြိမ်သာ လုပ်ဆောင်ခဲ့ပြီး ခြေစွမ်းပြသနိုင်ရန် ရုန်းကန်ခဲ့ရကာ ယခုနှစ် ဘောလုံးရာသီတွင်လည်း ပြိုင်ပွဲစုံကိုးပွဲကစားပြီးချိန်တွင် သွင်းဂိုးတစ်ဂိုးမျှ သွင်းယူနိုင်ခြင်းမရှိသေးဘဲ ဂိုးဖန်တီးမှုသုံးကြိမ်တည်းသာ လုပ်ဆောင်ထားပြီး ရုန်းကန်နေရခြင်းဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ချဲလ်ဆီးအသင်းနည်းပြ အလွန်ဆိုက လိုအပ်ချက်ရှိနေသည့် အသင်းကွင်းလယ်ပိုင်း အတွက် လေဗာကူဆင် အသင်းကို ကိုင်တွယ်စဉ်က လက်တွဲခဲ့ဖူးသည့် ဖလိုရီယန်ဝုစ်ကို ချဲလ်ဆီး အသင်းထံ ခေါ်ယူရန်ကြိုးပမ်းနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ကစားသမားကိုယ်တိုင်က လီဗာဖူးအသင်းမှ ထွက်ခွာရန်အစီအစဉ်မရှိဘဲ အသင်းနှင့် အောင်မြင်မှုရရှိရန်သာကြိုးပမ်းမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Livescores
Trs : STA

## တိုင်ဆန်ဖြူရီ၏ထိုးသတ်ပုံနှင့်ပတ်သက်ပြီး ပြိုင်ဘက် အန်သိုနီဂျိုရှုအာ ဝေဖန်ပြောကြား

လန်ဒန် အောက်တိုဘာ ၁၉

ဗြိတိန် လက်ဝှေ့သမားများဖြစ်သည့် အန်သိုနီဂျိုရှုအာက မကြာမီ ထိုးသတ်မည့်ပြိုင်ဘက် တိုင်ဆန်ဖြူရီ၏ ထိုးသတ်ပုံနှင့်ပတ်သက်ပြီး ဝေဖန်ပြောကြားခဲ့ကြောင်း Boxing Forever သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

တိုင်ဆန်ဖြူရီနှင့် အန်သိုနီဂျိုရှုအာတို့သည် လာမည့် ဒီဇင်ဘာ ၁၁ ရက်တွင် ဝေးလ်နိုင်ငံ ကာဒစ်ဖ်မြို့၌ ထိုးသတ်မည်ဖြစ်ပြီး အန်သိုနီဂျိုရှုအာက ယနေ့ ပြုလုပ်ခဲ့သည့် အင်တာဗျူး အစီအစဉ်တစ်ခုတွင် တိုင်ဆန်ဖြူရီ၏ထိုးသတ်ပုံနှင့်ပတ်သက်ပြီး ဝေဖန်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။




အန်သိုနီဂျိုရှုအာက "တိုင်ဆန်ဖြူရီက လက်ဝှေ့ပွဲတွေမှာ ထိုးသတ်ဖို့ထက် ကြိုးဝိုင်းထဲမှာ ပြေးနေတတ်သူပါ။ သူက သူ့ထိုးကိုယ်ထိုး ထိုးဖို့ထက် ဒိုင်အမှတ်တွေကိုသာ အားကိုးနေတဲ့လက်ဝှေ့သမားပါ။ ကျွန်တော်ကတော့ ပရိသတ်တွေ စိတ်ကြိုက်ဖြစ်အောင် သူထိုး ကိုယ်ထိုး ထိုးချင်ပါတယ်။ ပရိသတ်တွေက လက်ဝှေ့ပွဲလာကြည့်တာပါ။ ကြိုးဝိုင်းထဲပြေးနေတာကို လာကြည့်တာ မဟုတ်ပါဘူး။ ကျွန်တော် ပြောနိုင်တာကတော့ သူနဲ့ထိုးမယ့်ပွဲမှာ ကျွန်တော်ဘက်က ဒိုင်အမှတ်ထက် အလဲထိုးနဲ့ပဲ အနိုင်ယူသွားမှာပါ" ဟု ပြောကြားခဲ့သည်။

အန်သိုနီဂျိုရှုအာနှင့် တိုင်ဆန်ဖြူရီတို့သည် နှစ်အတန်ကြာ ထိုးသတ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့သော်လည်း ညှိနှိုင်းမှု အဆင်မပြေဖြစ်နေသည့် အတွက် ကြန့်ကြာနေခဲ့ပြီး ယခုအခါ ဒီဇင်ဘာ ၁၁ ရက်တွင် ထိုးသတ်ရန် သဘောတူညီမှုရရှိထားခြင်း ဖြစ်ကြောင်းသိရသည်။

Ref : Boxing Forever
Trs : STA

## ကမ္ဘာ့အကောင်းဆုံးကစားသမားဆုပေးပွဲတွင် အထူးဆုအဖြစ် အကောင်းဆုံးရွှေဘောလုံးဆု ပထမဆုံးအကြိမ် ချီးမြှင့်ပေးအပ်မည်




ပဲရစ် အောက်တိုဘာ ၁၉

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ် (ဖီဖာ)နှင့် ပြင်သစ်မဂ္ဂဇင်းတို့ ပူးပေါင်း ချီးမြှင့်ပေးအပ်မည့် ကမ္ဘာ့အကောင်းဆုံး ကစားသမား ဆုပေးအပ်ပွဲ အခမ်းအနားတွင် အထူးဆုအဖြစ် အကောင်းဆုံးရွှေ ဘောလုံးဆုကို ပထမဆုံးအကြိမ် အဖြစ် ပေးအပ်ချီးမြှင့်မည်ဖြစ် ကြောင်း B/R Football သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြ ခဲ့သည်။

အကောင်းဆုံး ရွှေဘောလုံးဆုကို ယခုနှစ်တွင် ကျင်းပမည့် ဆုပေးပွဲအခမ်းအနားတွင် ပထမ ဆုံးအကြိမ် ထည့်သွင်းချီးမြှင့်ပေး အပ်မည်ဖြစ်ပြီး အဆိုပါဆုကို ကမ္ဘာ့အကောင်းဆုံး ကစားသမား ဆုနှစ်ကြိမ်နှင့် အထက်ရရှိခဲ့သည့် ကစားသမားများကို ဆန်ခါတင် စာရင်းတွင်ထည့်သွင်းပြီး ရွေးချယ် မည်ဖြစ်သည်။

အဆိုပါဆုအတွက် ဆန်ခါတင် စာရင်းတွင်ပါဝင်သည့် ကစား သမားများကို ပရိသတ်များက ဆန္ဒမဲပေး ရွေးချယ်နိုင်မည်ဖြစ်ပြီး မဲပေးမှုကို အခမဲ့လုပ်ဆောင်နိုင် မည်မဟုတ်ဘဲ တစ်ကြိမ်လျှင် အမေရိကန်တစ်ဒေါ်လာ ပေးသွင်း ကာ ရွေးချယ်ရမည်ဖြစ်သည်။

အကောင်းဆုံး ရွှေဘောလုံးဆု အတွက် လက်ရှိတွင် အယ်လ်နာ ဆာအသင်းမှ စီရော်နယ်ဒိုနှင့် အင်တာမီယာမီအသင်းမှ မက်ဆီတို့ ကထိပ်ဆုံးမှ ရှေ့ပန်းစားနေကြောင်း သိရသည်။ Ref : B/R Football

Trs : STA

## ငါးကြိမ်မြောက် အာရှမသန်စွမ်းအားကစား ပြိုင်ပွဲတွင် မြန်မာရေကူးအားကစားအဖွဲ့မှ ညီညီလင်းထက် ကြေးတံဆိပ်ဆွတ်ခူး




နေပြည်တော် အောက်တိုဘာ ၁၉

ဂျပန်နိုင်ငံ နာဂိုယာမြို့တွင် ကျင်းပနေသည့် ငါးကြိမ်မြောက် အာရှမသန်စွမ်း အားကစား ပြိုင်ပွဲ၌ ယနေ့တွင် မြန်မာရေကူး အားကစားအဖွဲ့မှ ညီညီလင်းထက် က တတိယကြေးတံဆိပ်ဆွတ်ခူး ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာ မသန်စွမ်း အားကစားအဖွဲ့ ခေါင်းဆောင် ကာကွယ်ရေးဦးစီး ချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် ကျော်ကျော်ဦးနှင့်အတူ မြန်မာနိုင်ငံ မသန်စွမ်း အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်) ဦးဝင်းမြင့်၊ အုပ်ချုပ်သူ၊ နည်းပြ များ၊ မသန်စွမ်းအားကစားသမား များ စုစုပေါင်း ၁၅ ဦးတို့သည် ယနေ့ နံနက်ပိုင်းမှစတင်၍ ပြေးခုန်ပစ်၊ ရေကူး၊ တိုက်ကွမ်ဒို အားကစားပြိုင်ပွဲတို့တွင် ဝင်ရောက် ယှဉ်ပြိုင်နေခြင်းသည်။

မြန်မာမသန်စွမ်း ရေကူး အားကစားအဖွဲ့သည် ယနေ့ ရေကူးအားကစားနည်း အမျိုးသား မီတာ ၅၀ အလွတ်ကူး ပြိုင်ပွဲတွင် တောင်ကိုရီးယား၊ ဂျပန်၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ် အသင်းတို့နှင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာ အသင်းမှ ညီညီလင်းထက်က ၄၄ ဒသမ ၅၃ စက္ကန့်ဖြင့် မြန်မာနိုင်ငံ အတွက် ပထမဦးဆုံး ကြေးတံဆိပ် ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

မြန်မာ မသန်စွမ်းအားကစား အဖွဲ့သည် အောက်တိုဘာ ၂၀ ရက်တွင် မသန်စွမ်းရေကူး အားကစားနည်း အမျိုးသားမီတာ ၅၀ ပက်လက်ကူး ပြိုင်ပွဲတွင် မြန်မာအသင်းမှ ညီညီလင်းထက်၊ မသန်စွမ်းပြေးခုန်ပစ် အမျိုးသား အမြင့်ခုန်ပြိုင်ပွဲတွင် မြန်မာ အသင်းမှ အောင်မြင့်မြတ်က အသီးသီး ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သိရသည်။ STA

## ချန်ပီယံခါးပတ်ပေါင်းစည်းရေးပွဲစဉ် ဆက်လက်ထိုးသတ်မည်ဟု WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံ ဒူဘွိုက်စ်ပြောကြား

လန်ဒန် အောက်တိုဘာ ၁၉

ဗြိတိန် လက်ဝှေ့သမား ဒူဘွိုက်စ်က WBO ကမ္ဘာ့ဟဲဗီး ဝိတ်တန်းချန်ပီယံ ခါးပတ် ကာကွယ်ပွဲစဉ် ထိုးသတ်ခဲ့ပြီး နောက် နောက်ထပ်ချန်ပီယံ ခါးပတ် ပေါင်းစည်းပွဲစဉ် ထိုးသတ်မည်ဟု ပြောကြား ခဲ့ကြောင်း Source of Boxing သတင်းဝက်ဘ်ဆိုက်က ယနေ့ တွင် ဖော်ပြခဲ့သည်။

ဒူဘွိုက်စ်သည် ၎င်း၏ WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံခါး ပတ်ကာကွယ် ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၈ ရက်က တစ်နိုင်ငံတည်းသား ဖော်ဘီယိုနှင့် ထိုးသတ်ခဲ့ရာ ဒုတိယအချီတွင် အလဲထိုးဖြင့် အနိုင်ရပြီးနောက် ချန်ပီယံခါးပတ်ကို ကာကွယ်ခဲ့ခြင်း ဖြစ်သည်။

ဒူဘွိုက်စ်က “ကျွန်တော် နောက်ထပ်ပွဲစဉ်ကတော့ ချန်ပီယံ ခါးပတ်ပေါင်းစည်းပွဲထိုးသတ်ဖို့ပါ။ ၂၀၂၅ ခုနှစ်ထဲမှာတော့ ထိုးသတ်ဖို့ စီစဉ်သွားမှာပါ။ ဘယ်သူနဲ့ ထိုးသတ်မလဲဆိုတာတော့ မသိ သေးပါဘူး။ ချန်ပီယံခါးပတ် ပေါင်းစည်းပွဲထိုးဖို့ ကျွန်တော့် ရည်ရွယ်ချက်ပါ” ဟု ပြောကြား ခဲ့သည်။

လက်ရှိတွင် IBF ကမ္ဘာ့ဟဲဗီး ဝိတ်တန်းချန်ပီယံ ခရိုအေးရှား လက်ဝှေ့သမား ဟာဂိုဗစ်ချ်၊ WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ ဂျာမနီလက်ဝှေ့သမား ကာဘာရယ်တို့နှင့် ထိုးသတ် ဖွယ်ရှိနေပြီး တစ်နိုင်ငံတည်း သားများဖြစ်သည့် တိုင်ဆန် ဖြူရီနှင့် အန်သိုနီဂျိုရှူအာ တို့ပွဲစဉ်မှ အနိုင်ရမည့်သူနှင့် လည်း ထိုးသတ်လိုသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Source of Boxing

Trs : STA

## ဘာစီလိုနာအသင်းက မန်စီးတီးအသင်း၏အကျပ်အတည်းကို အခွင့်ကောင်းယူပြီး ဟာလန်းကိုခေါ်ယူရန် စတင်ကြိုးပမ်း




ဘာစီလိုနာ အောက်တိုဘာ ၁၉

ဘာစီလိုနာ အသင်းက မန်စီးတီးအသင်း၏ ဘဏ္ဍာရေး စည်းမျဉ်း ချိုးဖောက်မှုကြောင့် အမှုရင်ဆိုင် နေရခြင်းကို အခွင့်ကောင်းယူပြီး အဓိက ကစား သမားဟာလန်းကို ခေါ်ယူရန် စတင်ကြိုးပမ်းနေကြောင်း El Nacional သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် လက်ရှိ တွင် ပရီးမီးယားလိဂ်အဖွဲ့ချုပ်၏ ဘဏ္ဍာရေး စည်းမျဉ်းချိုးဖောက်မှု ၁၁၄ ချက်ရှိကြောင်း စစ်ဆေး တွေ့ရှိခဲ့ပြီးနောက် ကြီးမားသည့် ပြစ်ဒဏ်ချမှတ်ခံရမည့် အရေးနှင့် ရင်ဆိုင်နေရပြီး အယူခံရုံးနိမ့် ခဲ့ပါက ပရီးမီးယားလိဂ်ပြိုင်ပွဲမှ ထုတ်ပယ်ခံရသည့် အခြေအနေ များနှင့်ပါ ရင်ဆိုင်နေရခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ရက်ပိုင်းကလည်း မန်စီးတီးအသင်း၏ လက်ရှိဘဏ္ဍာ ရေးစည်းမျဉ်းချိုးဖောက်မှုပြဿနာ ရပ်များကြောင့် ဟာလန်းသည် ယခုနှစ် ဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းမှ ထွက်ခွာဖွယ် ရှိနေသည်ဟု သတင်းများထွက်ပေါ် ခဲ့ပြီး စပိန်လာလီဂါပြိုင်ပွဲမှကလပ် အသင်းတစ်သင်းသို့ ပြောင်းရွှေ့ ဖွယ်ရှိနေသည်ဟု သတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။

ဟာလန်းကို စပိန်လာလီဂါ ကလပ် အသင်းတစ်သင်းဖြစ်သည့် ရီးရဲလ်မက်ဒရစ် အသင်းကလည်း မန်စီးတီးအသင်း၏ အမှုအခြေ အနေကို စောင့်ကြည့်နေပြီး ရာသီအကုန်တွင် ခေါ်ယူရန် ပစ်မှတ်ထား နေသည့်အတွက် ဘာစီလိုနာအသင်းက လက်ဦးမှု ရယူနိုင်ရန် စတင်ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : El Nacional

Trs : STA

## Polytron Kudus Indonesia Masters ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့ ပါဝင်ကစားမည်

ရန်ကုန် အောက်တိုဘာ ၁၉

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင် အဖြစ်လက်ခံကျင်းပမည့် Poly-tron Kudus Indonesia Masters ကြက်တောင်ရိုက် ပြိုင်ပွဲကို မြန်မာနိုင်ငံမှ ဟိန်းထွဋ်နှင့် သက်ထားသူဇာတို့ ပါဝင်ကစား မည်ဖြစ်ကြောင်း သိရသည်။

Polytron Kudus Indonesia Masters ကြက်တောင်ရိုက် ပြိုင်ပွဲ ကို အောက်တိုဘာ ၂၀ ရက်မှ ၂၅ ရက်ထိ အင်ဒိုနီးရှားနိုင်ငံ Kudus မြို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဟိန်းထွဋ်က ၆၄ ဦး ရှုံးထွက်အဆင့်မှစတင် ကစားရမည်ဖြစ်ပြီး သက်ထား သူဇာက လက်ရည်စစ်အဆင့်မှ စတင် ကစားရမည်ဖြစ်သည်။

သက်ထားသူဇာသည် အောက် တိုဘာ ၂၀ ရက်တွင် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲ လက်ရည်စစ် ပွဲစဉ်အဖြစ် တရုတ်(တိုင်ပေ) ကြက်တောင်ရိုက်မယ် Han Yu Chen နှင့် စတင်ကစားရမည် ဖြစ်သည်။

ထို့ပြင် ဟိန်းထွဋ်သည် ၆၄ ဦးရှုံးထွက်အဆင့်မှ စတင်ကစားရ မည်ဖြစ်သည့် အတွက် လက်ရည်စစ်ပွဲမှ အဆင့်မှ တက်ရောက်လာသည့် ကစား သမားတစ်ဦးနှင့် ကစားရမည် ဖြစ်ကြောင်း သိရသည်။ STA

# စရိတ်သက်သာဝင်ငွေတိုးဖို့ ဝါဖျက်ပိုးများကို IPM စနစ်ဖြင့် ကာကွယ်ကြပါစို့

နော်အဲလင်း(စိုက်ပျိုးရေး)




ဝါစိုက်တောင်သူအများစု၏ ထုံးစံအတိုင်း မိမိတို့၏ဝါခင်းထဲတွင် ဖျက်ပိုးတစ်ကောင်စ၊ နှစ်ကောင်စ မြင်လိုက်သည်နှင့် ချက်ချင်းဆိုသကဲ့သို့ ပိုးသတ်ဆေးဘူးကိုသာ ပြေးကိုင်မိကြစမြဲဖြစ်သည်။ ပိုးမြင်လျှင် ဆေးဖျန်းရမည်ဟူသောအစွဲကြောင့် ယနေ့ခေတ်တွင် ဓာတုပိုးသတ်ဆေးများကို အလွန်အကျွံသုံးစွဲလာကြသည်။

ဝါသီးနှံသည် ဖျက်ပိုးကျရောက်မှု အလွန်များသဖြင့် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဓာတုဆေးအသုံးအများဆုံးသီးနှံတစ်ခုဖြစ်ပြီး PAN UK နိုင်ငံတကာသုတေသနများအရ အသေးစားတောင်သူများသည် ရာသီအလိုက်ဝင်ငွေ၏ ၆၀ ရာခိုင်နှုန်းခန့်ထိ ပိုးသတ်ဆေးဖိုးအတွက် သုံးစွဲနေကြရသည်။ မြန်မာနိုင်ငံရှိ ဝါစိုက်ကွင်းများတွင်လည်း သီးလုံးဖောက်ပိုး၊ ယင်ဖြူ၊ ဖြုတ်ပိုး စသည့်ဖျက်ပိုးများ ပြင်းထန်စွာကျရောက်ပါက တစ်ရာသီလျှင် ပိုးသတ်ဆေးကို ငါးကြိမ်မှ ၁၀ ကြိမ်ထက်မနည်း အသုံးပြုကြသည်။ ယခုအခါ ဝါတစ်ဧကလျှင် ပိုးသတ်ဆေးဖိုးသီးသန့်ကုန်ကျစရိတ်သည် ပျမ်းမျှအားဖြင့် စုစုပေါင်းစိုက်ပျိုးစရိတ်၏ ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းကျော်ထိ ကုန်ကျနေသဖြင့် တောင်သူများအတွက် အလွန်ပင်ကြီးမားလှသော ငွေကြေးဝန်ထုပ်ဝန်ပိုးဖြစ်နေသည်။

အပြည်ပြည်ဆိုင်ရာ ဝါစိုက်ပျိုးရေးအတိုင်ပင်ခံကော်မတီ၏ဖော်ပြချက်အရ ၂၀၁၉ ခုနှစ်တွင် ဝါသီးနှံသည် တစ်ကမ္ဘာလုံးရှိ စိုက်ပျိုးမြေ၏ ၂ ဒသမ ၄ ရာခိုင်နှုန်းမျှသာဖုံးလွှမ်းထားသော်လည်း ကမ္ဘာ့ပိုးသတ်ဆေးသုံးစွဲမှု စုစုပေါင်း၏ ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့်အင်းဆက်သတ်ဆေးသီးသန့်သုံးစွဲမှု၏ ၁၀ ရာခိုင်နှုန်းကို သုံးစွဲခဲ့သည်။ ဤပြဿနာများသည် အသေးစားစိုက်ပျိုးထုတ်လုပ်သူတောင်သူအများစုအတွက် စီးပွားရေး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဆိုးရွားလှသောနောက်ဆက်တွဲအကျိုးဆက်များကို ပေါင်းစပ်ဖန်တီးပေးလေ့ရှိသည်။

ဓာတုဆေးများကို ကြိမ်ဖန်များစွာဖျန်းခြင်းသည် ဖျက်ပိုးများက ဆေးယဉ်ပါးကာ ပိုမိုနှိမ်နင်းရခက်ခဲလာခြင်း၊ အဓိကဖျက်ပိုးများ နောက်တစ်ကြိမ်ထပ်မံပေါ်ပေါက်လာခြင်း၊ အရေးမကြီးသောအင်းဆက်ပိုးမွှားများသည် အဓိကဖျက်ပိုးများအဖြစ် အရေအတွက် များပြားစွာပွားများလာခြင်း၊ မိတ်ဆွေပိုးများထိခိုက်သေကျေခြင်း၊ ပတ်ဝန်းကျင်ရှိ လူနှင့်အခြားသော သက်ရှိသတ္တဝါများကို အဆိပ်သင့်စေခြင်း၊ မြေဆီလွှာပျက်စီးလာခြင်းနှင့် တောင်သူကိုယ်တိုင် ကျန်းမာရေးထိခိုက်လာခြင်း စသည့်ရေရှည်ဆိုးကျိုးများကိုပါ ရင်ဆိုင်ရတတ်သည်။ အမှန်စင်စစ် ဝါခင်းထဲကဖျက်ပိုးများကို နှိမ်နင်းရန်အတွက် ငွေကုန်ကြေးကျများပြီး အန္တရာယ်ရှိသောဓာတုပိုးသတ်ဆေးများအပေါ်ချည်းသာ အားကိုးနေစရာမလိုပေ။ ပိုးသတ်ဆေးဘူးများကိုဘေးဖယ်ထားပြီး ကုန်ကျစရိတ်သက်သက်သာသာနှင့် အမြတ်အများဆုံးရရှိ၍ မိမိတို့ဝါခင်းကို ပိုမိုထိရောက်ဘေးကင်းစွာကာကွယ်နိုင်မည့် သဘာဝအခြေခံနည်းလမ်းကောင်းများစွာ ရှိနေသည်။

**ဘက်စုံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းစနစ်(IPM)**

ကုန်ကျစရိတ်ကြီးမားပြီး ဘေးထွက်ဆိုးကျိုးများသည့် ဓာတုပိုးသတ်ဆေးများနေရာတွင် အကောင်းဆုံးအစားထိုးဝင်ရောက်လာသည်မှာ"ဘက်စုံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းစနစ်"(Integrated Pest Management–IPM) ပင်ဖြစ်သည်။ IPM စနစ်ဆိုသည်မှာ ဖျက်ပိုးတွေ့သည်နှင့်ပိုးသတ်ဆေးဘူးကို အလွယ်တကူကောက်ဖျန်းခြင်းမျိုးမဟုတ်ဘဲ စိုက်ခင်းအတွင်းရှိ ဖျက်ပိုးများ၏သဘာဝကို စနစ်တကျလေ့လာပြီး နည်းလမ်းမျိုးစုံဖြင့် ပေါင်းစပ်ထိန်းချုပ်ခြင်းဖြစ်သည်။

**စိုက်ပျိုးရေးနည်းလမ်းများကို အသုံးပြုခြင်း**

ဝါကိုစောစောစိုက်ခြင်းသည် ဝါပင်၏ ကြီးထွားမှုသက်တမ်းနှင့် ဖျက်ပိုးများ၏ အန္တရာယ်တို့ကို လွဲချော်သွားစေသဖြင့် ဝါခင်းကို သဘာဝအတိုင်း အလိုအလျောက်ကာကွယ်ခြင်းဖြစ်သည်။ ဝါမစိုက်မီ မြေဆီလွှာကို ထယ်ရေးနက်နက်ထိုးပေးခြင်းဖြင့် မြေထဲတွင်ရှိနေသောဖျက်ပိုးများ၏ ပိုးရုပ်ဖုံးများ၊ ပိုးတုံးလုံးများ၊ ပိုးဥများကို နေပူရှိန်ကြောင့်သေစေခြင်း၊ ငှက်များကောက်ယူစားသောက်ခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။ ဝါခင်းပတ်လည်ရှိ ပေါင်းမြက်ပင်များကိုရှင်းလင်းခြင်းဖြင့် ဖျက်ပိုးများ ခိုအောင်းရာနေရာကို ဖျက်ဆီးပြီးကာကွယ်နိုင်သည်။ ဝါကို တစ်နေရာတည်းတွင် ရာသီဆက်တိုက်မစိုက်ဘဲ ပဲမျိုးစုံ၊ ပြောင်းဖူး၊ စပါး စသည့်ဝါဖျက်ပိုးများမကြိုက်သောသီးနှံများနှင့်သီးလှည့်စိုက်ပျိုးခြင်း၊ နှစ်တစ်နှစ်အတွင်း မြေဆီလွှာကိုမည်သည့်သီးနှံမျှမစိုက်ဘဲ မြေလှပ်ထားခြင်းတို့သည် ဖျက်ပိုးများ၏ ဘဝသံသရာစက်ဝန်းကို ဓာတုဆေးမလိုဘဲ ဖြတ်တောက်နိုင်သည်။ ဝါခင်းအတွင်း မြေပဲ၊ ပဲတီစိမ်းတို့ကို သီးညှပ်စိုက်ပျိုးပေးခြင်းဖြင့် ဖျက်ပိုးများကို အခြားသီးနှံဆီသို့ လမ်းလွှဲပေးနိုင်ပြီး မိတ်ဆွေပိုးများကိုလည်း ဆွဲဆောင်နိုင်သည်။ ထို့ပြင် ဝါခင်းဘေးပတ်လည်နှင့် အတန်းများကြားထဲတွင် ဖျက်ပိုးများကိုဆွဲဆောင်နိုင်မည့် နေကြာ၊ ရုံးပတီ၊ ပြောင်းဖူး စသည့်သီးနှံများကို သီးညှပ်စိုက်ပျိုးခြင်းဖြင့်လည်း ဖျက်ပိုးများကို လမ်းလွှဲပေးနိုင်သည်။

**ခံနိုင်ရည်ရှိသောမျိုးကို အသုံးပြုခြင်း**

ခံနိုင်ရည်ရှိသောမျိုးဆိုသည်မှာ ဝါပင်၏ ပြင်ပလက္ခဏာများသာမက အပင်ထဲတွင်ပါဝင်သော ဓာတ်ပစ္စည်းများ၏ ပါဝင်မှုအနည်း၊ အများသည် ပိုးမွှားများ၏ ကြိုက်နှစ်သက်မှု၊ မျိုးပွားမှု၊ အသက်ရှင်မှု၊ ကြီးထွားမှု စသည်တို့ကိုနှောင့်ယှက်ဟန့်တားနိုင်သည်။ ပြင်ပသွင်ပြင်လက္ခဏာများအနက် အရောင်၊ ပုံပန်းသဏ္ဌာန်များအပြင် ရွက်မွေးပါဝင်မှုအနည်းအများ၊ ရွက်မွေးအရှည်၊ ဖယောင်းပါဝင်မှု၊ အရွက်အထူအပါး၊ အပင်ဆဲလ်များမာကျောမှု၊ ထူထဲမှု၊ အရွက်ထဲရှိအစိုဓာတ်ပါဝင်မှု၊ အရွက်ဧရိယာ၊ အပင်အမြင့်၊ ဆစ်ကြားအရှည်၊ ရိုးတံအရှည် စသည်တို့ပါဝင်သည်။ ဓာတ်ပစ္စည်းပါဝင်မှုတွင် ဂေါ်ဆီပေါ၊ တန်နင် စသည်တို့အပြင် အာဟာရဓာတ်အနည်းအများသည်လည်း ပိုးမွှားကျရောက်မှုအပေါ် များစွာသက်ရောက်မှုရှိသည်။ ရွှေတောင်(၈)၊ ငွေချည်(၉) ဝါမျိုးများသည် စုပ်စားပိုးဒဏ်ကို အတန်အသင့်ခံနိုင်ရည်ရှိပြီး ငွေချည်(၆)ဝါမျိုးသည် သီးလုံးဖောက်ပိုးကျရောက်မှုကို လျော့နည်းစေသည်။

**မိတ်ဆွေပိုးများကို အသုံးပြုခြင်း**

ဝါခင်းထဲတွင် မြင်ရသမျှပိုးကောင်တိုင်းသည် ဖျက်ပိုးများမဟုတ်ကြပေ။ ဖျက်ပိုးများ၏ရန်သူသည် တောင်သူများ၏ မိတ်ဆွေပိုးအကျိုးပြုအင်းဆက်များဖြစ်သည်။ မြန်မာနိုင်ငံ၌ ဝါသီးနှံတွင်ကျရောက်သော သဘာဝရန်သူ၊ သားရဲကပ်ပါးမျိုးစိတ်ပေါင်း ၁၀၀ ခန့်ရှိရာ အရေးပါသောမိတ်ဆွေပိုးများမှာ လိပ်ခုံးပိုး၊ မျက်လုံးကြီးကြမ်းပိုး၊ ဇာတောင်ပိုး၊ သားရဲကြမ်းပိုး၊ ပျစားယင်၊ နကျယ်နှင့် ပင့်ကူတို့ဖြစ်သည်။ မိတ်ဆွေပိုးများကိုမွေးမြူပြီး ဝါစိုက်ခင်းအတွင်းသို့ အချိန်မီလုံလောက်အောင်လွှတ်ပေးခြင်းဖြင့် ဖျက်ပိုးများကို ကာကွယ်နှိမ်နင်းနိုင်သည်။ ဓာတုပိုးသတ်ဆေးဖျန်းပါက မိတ်ဆွေပိုးများပါ သေဆုံးသွားပြီး သဘာဝမျှခြေပျက်စီးကာ ဖျက်ပိုးများပိုမိုဆိုးရွားစွာ ကျရောက်လာတတ်သည်။ ထို့ကြောင့် စိုက်ခင်းအတွင်း မိတ်ဆွေပိုးနှင့်ရန်သူပိုးအချိုးအစားကို စနစ်တကျအကဲဖြတ်ပြီး မိတ်ဆွေပိုးများ ရှင်သန်ပွားများနိုင်သည့်ပတ်ဝန်းကျင်ကိုဖန်တီးပေးခြင်းဖြင့် ဖျက်ပိုးများကို သဘာဝအတိုင်း အချင်းချင်းပြန်လည်နှိမ်နင်းနိုင်မည်။

**သဘာဝထောင်ချောက်များကို အသုံးပြုခြင်း**

ဖျက်ပိုးများ၏အလင်းရောင်နှင့်အနံ့အာရုံစွဲလမ်းမှုကိုအသုံးချ၍ ရုပ်ပိုင်းဆိုင်ရာထောင်ချောက်များဖြင့် ဖမ်းဆီးနှိမ်နင်းခြင်းဖြစ်သည်။ ဥပမာအားဖြင့် ဝါခင်းအတွင်း အဝါရောင်ကပ်စေးပြား သို့မဟုတ် အဝါရောင်ပလတ်စတစ်ဘူးများတွင် ကပ်စေးသုတ်၍ ထောင်ထားခြင်းဖြင့် ဝါ၏ အဓိကရန်သူဖြစ်သော ယင်ဖြူ၊ ဖြုတ်ပိုးနှင့်ပျပိုးများကို အလွယ်တကူကပ်ငြိဖမ်းဆီးနိုင်သည်။ ထို့ပြင် ဝါသီးလုံးဖောက်ပိုးကဲ့သို့သော ဖလံကောင်များကို ဆွဲဆောင်နိုင်သည့် ဖီရိုမုန်းထောင်ချောက်များ သို့မဟုတ် ညအခါတွင် မီးချောင်းအောက်၌ ရေကန်ငယ်ပြုလုပ်၍ ဖမ်းဆီးသည့် မီးထောင်ချောက်များ အသုံးပြုခြင်းဖြင့် ဖျက်ပိုးကောင်များ ဥမဥမီ မျိုးဆက်ပြတ်အောင် ကာကွယ်နိုင်သည်။

**သဘာဝပိုးနှင်ဆေးရည်များကို အသုံးပြုခြင်း**

စိုက်ခင်းအတွင်း ဖျက်ပိုးကောင်ရေသည် စိုးရိမ်ရသည့်အဆင့်သို့ရောက်ရှိလာပါက ငွေကုန်ကြေးကျများသောဓာတုဆေးများအစား အလွယ်တကူရရှိနိုင်သည့် သဘာဝဆေးဖက်ဝင်အပင်များကို အသုံးပြုနိုင်သည်။ တောင်သူများကိုယ်တိုင်ပြုလုပ်နိုင်သည့် အထိရောက်ဆုံးနည်းလမ်းမှာ "တမာဆေးရည်"ဖြစ်ပြီး တမာစေ့ သို့မဟုတ် တမာရွက်ကို ကြိတ်ခြေကာ ရေဖြင့်စိမ်၍ ဖျန်းပေးခြင်းဖြင့် ဖျက်ပိုးများ၏ အစာစားလိုစိတ်ကိုတားဆီးကာ ဥများမပေါက်ဖွားနိုင်အောင်နှောင့်ယှက်ပေးသည်။ ထို့ပြင် ဆေးရွက်ကြီး၊ ငရုတ်သီးစိမ်း၊ ကြက်သွန်ဖြူနှင့် ဆပ်ပြာရည်တို့ကို ရောစပ်ပြုလုပ်ထားသော သဘာဝပိုးသတ်ဆေးရည်များသည်လည်း ဝါခင်းကို ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှုလုံးဝမရှိဘဲ ကုန်ကျစရိတ်သက်သာစွာဖြင့် ပိုးမွှားများကို မောင်းထုတ်ပေးနိုင်သည်။

သဘာဝပိုးသတ်ဆေးရည်များကို အသုံးပြုရာတွင် ဓာတုဆေးများကဲ့သို့ ချက်ချင်းအဆိပ်သင့်သေဆုံးစေခြင်းမျိုးမဟုတ်ဘဲ ပိုးမွှားများ၏ အစာစားစနစ်နှင့်မျိုးပွားမှုကိုနှောင့်ယှက်ခြင်းဖြစ်၍ သတိပြုရမည့်အချက်တချို့ရှိသည်။ သဘာဝဆေးရည်များသည် နေရောင်ခြည်ပြင်းပြင်းနှင့်ထိတွေ့ပါက ဆေးအာနိသင် လျင်မြန်စွာပျက်ပြယ်သွားတတ်သဖြင့် နေပူရှိန်ပြင်းသောမွန်းတည့်ချိန်များတွင် လုံးဝမဖျန်းသင့်ဘဲ နံနက်စောစောနှင့် ညနေစောင်းအချိန်များတွင်သာ ဖျန်းပေးရမည်။ ထို့ပြင် ဖျက်ပိုးများအစုလိုက်အပြုံလိုက်ကျရောက်ပြီးမှဖျန်းခြင်းထက် စိုက်ခင်းအတွင်း စစ်တမ်းကောက်ယူမှုအရ ဖျက်ပိုးအနည်းငယ် စတင်တွေ့ရှိကတည်းက သဘာဝဆေးရည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ပုံမှန် ခုနစ်ရက်မှ ၁၀ ရက်တစ်ကြိမ်စောစီးစွာဖျန်းပေးမှသာ အကောင်းဆုံးထိရောက်မှုရရှိနိုင်မည်ဖြစ်သည်။

**ဓာတုဆေးအနည်းဆုံး IPM စနစ် အောင်မြင်မှုများ**

ကမ္ဘာတစ်ဝန်းရှိ ဝါစိုက်တောင်သူများကြား ဓာတုဆေးအနည်းဆုံး IPM စနစ်ကို ပြောင်းလဲကျင့်သုံးခြင်းဖြင့် ထူးထူးခြားခြားအောင်မြင်ဖြစ်ထွန်းနေသည့် သာဓကများစွာရှိသည်။ အထူးသဖြင့် PAN UK ၏ ကွင်းဆင်းမှတ်တမ်းများအရ အာဖရိကနှင့် အာရှဒေသရှိ အသေးစားဝါစိုက်တောင်သူများသည် ဘက်စုံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရာ တစ်ရာသီအတွင်း ဓာတုပိုးသတ်ဆေးသုံးစွဲမှုကို ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းထိ လျှော့ချနိုင်ခဲ့ပြီး ပိုးသတ်ဆေးဖိုးကုန်ကျစရိတ်သက်သာသွားသဖြင့် မိသားစုဝင်ငွေသိသိသာသာတိုးပွားလာခဲ့သည်။ ထို့ပြင် ဓာတုဆေးကြောင့်ဖြစ်ပွားရသည့်အဆိပ်သင့်မှု ကျန်းမာရေးပြဿနာများ လုံးဝကင်းဝေးသွားပြီး မြေဆီလွှာများပြန်လည်ကောင်းမွန်လာကာ အရည်အသွေးမြင့်မားသော ဝါဂွမ်းများကို စရိတ်အသက်သာဆုံးဖြင့် ထုတ်လုပ်နိုင်ကြသဖြင့် IPM စနစ်သည် တောင်သူများအတွက် လက်တွေ့အကျိုးရှိသောနည်းလမ်းကောင်းတစ်ခုဖြစ်ကြောင်း သက်သေပြနေသည်။

ဝါစိုက်ပျိုးရာတွင် ပိုးမြင်တိုင်း ပိုးသတ်ဆေးဖျန်းရမည်ဟူသောအယူအဆဟောင်းများကို စွန့်ပယ်ပြီး ပိုးသတ်ဆေးသုံးစွဲမှုကို နည်းနိုင်သမျှနည်းအောင် လျှော့ချခြင်း သို့မဟုတ် လုံးဝမသုံးဘဲ စိုက်ပျိုးခြင်းသည် လက်တွေ့တွင် ဖြစ်နိုင်ခြေရှိရုံသာမက တောင်သူတို့အတွက် အကျိုးကျေးဇူးများစွာကိုပါ သယ်ဆောင်လာပေးသည်။ ဓာတုပိုးသတ်ဆေးများကို ဘေးဖယ်ထားခြင်းဖြင့် ပထမဆုံးအနေဖြင့် စိုက်ပျိုးစရိတ်မြင့်မားခြင်းကို သိသိသာသာလျှော့ချပေးနိုင်သောကြောင့် တောင်သူတို့၏ လက်ဝယ်တွင် အသားတင်အမြတ်ငွေ ပိုမိုကျန်ရှိစေသည်။ ထို့ပြင် စိုက်ခင်းအတွင်း သဘာဝဂေဟစနစ်နှင့် မြေဆီလွှာကို ပြန်လည်ကောင်းမွန်လာစေပြီး တောင်သူကိုယ်တိုင်နှင့်မိသားစုဝင်များကိုလည်း ဘေးအန္တရာယ်ကြီးမားလှသော ပိုးသတ်ဆေးအဆိပ်သင့်မှုနှင့် နာတာရှည်ရောဂါဆိုးများရန်မှ ရေရှည်ကာကွယ်ပေးနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ကုန်ကျစရိတ်သက်သာပြီးဝင်ငွေတိုးကာ ဘေးကင်း၍ ရေရှည်တည်တံ့မည့်"ဘက်စုံဖျက်ပိုးကာကွယ်နှိမ်နင်းနည်းစနစ် (IPM)"ကို လက်ခံကျင့်သုံးကာ အထွက်နှုန်းကောင်းမွန်သောဝါခင်းကြီးများကို စိုက်ပျိုးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- **ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ၊ ဝါ၊ လျှော်မျှင်နှင့် ပိုးချည်ဘာသာရပ်ဆိုင်ရာ ပို့ချချက်များ၊ အဆင့်မြင့်စီမံခန့်ခွဲရေး၊ ငွေစာရင်းနှင့်စိုက်ပျိုးနည်းပညာသင်တန်း။**

# ရိုးဂုဏ် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၂၃ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသသွားမည်




**ရန်ကုန် အောက်တိုဘာ ၁၉**

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ရိုက်ကူးထုတ်လုပ်သည့် ရိုးဂုဏ် ရုပ်ရှင်ဇာတ်ကားကို အောက်တိုဘာ ၂၃ ရက်တွင် နိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသသွားမည်ဖြစ်ကြောင်း ဒါရိုက်တာ မယ်မင်းဘုံထံမှ သိရသည်။

အဆိုပါ ရိုးဂုဏ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာ နန္ဒာစိုး (ဆင်ဖြူကျွန်း)၏ လုံးချင်းဝတ္ထုကို ဒါရိုက်တာ မယ်မင်းဘုံက ရေးသားထားပြီး သီလံက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားမှာ သားသမီးတွေအပေါ်ထားရှိတဲ့ မိခင်တစ်ယောက်ရဲ့ချစ်ခြင်းမေတ္တာတွေ၊ လောကဓံကိုရင်ဆိုင်နေရတဲ့ ဖခင်တစ်ယောက်ရဲ့ ခံစားချက်တွေနဲ့ ရိုးဂုဏ်ကို မြင်ရမှာပါ။ လူချမ်းသာတွေအတွက် အပေါ်ဆုံးက ငွေ၊ လူဆင်းရဲတွေအတွက် အပေါ်ဆုံးက မျက်ရည်ဆိုပေမဲ့ ရိုးသားမှုဆိုတာ ငွေနဲ့ဝယ်မရလို့ ရိုးသားမှုဂုဏ်ကို တန်ဖိုးထားတယ်ဆိုတဲ့ မက်ဆေ့ကို ဒီဇာတ်ကားက ပေးမှာ ဖြစ်ပါတယ်။ ရှမ်းတောင်တန်းတွေရဲ့ သဘာဝအလှတရားနဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု ရိုးရာပုံရိပ်တွေကို တဝကြီး ကြည့်ရှုခံစားရတော့မှာ ဖြစ်ပါတယ်။ တိုင်းရင်းသားတို့ရဲ့ ချစ်စရာ ရိုးရာယဉ်ကျေးမှု ပုံရိပ်တွေကို ပန်းချီကားတစ်ချပ်လို ရိုက်ကူးပုံဖော်ထားတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်"ဟု ဒါရိုက်တာ မယ်မင်းဘုံက ပြောပြသည်။

ရိုးဂုဏ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ခန့်စည်သူ၊ ကျော်ထက်အောင်၊ ထူးအောင်၊ ဗညားဘုန်းပြည့်၊ မိုးဒီ၊ ဆင်မ၊ ခိုင်နှင်းဝေ၊ မေမြင့်မိုရ်၊ သဲစုညိမ်း၊ မြတ်ကေသီအောင်၊ ဍေ့သည် သရုပ်ဆောင် ဆုအိမ့်စံနှင့် အခြားအနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Throttled ဇာတ်ကား၌ မင်းသား ဂျူလီယိုပီးနား ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် အောက်တိုဘာ ၁၉**

Amazon MGM Studios ၏ Throttled ဇာတ်ကား၌ မင်းသား ဂျူလီယိုပီးနား ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Throttled ဇာတ်ကားတွင် မင်းသား ဂျူလီယိုပီးနားသည် မင်းသမီး နီကိုးဝေါလက်၊ မင်းသား ဂျို့ဟူစတန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Throttled ဇာတ်ကားသည် စာရေးဆရာမ လော်ရန်အက်ရှာ၏ ခေါင်းစဉ်အမည်တူ အချစ်ဒရာမာဝတ္ထုကို အခြေခံရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

Throttled ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာမ မယ်လစ်ဆာအော့စဘွန်းက တာဝန်ယူ ရေးသားပေးထားသည်။

အဆိုပါဇာတ်ကားကို Daisy Jones and the Six ဇာတ်ကား ဒါရိုက်တာ ဇင်ဂါစတီးဝပ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် Throttled ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Amazon MGM Studios က ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ပန်းဘဲတန်းမြို့နယ်ရှိ Good Mood Gallery တွင် Innocent Colors Artwork Exhibition ပန်းချီပြပွဲ ကျင်းပမည်ဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်ရှိ Good Mood Gallery တွင် Innocent Colors Artwork Exhibition ပန်းချီပြပွဲကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၄ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသမည့် ပန်းချီ အိရွှေဝင်းထံမှ သိရသည်။

အဆိုပါ Innocent Colors Artwork Exhibition ပန်းချီပြပွဲတွင် ပန်းချီ မိုးမြင့်၊ စိုးနိုင်စိုး၊ ခင်ခင်ထွေး၊ ဦးစော၊ နေသြသီ၊ မေသူဝဏ်၊ သက်နှင်းခိုင်၊ သင်းစုစုငြိမ်း၊ အိရွှေဝင်း၊ ခိုင်ရွှေဝါလွင်၊ ခင်မာချို၊ အမရာတို့၏ မတူကွဲပြားသည့် ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်စသည့် ပန်းချီအမျိုးအစားစုံ၊ အကြောင်းအရာစုံ ပန်းချီကားများကို တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။




"Good Mood Gallery မှာ Innocent Colors Artwork လို့ အမည်ပေးထားတဲ့ ပန်းချီပြပွဲကို အောက်တိုဘာ ၃၁ ရက်ကနေ နိုဝင်ဘာ ၄ ရက်ထိ မနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသပေးမှာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာ ဖိတ်ကြားလိုက်ရပါတယ်" ဟု ပန်းချီအိရွှေဝင်းက ပြောပြသည်။

၎င်းပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆ x ၂၄) လက်မ၊ (၂၄ x ၂၄) လက်မ၊ (၁၈ x ၂၄ ) လက်မ၊ (၁၈ x ၁၈) လက်မ စသည်ဖြင့် အရွယ်အစားစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် သိန်း ၅၀ ထိ ရှိကြောင်း သိရသည်။

ASH

# နိုင်ငံတကာ အကောင်းဆုံးရုပ်ရှင်အော်စကာဆုအတွက် Rehearsals For A Revolution ကို ဖြိတိန်ရွေးချယ်

**နယူးယောက် အောက်တိုဘာ ၁၉**

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲ နိုင်ငံတကာ အကောင်းဆုံး ရုပ်ရှင်အော်စကာဆုအတွက် Rehearsals For A Revolution ဇာတ်ကားကို ဗြိတိန်နိုင်ငံက ရွေးချယ်ထားကြောင်း အောက်တိုဘာ ၁၈ ရက် သတင်းများအရ သိရသည်။

Rehearsals For A Revolution ဇာတ်ကားသည် အီရန်အမျိုးသမီး ဒါရိုက်တာ ပီဂါးအာဟန်းဂါရာနီ ရိုက်ကူးထားသည့်ဇာတ်ကား ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားသည် လန်ဒန်မြို့သို့ ပြည်ပြေးတစ်ဦးအဖြစ် ရောက်ရှိလာခဲ့ပြီးနောက် ဘဝကို ပြန်လည်တည်ဆောက်ရန် ကြိုးပမ်းခဲ့ရသည့် ၎င်း၏ကိုယ်ပိုင်အတွေ့အကြုံကို ဒါရိုက်တာပီဂါး အာဟန်းဂါရာနီက ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဆိုနီ ရုပ်ရှင်ကုမ္ပဏီက နိုင်ငံတကာ ရုပ်ရှင်ဈေးကွက်၌ ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။

၉၉ ကြိမ်မြောက် အော်စကာ ရုပ်ရှင်ဆုပေးပွဲကို ၂၀၂၇ ခုနှစ် မတ် ၁၄ ရက်တွင် လော့စ်အိန်ဂျလိစ်မြို့တော်၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# အငွေ့အသက် ရုပ်သံဇာတ်လမ်းတွဲကို UniTV ရုပ်သံလိုင်းမှ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ထုတ်လွှင့်သွားမည်

**ရန်ကုန် အောက်တိုဘာ ၁၉**

သီဟမင်းညီ ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် အငွေ့အသက် ရုပ်သံဇာတ်လမ်းတွဲကို UniTV ရုပ်သံလိုင်းမှ အောက်တိုဘာလ နောက်ဆုံးပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ ရဲရင့်သစ္စာထံမှ သိရသည်။

အဆိုပါ အငွေ့အသက် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဒါရိုက်တာ ရဲရင့်သစ္စာက ရေးသားထားပြီး သက်ကိုကဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ရဲရင့်သစ္စာက သီဟမင်းညီ ထုတ်လုပ်ရေးအတွက် တာဝန်ယူ ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"လျှို့ဝှက်ချက်တစ်ခု၊ အရိပ်အယောင်တချို့ အဖြေမရှိသေးတဲ့ မေးခွန်းတွေနဲ့အတူ အရာအားလုံးက တိုက်ဆိုင်မှုသက်သက်ပဲလား။ ဒါမှမဟုတ် ဘယ်သူမှ မသိသေးတဲ့ အမှန်တရားတစ်ခု ရှိနေခဲ့တာလား။ အဖြေကိုသိရဖို့အတွက် မကြာခင် UniTV မှာ ပြသတော့မဲ့ အငွေ့အသက် ဇာတ်လမ်းတွဲကို စောင့်မျှော်ကြည့်ရှုပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု ဒါရိုက်တာ ရဲရင့်သစ္စာက ပြောပြသည်။

အငွေ့အသက် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် စစ်နိုင်၊ မင်းဦး၊ မင်းသူ၊ မင်းဇော်၊ ရွှေအိုး၊ ဖိုးကျော် (သန်လျင်)၊ ဇော်ထွန်း၊ ထက်လင်း၊ ဟိဏ်းစစ်၊ သူရ၊ အေးသဒ္ဒါလင်းနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Thai Minister of Energy-led delegation calls on President U Min Aung Hlaing



President U Min Aung Hlaing receives the delegation led by Mr. Akanat Promphan, Minister of Energy of Thailand.

**Nay Pyi Taw October 19**

A delegation led by H.E. Mr. Akanat Promphan, Minister of Energy of Thailand, paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall this morning.

Union Ministers U Khin Maung Yi, U Tin Maung Swe and U Ko Ko Lwin, along with officials concerned, attended the meeting. The Thai delegation was accompanied by H.E. Mr. Tor Saralamba, Ambassador of Thailand to Myanmar, and officials concerned.

During the meeting, they cordially discussed the steadily improving friendship and cooperation between Myanmar and Thailand as good neighbouring countries; the discussions and efforts made to further strengthen bilateral cooperation during President U Min Aung Hlaing's goodwill visit to Thailand; opportunities to further enhance cooperation in the energy and natural gas sectors; and bilateral cooperation in disaster preparedness and prevention measures to address potential natural disasters arising from climate change.

After the meeting, the President and the Thai Minister of Energy posed for a group documentary photograph. MNA

# Vice-President U Nyo Saw inspects implementation of development tasks and beautification for Yangon to meet municipal standards

**Nay Pyi Taw October 19**

Accompanied by members of his entourage, Vice-President U Nyo Saw arrived at the Botahtaung Jetty in Yangon Region this morning and inspected the implementation plans for development tasks. Yangon Region Chief Minister U Aung Naing Thu, the Yangon City Mayor, and responsible officials briefed him on the project arrangements.

Subsequently, the Vice-President inspected efforts to enhance the neatness and systematic appearance of housing along Strand Road in Botahtaung Township. He then toured and inspected the proposed land sites for constructing football and sports grounds on Kyansittha Road in Hlaingthaya (East) Township, the proposed land site on Kanaung Minthar Gyi Road, the proposed site for a modern park and football ground on the Sethmudaytha Road in Shwepyitha Township, the proposed football stadium site on Pyidaungsu Road in Shwepyitha Township, and the proposed expansion land areas at the Anawrahta Industrial Zone in Hlaingthaya (West). During the inspection tours, the Yangon Region Chief Minister and responsible officials conducted him around and explained the respective undertakings, according to the news agency. MNA



Vice-President U Nyo Saw inspects development and beautification work in Yangon.

# Plan underway to grow more than 4,000 acres of butter bean



A thriving butter bean plantation.

**Shwebo October 19**

Statistics of Shwebo District Agriculture Department stated that local farmers will cultivate more than 4,000 acres of butter bean in Shwebo District of Sagaing Region this year.

During the 2026-2027 winter crop season, Shwebo District has set a target of cultivating 4,530 acres of butter beans, including 545 acres in Shwebo Township, 711 acres in KhinU Township, 2,260 acres in Wetlet Township and 1,014 acres in Kyaukmyaung Sub-Township. Cultivation is scheduled to begin in the fourth week of October this year and continue through December, according to reports.

"This coming winter crop season, Shwebo District has set a target of cultivating more than 4,000 acres of butter beans. Efforts will be made to ensure that the target acreage is fully achieved. Butter beans are grown only during the winter season, and cultivation has been successful in the district. Farmers rely on this crop because it commands good market prices," said Daw Zaza Min, Head of the Shwebo District Agriculture Department.

During this year's monsoon crop season, local farmers in Shwebo District have cultivated butter beans as a sole crop, while some have also grown them as an intercrop to earn additional income.

This year, the respective Township Agriculture Departments in Shwebo District have been providing support and necessary technical assistance to pulse farmers to improve crop yields and encourage the use of good-quality, pure seeds. They will also provide agricultural education on preparing and using natural pesticides to prevent pest and disease infestations, as well as harvesting crops at the appropriate time. 206

# Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) goes on

**Continued systematic demolition of a 5-story building used for online gambling operations in Shwe Kokko area (Part-II).**



**Demolition using heavy machinery.**



**Completion of the demolition.**

**Nay Pyi Taw October 19**

The government has placed emphasis on combat against online scams and gambling as a national responsibility and carried out systematic and total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used for such crimes again.

In doing so, demolition works of a 5-storey building, one of the buildings used in online scams and gambling and to be demolished with the use of machinery in Shwe Kokko (Part-II), completed 100 percent while that of another 5-storey building completed 30 percent so far.

Out of 63 buildings to be demolished in Shwe Kokko (Part-II) were classified into 25 to be knocked down with the use of machinery, four to be detonated and 34 to be brought down manually floor by floor due to their proximity to residential buildings and systematic demolition works were carried out. Demolition of four buildings to be detonated and two buildings to be knocked down with the use machinery completed while plans to systematically demolish the remaining 57 buildings.

In cooperation with neighboring and regional countries, the government has placed a special emphasis on total eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security.

100

# King Charles III of the United Kingdom sends two books along with one sealed envelope and a sealed diplomatic pouch to prisoner Daw Aung San Suu Kyi



**Officials from the Ministry of Home Affairs hand over two books along with one sealed envelope and a sealed diplomatic pouch to prisoner Daw Aung San Suu Kyi.**

**Nay Pyi Taw October 19**

Officials from the Ministry of Home Affairs handed over two books along with one sealed envelope and a sealed diplomatic pouch sent by King Charles III of the United Kingdom to prisoner Daw Aung San Suu Kyi yesterday morning. The books were The Land Gardeners – Soil to Table; and SOIL The World at Our Feet.

MNA

**The books sent to prisoner Daw Aung San Suu Kyi.**




**Soil the World at Our Feet**




**The Land Gardeners – Soil to Table**

# More than 14,000 acres of groundnut harvested in Myinmu Township

**Myinmu October 19**

Myinmu Township Agriculture Department stated that local farmers have so far harvested more than 14,000 acres of groundnut in Myinmu Township of Sagaing Region this year.

Myinmu Township was able to cultivate 25,267 acres of groundnut during this year's monsoon crop season. Harvesting of the groundnut fields began in August, and 14,788 acres had been harvested as of today, with an average yield of 51.70 baskets per acre, according to reports.

"During this year's monsoon crop season, Myinmu Township was able to cultivate 25,267 acres of groundnut. Harvesting is currently underway, and more than 14,000 acres have been harvested to date. The cultivated acreage exceeded the target, and groundnut cultivation is progressing successfully. Oilseed production is also performing well, and groundnut cultivation has been increasing year by year," said U Soe Paing, Head of the Myinmu Township Agriculture Department.

In Myinmu Township, approximately one and a half baskets of groundnut seeds are required to cultivate one acre. The total cost, including seeds, labour, fertilizers and pesticides, exceeds K200,000 per acre. The average yield is more than 50 baskets per acre, according to reports.

To ensure successful groundnut cultivation and prevent pest and disease infestations and weed growth, staff from the Township Agriculture Department have conducted field inspections and collected monitoring records from groundnut fields.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Raytheon ကုမ္ပဏီက အမေရိကန်၊ ကာတာ၊ ဂျော်ဒန်နိုင်ငံတို့အတွက် ဒရုန်းတန်ပြန်ရေးစနစ်များပံ့ပိုးပေးရန် စာချုပ်ချုပ်ဆို



အမေရိကန်နိုင်ငံ Raytheon ကုမ္ပဏီသည် အမေရိကန် ကြည်းတပ်၊ ကာတာနှင့် ဂျော်ဒန်နိုင်ငံတို့အတွက် ဒရုန်းတန်ပြန်ရေးစနစ်များ ပံ့ပိုးပေးရန် အမေရိကန်ဒေါ်လာ ၇၂၉ သန်းတန်ဖိုးရှိ စာချုပ်ချုပ်ဆိုခဲ့ကြောင်း The Defense Post သတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစာချုပ်တွင် Low, Slow, Small, Unmanned Aircraft Integrated Defeat System (LIDS) ဟုခေါ်သည့် ဒရုန်းတန်ပြန်ရေးစနစ်အတွက် အစိတ်အပိုင်းများပါဝင်ပြီး အမြဲတမ်းတပ်ဆင်အသုံးပြုနိုင်ခြင်းနှင့် ရွှေ့လျားအသုံးပြုနိုင်ခြင်းနှစ်မျိုးကို ပံ့ပိုးပေးသွားမည်ဖြစ်သည်။

သို့သော် စာချုပ်တန်ဖိုးကို အမေရိကန်၊ ကာတာနှင့် ဂျော်ဒန်နိုင်ငံတို့ကြား မည်သို့ခွဲဝေထားသည်၊ ပစ္စည်းများကို မည်သည့်အချိန်တွင် ပို့ဆောင်ပေးမည်ဆိုသည့် အသေးစိတ်အချက် အလက်များကို Raytheon ကုမ္ပဏီက ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

LIDS ဒရုန်းတန်ပြန်ရေးစနစ်တွင် ၃၆၀ ဒီဂရီပတ်လည် ဝေဟင်ပစ်မှတ်များကို ရေဒါဖြင့် ရှာဖွေထောက်လှမ်းနိုင်သည့် Ku-band Radio Frequency Sensor (KuRFS) နှင့် ရန်သူ့ဒရုန်းများကို ကြားဖြတ်ဖျက်ဆီးရန် သို့မဟုတ် စစ်ဆင်ရေးလုပ်ဆောင်နိုင်စွမ်း ပျက်ပြားစေရန်ရည်ရွယ်ထားသည့် Coyote ကြားဖြတ်ဒရုန်းစနစ်တို့ကို ပေါင်းစပ်ထားကြောင်း သိရသည်။

Raytheon ကုမ္ပဏီ၏ ထုတ်ပြန်ချက်အရ Coyote ကြားဖြတ်စနစ်များသည် တိုက်ပွဲအခြေအနေများအတွင်း ကြားဖြတ်တိုက်ခိုက်မှု အကြိမ်ရေရာနှင့်ချီ၍လုပ်ဆောင်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဝယ်လိုအားမြင့်တက်လာမှုကို ဖြည့်ဆည်းနိုင်ရန်ထုတ်လုပ်မှုနှုန်းကိုလည်း မြှင့်တင်လျက်ရှိကြောင်း သိရသည်။

LIDS ဒရုန်းတန်ပြန်ရေးစနစ်သည် အနိမ့်ပျံသန်း ဝင်ရောက်လာသည့် မောင်းသူမဲ့လေယာဉ်များကို ရှာဖွေထောက်လှမ်းခြင်း၊ ခြေရာခံခြင်း၊ အမျိုးအစားခွဲခြားသတ်မှတ်ခြင်းနှင့် တန်ပြန်ဖျက်ဆီးခြင်းတို့ ပြုလုပ်နိုင်သော စနစ်တစ်ခုဖြစ်သည်။ အဆိုပါစနစ်တွင် အာရုံခံကိရိယာများ၊ ကွပ်ကဲထိန်းချုပ်ရေးကိရိယာများနှင့် ဒရုန်းများကို တားဆီးဖျက်ဆီးနိုင်သည့် နည်းလမ်းအမျိုးမျိုးတို့ကို ပေါင်းစပ်ဖွဲ့စည်းထားကြောင်း သိရသည်။

Raytheon ကုမ္ပဏီ၏ မြေပြင်နှင့်ဝေဟင်ကာကွယ်ရေး စနစ်များဆိုင်ရာ ဌာန ဥက္ကဋ္ဌ Tom Laliberty က LIDS နှင့် ဒရုန်းတန်ပြန်ရေးစနစ်သည် လက်တွေ့အသုံးပြုမှုဖြင့် စွမ်းဆောင်ရည်ကို သက်သေပြထားပြီး ကုန်ကျစရိတ်သက်သာသည့် ကာကွယ်ရေးအလွှာတစ်ခုဖြစ်သည်။ ၎င်းစနစ်သည် မဟာမိတ်တပ်ဖွဲ့များအနေဖြင့် ရန်သူ့ဒရုန်းများ၏ ခြိမ်းခြောက်မှုကို တုံ့ပြန်ကာကွယ်ရန် လိုအပ်သည့်အကာအကွယ်ကို ရရှိစေမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

အမေရိကန်ကြည်းတပ်သည် အရေးကြီးနေရာများကို ကာကွယ်ရန် အမြဲတမ်းတပ်ဆင်အသုံးပြုနိုင်သည့် LIDS ဒရုန်းတန်ပြန်ရေးစနစ်များနှင့် လှုပ်ရှားတပ်ဖွဲ့များနှင့်အတူ ရွှေ့ပြောင်းအသုံးပြုနိုင်သည့် စနစ်များကိုပါ အသုံးပြုလျက်ရှိသည်။ LIDS ဟုခေါ်သည့် ရွှေ့လျားစနစ်တွင် ဒရုန်းရှာဖွေထောက်လှမ်းရေး အာရုံခံကိရိယာများနှင့် တန်ပြန်ဖျက်ဆီးရေးစွမ်းရည်များကို စစ်မြေပြင်သုံးနည်းဗျူဟာယာဉ်များပေါ်၌ တပ်ဆင်ထားသည်။ ထို့ကြောင့် တပ်ဖွဲ့များသည် စစ်ဆင်ရေးနယ်မြေအတွင်း ချီတက်ရွှေ့လျားနေစဉ် ဒရုန်းခြိမ်းခြောက်မှုများကို ရှာဖွေတွေ့ရှိပြီး လျင်မြန်စွာတုံ့ပြန်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Raytheon Wins $729M Deal for US, Qatar, Jordan Drone Defenses ကို ဘာသာပြန်ဆိုထားပါသည်။**

# ဂျာမနီနိုင်ငံက ယူကရိန်းနိုင်ငံအတွက် ကြားဖြတ်ဒရုန်းအစင်းရေ သောင်းနှင့်ချီ ထုတ်လုပ်ပေးပို့ရန် စီစဉ်နေ

ဂျာမနီနိုင်ငံသည် ယူကရိန်းနိုင်ငံအတွက် စစ်ရေးအကူအညီအစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ကြားဖြတ်ဒရုန်းအစင်းရေ သောင်းနှင့်ချီ ထုတ်လုပ်ပေးပို့ရန်စီစဉ်နေကြောင်း The Drone Front သတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ ကြားဖြတ်ဒရုန်းများကို အရေးကြီးနေရာများနှင့် အရပ်ဘက်အခြေခံအဆောက်အအုံများကို ကာကွယ်နိုင်ရန် Quantum Systems ကုမ္ပဏီက တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။ ပူးတွဲထုတ်လုပ်ရေးအစီအစဉ်အရ ကြားဖြတ်ဒရုန်းများကို Quantum Systems ကုမ္ပဏီ၏ MOSAIC UXS ဆော့ဖ်ဝဲစနစ်နှင့် ပေါင်းစပ် အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါဆော့ဖ်ဝဲသည် ဝေဟင်၊ မြေပြင်နှင့် ရေကြောင်းနယ်ပယ်များရှိ မောင်းသူမဲ့စနစ်များကို စီမံခန့်ခွဲညှိနှိုင်းပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအစီအစဉ်သည် Quantum Systems ကုမ္ပဏီ၏ ဂျာမနီ-ယူကရိန်း ပူးတွဲထုတ်လုပ်ရေးကွန်ရက်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ယူကရိန်းနိုင်ငံရှိ အခြားကာကွယ်ရေးကုမ္ပဏီများလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ဤပူးပေါင်းဆောင်ရွက်မှုတွင် ယူကရိန်း၏ ရှေ့တန်းစစ်မြေပြင်အတွေ့အကြုံနှင့် ဂျာမနီ၏ စက်မှုထုတ်လုပ်မှု စွမ်းရည်တို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ ၎င်းမှ တစ်ဆင့် ဒရုန်းထုတ်လုပ်မှုကို တိုးချဲ့နိုင်ရန်နှင့် ယူကရိန်း၏ ကာကွယ်ရေးစွမ်းရည်ကို ပိုမိုအားကောင်းလာစေရန် ရည်ရွယ်ထားသည်။ ထို့ပြင် ဥရောပမဟာမိတ်နိုင်ငံများနှင့်ပူးပေါင်း၍ ပိုမိုကျယ်ပြန့်သော ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှုကွန်ရက် တည်ဆောက်ရန် ဂျာမနီ၏ ကြိုးပမ်းမှုကိုလည်း အထောက်အကူပြုမည်ဖြစ်သည်။

Quantum Systems ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က ကျွန်ုပ်တို့၏ဦးစားပေးရည်မှန်းချက်မှာ ယူကရိန်းကာကွယ်ရေးတပ်ဖွဲ့များထံ ကြားဖြတ်ဒရုန်းများကို ပိုမိုများပြားစွာနှင့် ပိုမိုလျင်မြန်စွာ ပို့ဆောင်ပေးနိုင်ရန်ဖြစ်သည်ဟု ပြောကြားခဲ့သည်။ ၎င်းက ဆက်လက်၍ အဆိုပါစနစ်များကို လက်တွေ့အသုံးပြုနေသည့် တပ်ဖွဲ့များထံမှ ရရှိသောတုံ့ပြန်အကြံပြုချက်များအပေါ် အခြေခံပြီး ဆက်လက်တိုးတက်အောင် ပြုပြင်မွမ်းမံသွားမည်ဖြစ်သည်။ ထို့ပြင် ခြိမ်းခြောက်မှုများ ပြောင်းလဲလာသည့်အခါ လျင်မြန်စွာ လိုက်လျောညီထွေ ပြောင်းလဲနိုင်မည့် ထုတ်လုပ်မှုစွမ်းရည်ကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။



ယူကရိန်းနိုင်ငံ၏ ဒရုန်းထုတ်လုပ်မှုကို တိုးချဲ့ရေးကြိုးပမ်းမှုသည် Quantum Systems ကုမ္ပဏီနှင့် ဂျာမနီအဆင့်မြင့်အရာရှိများကြား မကြာသေးမီက ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုများတွင်လည်း အဓိကအကြောင်းအရာ တစ်ရပ်ဖြစ်ခဲ့သည်။ Quantum Systemsကုမ္ပဏီ၏ ပူးတွဲအမှုဆောင်အရာရှိချုပ် Sven Kruck က ယူကရိန်းအနေဖြင့် စက်မှုအဆင့်အတန်းမြင့်စွာဖြင့် ထုတ်လုပ်ထားသည့် ကြားဖြတ်ဒရုန်းများ လိုအပ်နေသည်။ ယူကရိန်းနိုင်ငံအတွင်း ထုတ်လုပ်မှုကို တိုးချဲ့ခြင်းဖြင့် လက်ရှိကြုံတွေ့နေရသော ခြိမ်းခြောက်မှုကို ပိုမိုလျင်မြန်စွာ တုံ့ပြန်နိုင်မည်ဖြစ်သကဲ့သို့ ဂျာမနီနှင့် ၎င်း၏မဟာမိတ်များ၏ ကာကွယ်ရေးစွမ်းရည်ကိုပါ အားဖြည့်ပေးနိုင်မည့် စက်မှုထုတ်လုပ်မှုစွမ်းရည်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

**Germany Announces ‘Tens of Thousands’ of Interceptor Drones for Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၇၂၃၉ ဧက စိုက်ပျိုးမည်



ယခင်နှစ်က စားတော်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ၁၇၂၃၉ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူခရိုင်တွင် စားတော်ပဲ စိုက်ပျိုးရန်အတွက် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ၉၈၉၇ ဧကနှင့် ကျွန်းလှမြို့နယ်တွင် ၇၃၄၂ ဧက စုစုပေါင်း ၁၇၂၃၉ ဧကတို့ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမှုကို ယခုနှစ်အောက်တိုဘာလ တတိယပတ်မှစတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူခရိုင်မှာ စားတော်ပဲဧက ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့ ဆောင်ရွက်ပေးသွားပါမယ်။ စားတော်ပဲ စိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တောင်သူတွေကို အသိပညာပေး ဆွေးနွေးတာတွေ လုပ်မယ်။ စားတော်ပဲ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးသွားပါမယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြသည်။

ယခုနှစ် ကန့်ဘလူခရိုင်တွင် စားတော်ပဲစိုက် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောပြ၍ သိရသည်။

(၂၀၆)




# စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**စေတုတ္တရာ အောက်တိုဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွင့်တောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်များ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါအကြောင်းအရာများ၊ စီမံကိန်းချေးငွေဖြင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်လာမှုကြောင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်အတွက် အထောက်အကူပြုပုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၄ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပွင့်တောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၂ ဦးကို ငွေကျပ် ၂၀ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၂ ဒသမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၄ သန်းကို ထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးခူပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း ငါးခူပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ငါးခူပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ငါးခူပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခူများ တင်ပို့ရောင်းချလာရသည့်အတွက် ငါးခူမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။



"ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခူပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို ပြီးခဲ့တဲ့တစ်လအတွင်းကော အခုလက်ရှိမှာပါ ငါးခူတွေ တင်ပို့ရောင်းချအားကောင်းနေပါတယ်။ အခုလို တင်ပို့အားတက်လာတော့ ငါးခူမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ လက်ရှိတင်ပို့ရောင်းချခဲ့သည့် ငါးခူတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၂၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကလောမြို့နယ် ဈေးကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း

**ကလော အောက်တိုဘာ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းမထိကျေးရွာအုပ်စု ဈေးကုန်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက တက်ရောက်လာကြသော ဈေးကုန်းကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြသည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို အသုံးပြုကာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ် ကြီးကြပ်မှုတို့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



⚐ ရှေ့ဖုံးမှအဆက်

ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးတက်ကောင်းမွန်လျက်ရှိမှု၊နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၏ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးဆွေးနွေးဆောင်ရွက်နိုင်ခဲ့မှု၊ နှစ်နိုင်ငံကြားစွမ်းအင်နှင့် သဘာဝဓာတ်ငွေ့ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ရာသီဥတုဖောက်ပြန်မှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို နှစ်နိုင်ငံကြားပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

PPIB News



## ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီး H.E. Mr. Akanat Promphan တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

☆ ကျောဖုံးမှအဆက်

ကမ်းနားလမ်းတစ်လျှောက်ရှိ အိမ်ရာများ အမြင့်တင်တယ်ပြီး စနစ်တကျရှိစေရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်၍ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကျန်စစ်သားလမ်းရှိ ဘောလုံးကွင်း၊ အားကစားကွင်းများ တည်ဆောက်မည့် လျာထားအဆိုပြုမြေနေရာနှင့် ကနောင်မင်းသားကြီးလမ်းရှိ လျာထားအဆိုပြုမြေနေရာများကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် စက်မှုဒေသလမ်းမကြီးရှိခေတ်မီပန်းခြံနှင့်ဘောလုံးကွင်းတည်ဆောက်မည့်လျာထားအဆိုပြုမြေနေရာကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ် ပြည်ထောင်စုလမ်းရှိ ဘောလုံးအားကစားကွင်းလျာထားအဆိုပြုမြေနေရာကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)အနော်ရထာစက်မှုဇုန်ရှိ တိုးချဲ့ဆောင်ရွက်မည့်မြေနေရာများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများကို လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၁၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် တရားလွှတ်တော်ရှေ့နေများ၊ အထက်တန်းရှေ့နေများနှင့် အလုပ်သင်ရှေ့နေများကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တရားစီရင်ရေးမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေကြသူများအနေဖြင့် လွှတ်တော်ကို စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော်တွင် မဏ္ဍိုင်ကြီး သုံးရပ်ရှိသည့်အနက် မိမိတို့လွှတ်တော်သည် ပြည်သူကရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့်ဖွဲ့စည်းထားသည့် ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် လွှတ်တော်နှစ်ရပ်စနစ်ကိုကျင့်သုံးပါကြောင်း၊ မိမိတို့လွှတ်တော်များသည် တည်ဆဲဥပဒေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးဖြစ်ထွန်းစေမည့် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုမရှိသည့် ဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်း၊ လိုအပ်ပါက ဥပဒေအသစ်များပြဋ္ဌာန်းခြင်းဖြင့် ဥပဒေပြုတာဝန်ကိုလည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူများ၏အသံကို မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကိုယ်စားပြုခြင်းတာဝန်ကို လည်းကောင်း၊ အခြားမဏ္ဍိုင်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူနှင့်အစိုးရကြား ပေါင်းကူးပေးရသည့်တာဝန်ကိုလည်းကောင်း ထမ်းဆောင်လျက်ရှိပြီး အဆိုပါတာဝန်များကို မိမိတို့လွှတ်တော်တွင် ဖွဲ့စည်းထားသည့်ကော်မတီများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ထို့ကြောင့် ကော်မတီများသည် လွှတ်တော်၏ အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိပါကြောင်း၊ အထူးသဖြင့် အမျိုးသမီး၊ကလေးသူငယ်၊သက်ကြီးရွယ်အို၊ မသန်စွမ်းသူများနှင့် မူးယစ်ဆေးဝါးဆိုင်ရာ တည်ဆဲဥပဒေများကို လိုအပ်ပါက ပြင်ဆင်၊ ဖြည့်စွက်နိုင်ရေး စိစစ်လေ့လာလျက်ရှိပါကြောင်း၊ ယခုတက်ရောက်လာသူများသည် ဥပဒေများနှင့် ရင်းနှီးကျွမ်းဝင်သူများဖြစ်၍ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များတွင် အကြံဉာဏ်များပြုနိုင်ပါကြောင်း၊ မိမိတာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း စွမ်းရည်မြင့်မားပြီး ပြည်သူကိုဗဟိုပြုသော ခေတ်မီလွှတ်တော်တစ်ရပ်ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်ကို ပြည်သူများပိုမိုသိရှိပြီး အားကိုးအားထားပြုသည့် မဏ္ဍိုင်ဖြစ်လာစေရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ယနေ့လွှတ်တော်အစည်းအဝေးတွင် ပြည်သူများ၏အသံနှင့်ဆန္ဒများနှင့်စပ်လျဉ်း၍ မေးခွန်းများ မေးမြန်းဆောင်ရွက်နေမှုများကို ကိုယ်တိုင်ကိုယ်ကျမြင်တွေ့ခွင့်ရသည့်အတွက် လွှတ်တော်သည် ပြည်သူနှင့် တစ်သားတည်းရှိသည်ကို တွေ့ရှိရသဖြင့် အားရကျေနပ်မိပါကြောင်း၊ ပွင့်လင်းမြင်သာပြီး ဒီမိုကရေစီနည်းလမ်းကျစွာဆောင်ရွက်နေမှုများသည် အရွေ့တစ်ခုသို့ရောက်ရှိနေသည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ လွှတ်တော်သည် ပြည်သူများအတွက် အရေးကြီးသည့်မဏ္ဍိုင်တစ်ခုဖြစ်ပြီး လာရောက်လေ့လာသင့်သည့်နေရာတစ်ခုဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့်ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့်Onlineစနစ်ဖြင့် “ခ”၊ “ဂ”၊ “ဃ”၊ “င” ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက်(သောကြာနေ့)မှစတင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/ Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါ စနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot.gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

| | | |
|---|---|---|
| ရုံးချုပ်(နေပြည်တော်) | - | ၀၆၇-၃၄၀၅၀၉၉ |
| နေပြည်တော်ရုံး | - | ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄ |
| တိုင်းဒေသကြီးရုံး(ရန်ကုန်) | - | ၀၉-၉၅၄၉၂၁၀၀၀ |
| တိုင်းဒေသကြီးရုံး(မန္တလေး) | - | ၀၉-၄၃၀၉၆၉၈၀ |

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၁၉

ဘယ်လာရုစ်သမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာကိုချန်နိုဗာ၏ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ဘယ်လာရုစ်သမ္မတနိုင်ငံသို့ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော် နာယက ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုလွှတ်တော် နာယကနှင့်အတူ ပြည်သူ့ငွေစာရင်းကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်ဆွေ၊ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာစောနေလင်းအောင်၊ မြန်မာ-ဘယ်လာရုစ် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ အတူတကွယှဉ်တွဲနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် သက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်မရေးထိုးထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း၊ အဆိုပါဆွေးနွေးမှုများမှ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ပြင်ဆင်၊ ဖြည့်စွက်ရန် ၄၃ ချက် သဘောတူနိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးသွားရန် နိုင်ငံတော်သမ္မတထံ ပေးပို့ထားပြီးဖြစ်ကြောင်း၊ လူ့အဖွဲ့အစည်းအတွင်း ကွဲပြားစေသည့်အကြောင်းရင်းများကို သုတေသနပြုဖော်ထုတ်၍ နိုင်ငံရေးပါတီများ၏ကွန်ရက်ကိုအသုံးပြုကာ လူထုစုစည်းရေး၊ ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတွင် ပိုမို ပါဝင်လာအောင်ဆောင်ရွက်ရန်လိုကြောင်း၊ ဘာသာပေါင်းစုံကွဲပြားနေသော ပြည်သူများကို နိုင်ငံရေးပါတီများက ပေါင်းစည်းပေးစေလိုပြီး လူမှုသဟဇာတဖြစ်ရေးကို ဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်အဖွဲ့အနေဖြင့် နေရပ်စွန့်ခွာသူများကို ကူညီဆောင်ရွက်ပေးနိုင်ရေး လှုပ်ရှားမှုများကို သီးခြားဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း၊ နေရပ်ပြန်မည့် နေရပ်စွန့်ခွာသူများအတွက် ရေရှည်အသက်မွေးဝမ်းကျောင်းဆိုင်ရာမူဝါဒများဆွေးနွေးရန်နှင့် အစိုးရ၏ လုပ်ဆောင်ချက်များတွင် ပေါင်းစပ်အကူအညီပေးစေလိုကြောင်း၊ ကယား၊ ချင်း၊ ပအိုဝ်းဒေသများရှိ ပြည်သူများ၏ နေရပ်ပြန်ရေး၊ လုံခြုံရေး၊ စားဝတ်နေရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကို ကူညီဖြေရှင်းပေးစေလိုကြောင်း၊ နိုင်ငံရေးပါတီများသည် ပြည်သူလူထုကိုယ်စားပြုသော အဖွဲ့အစည်းဖြစ်ကြောင်း၊ မီဒီယာကိုအသုံးချ၍ အစိုးရနှင့်ပြည်သူ၊ တပ်မတော်နှင့်ပြည်သူ၊ ပြည်သူနှင့်ပြည်သူကြား အမြင်ကွဲပြားအောင် ဆောင်ရွက်နေကြကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကုန်စည်စီးဆင်းမှုကောင်းမွန်ရေးအတွက် ပြည်သူ့ကိုယ်စားပြုလွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြတောင်းဆိုချက်များအပေါ်တွင် လိုအပ်သလို အရေးယူဆောင်ရွက်မှုများပြုလုပ်ပေးနေကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း အတူတကွလက်တွဲပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။



ယင်းနောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ပါဝင်ဆွေးနွေးဆောင်ရွက်နိုင်ရန် နိုင်ငံရေးပါတီအစုအဖွဲ့ကို စုဖွဲ့မှုပုံစံအသစ်စုဖွဲ့ပေးထားသဖြင့် တွေ့ဆုံဆွေးနွေးမှုသည် ပိုမိုအားကောင်းလာမည်ဖြစ်ကြောင်း၊ ယခင်က ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပြင်ဆင်ဖြည့်စွက်နိုင်ရေးသာဆွေးနွေးခဲ့ကြပြီး ယခု ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုပါ ပါဝင်ဆောင်ရွက်ခွင့်ပေးသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီကို ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံရေးပါတီများအနေဖြင့် မည်သို့ဖွဲ့စည်းပြီး မည်သို့ပါဝင်ဆောင်ရွက်သွားသင့်သည်ဆိုသည်ကို ဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများမှ မိမိတို့ဒေသအတွင်းရှိ ပြည်သူလူထုကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်ဆောင်ရွက်ရေး ကြိုးပမ်းသွားကြမည်ဖြစ်ကြောင်း၊ ပဋိပက္ခဒဏ်ခံစားနေကြရသော ဒေသခံပြည်သူများ၏လိုလားချက်များ၊ တောင်းဆိုမှုများကိုသိရှိအောင်ဆောင်ရွက်ပြီး လိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်ပေးသွားကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆွေးနွေးမှုအစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြရာ နိုင်ငံရေးပါတီများအစုအဖွဲ့က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၌ အားလုံးပါဝင်ရေးအတွက် ကြားဝင်စေ့စပ်ဆောင်ရွက်ရာတွင် ပါတီအစုအဖွဲ့မှ လုပ်ဆောင်သွားမည့်အစီအစဉ်ကို အချင်းချင်းညှိနှိုင်းပြီး ညှိနှိုင်းရေးကော်မတီသို့ တင်ပြသွားမည့်ကိစ္စ၊ ပဋိပက္ခဖြစ်ပွားရာဒေသများတွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထု၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အမြင်သဘောထားများကို ဆန်းစစ်ကောက်ယူဆောင်ရွက်သွားရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ကြားဝင်ဆောင်ရွက်ပေးနိုင်မည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များကို ချိတ်ဆက်ဆောင်ရွက်သွားရေး၊ ယုံကြည်မှုတည်ဆောက်နိုင်ရန် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များ တွေ့ဆုံဆွေးနွေးရန်လိုပြီး အစိုးရနှင့်ပြည်သူကြား လူမှုသဟဇာတဖြစ်ပေါ်စေရေးအစီအမံများ ချမှတ်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင် နိုင်ငံရေးပါတီများကို ဒေသအလိုက် ငြိမ်းချမ်းရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်ဆောင်ရွက်သွားမည့်ကိစ္စတို့ကို ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ ငြိမ်းချမ်းရေးဆောင်ရွက်မှုလုပ်ငန်းစဉ်များ အပေါ်တွင် ကျယ်ပြန့်စွာ သိရှိနားလည်ပြီး နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသောငြိမ်းချမ်းရေးမူဝါဒများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ လက်ရှိဆောင်ရွက်နေသည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် ပိုမိုလေးနက်စွာနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် ပိုမိုအထောက်အကူပြုရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မပါဝင်သေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံရေး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ပူးပေါင်းညှိနှိုင်းဖြေရှင်းရေး၊ ဒေသအလိုက်မတူညီသော အခြေအနေများအပေါ်အခြေခံပြီး နိုင်ငံရေးပါတီ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရန် နည်းလမ်းများ၊ မီဒီယာနှင့် လူထုထိတွေ့ဆက်ဆံရေးလိုအပ်ချက်များနှင့် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပထမနေ့ဆွေးနွေးပွဲကို ရပ်နားပြီး ဆွေးနွေးပွဲ ဒုတိယနေ့ကို အောက်တိုဘာ ၂၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

**ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို**
**သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ**
**(၂၀၂၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၆။)**
၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
(၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ဃ)၏ နောက်တွင် ပုဒ်မခွဲ (င)အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(င) သတ်မှတ်ထားသည့်အတိုင်း ရွေးကောက်ပွဲကုန်ကျစရိတ် စာရင်းတင်သွင်းရန် ပျက်ကွက်သဖြင့် အရည်အချင်း ပျက်ယွင်းသည်ဟု ရွေးကောက်ပွဲခုံအဖွဲ့၏ ဆုံးဖြတ်ခံရခြင်း။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၁-က။ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူတစ်ဦးသည်-

(က) ယင်းကိုယ်စားပြုပါတီအား နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၄)၊ (၅)၊ (၆)၊ (၇) နှင့် (၁၁) တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ(ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်း ကိုပယ်ဖျက်ခံရပါက လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းမှ အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းကိုယ်စားပြုပါတီ ဖျက်သိမ်းလျှင်ဖြစ်စေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ်(၁)၊ (၂)၊ (၃)၊ (၈)၊ (၉) နှင့် (၁၀)တို့ပါ အချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသဖြင့် ပုဒ်မခွဲ (ခ)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရလျှင်ဖြစ်စေ၊ ပုဒ်မ ၂၄ ပုဒ်မခွဲ (င)အရ နိုင်ငံရေးပါတီ အဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခံရ လျှင်ဖြစ်စေ အခြားပါတီတစ်ခု၏ လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရပ်တည်ခွင့်ပြုရန် သက်ဆိုင်ရာပါတီ၏ ပါတီဝင်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားဖြင့် ပါတီ ဖျက်သိမ်းသည့်နေ့မှစ၍ သို့မဟုတ် ပယ်ဖျက် ခံရသည့်နေ့မှစ၍ ရက်ပေါင်း ၆၀ အတွင်း ကော်မရှင်သို့ လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားခြင်းမရှိပါက လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက် ခံရခြင်းမှ အလိုအလျောက်ပျက်ပြယ်ပြီးဖြစ် သည်ဟု မှတ်ယူရမည်။

ခြွင်းချက်။ တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စား လှယ်အဖြစ်သာ ရပ်တည်လို ကြောင်းဆန္ဒရှိပါက ထိုသို့ရပ်တည် လိုကြောင်း ကော်မရှင်သို့ ရက် ပေါင်း ၆၀ အတွင်း တင်ပြဆောင် ရွက်နိုင်သည်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါ အတိုင်းအစားထိုးရမည်-

"၂၈။ (က) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည် စာရင်း တင်သွင်းထားသူတစ်ဦးသည် အမည်စာရင်း တင်သွင်းလွှာကို သတ်မှတ်ထားသည့်အတိုင်း ရုပ်သိမ်းခွင့်ရှိသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည် စာရင်းထုတ်ပြန်ကြေညာပြီးနောက် လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ်မှ သတ်မှတ်ထားသည့် အတိုင်း နုတ်ထွက်ခွင့်ရှိသည်။"

၅။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၀-က ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀-က။ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေး ပါတီများမှ ဗဟိုအလုပ်အမှုဆောင်များ၊ လွှတ်တော် ကိုယ်စားလှယ်လောင်းများနှင့် ယင်းတို့၏ ရွေးကောက်ပွဲကိုယ်စားလှယ်များသည် ကော်မရှင် ကသတ်မှတ်ထားသည့်အတိုင်း အောက်ပါနည်းလမ်း များဖြင့် မဲဆွယ်စည်းရုံးနိုင်သည်-"

၆။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၂ ပါ "နံနက် ၆ နာရီ" ဆိုသည့်စကားရပ်ကို "နံနက် ၇ နာရီ"ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ" ဆိုသည့်စကားရပ်ကို "ညနေ ၅ နာရီ" ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၇။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၈ ပုဒ်မခွဲ (ခ) ပါ "၂ ရက်ကြိုတင်၍" ဆိုသည့်စကားရပ်ကို "၃ ရက်ကြိုတင်၍" ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ "ညနေ ၄ နာရီ မတိုင်မီ" ဆိုသည့်စကားရပ်ကို "နံနက် ၉ နာရီမတိုင်မီ" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ရမည်။

၈။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ ပုဒ်မခွဲ (ဃ)ပါ "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ကို "လွှတ်တော်ကိုယ်စားလှယ် သို့မဟုတ် လွှတ်တော် ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ်" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၉**

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက် အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပ ရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နယ်မြေရှင်းလင်းခြင်းနှင့် လမ်းတံတားပြုပြင်ခြင်းများ ဆောင်ရွက်ပေးနိုင်ရေး၊ ဆေးရုံအဆင့်တိုးမြှင့်ပေးနိုင်ရေး၊ ကျေးလက်ကျန်းမာ ရေးဌာန ဆောက်လုပ်ပေး၍ ကျန်းမာရေးဝန်ထမ်းများ ခန့်အပ်ပေးနိုင်ရေး၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်၍ ပညာသင်ဆုများပိုမိုရရှိအောင် ဆောင် ရွက်ပေးနိုင်ရေး၊ ကိုယ်ပိုင်ကျောင်း၊ ပုဂ္ဂလိကကျောင်း အမည်များကို မြန်မာဘာသာဖြင့် ဆောင်ရွက်ပေးရေး၊ ပညာရေးဝန်ထမ်းများကို ရာထူးတိုးပြောင်းရွှေ့ခန့်ထား ရာတွင် "စံ" များထားရှိပေးနိုင်ရေး၊ ပုဂ္ဂလိကကျောင်း များနှင့် ပြည်ပနိုင်ငံများမှရရှိသောဘွဲ့များကို အသိအမှတ်ပြုထားမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ မေးခွန်း ရှစ်ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက် ကြသည်။

ဦးစွာ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၏ **ကျောက်ကြီးမြို့နယ် ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားထိ လမ်းကို လုံခြုံရေးဆောင် ရွက်ခြင်း၊ နယ်မြေရှင်းလင်းခြင်းနှင့် လမ်းတံတားပြုပြင် ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်က ကျောက်ကြီး- နတ်သံကွင်းလမ်းပေါ်ရှိ ရန်မျိုးအောင်ကျေးရွာမှ အင်းသဘောက်တံတားထိ ၃ ဒသမ ၄ မိုင် လမ်းပိုင်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများကို နယ်မြေလုံခြုံရေးနှင့် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများ အပြည့်အဝဆောင်ရွက် ပြီးပါက မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များ အပေါ်မူတည်၍ လမ်းတံတားများ ပြုပြင်ခြင်း၊ ကတ္တရာ လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ကုန်ကျ စရိတ်များတွက်ချက်ကာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ပြုပြင်တည်ဆောက်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အဆိုပါ လမ်းပိုင်းကို ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက် မှုဖြင့် လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေး အပြည့်အဝရရှိ အောင် ဆောင်ရွက်ပြီးမှသာ ပြည်သူများပုံမှန်အသုံးပြု နိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းမိုးဇော်ဦး၏ **မိုင်းဆတ် ခရိုင်ရှိ ခုတင် ၅၀ ဆံ့ဆေးရုံကို ခုတင် ၁၀၀ ဆံ့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး လူနာဆောင်များ အမြန်ဆုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွန်းက မိုင်းဆတ်မြို့ ခုတင် ၅၀ ဆံ့ ပြည်သူ့ဆေးရုံ ၏ တစ်ရက်ပျမ်းမျှ အတွင်းလူနာဦးရေမှာ ၂၀၂၃ ခုနှစ် တွင် ၁၇ ဦး၊ ၂၀၂၄ ခုနှစ်တွင် ၁၈ ဦး၊ ၂၀၂၅ ခုနှစ်တွင် ၁၉ ဦး၊ သုံးနှစ် စာပျမ်းမျှခြင်းအနေဖြင့် ၁၈ ဦးရှိပြီး ဆေးရုံ ခွင့်ပြုခုတင်အသုံးပြုမှုရာခိုင်နှုန်းမှာ ၂၀၂၃ ခုနှစ်တွင် ၃၄ ရာခိုင်နှုန်း၊ ၂၀၂၄ ခုနှစ်တွင် ၃၆ ရာခိုင်နှုန်း၊ ၂၀၂၅ ခုနှစ် တွင် ၃၈ ရာခိုင်နှုန်း၊ သုံးနှစ်စာပျမ်းမျှခြင်းအားဖြင့် ၃၆ ရာခိုင်နှုန်းသာရှိကြောင်း စိစစ်တွေ့ရှိရပါသဖြင့် လတ်တလော ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ်သို့ တိုးမြှင့်ရန်အစီအစဉ်မရှိသေးပါကြောင်းနှင့် နောင်တွင် ဆေးရုံ၏လုပ်ငန်းဆောင်ရွက်မှုများလာပါက ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် တိုးချဲ့လူနာဆောင်များ ကို မိုင်းဆတ်မြို့ ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့မှ ခုတင် ၁၀၀ ဆံ့ ခရိုင်ဆေးရုံကြီးအဖြစ် အဆင့်တိုးမြှင့်ခွင့်ရရှိပြီး သောအခါ အဆောက်အအုံလိုအပ်ချက်ရှိပါက အနီးစပ် ဆုံးဘဏ္ဍာနှစ်တွင် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးမဲဆန္ဒနယ်မှ ဦးခင်မောင်သန်း၏ **ကလေး ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး(တာဟန်း)နှင့် ကျေးလက်ကျန်းမာရေးဌာန(တာဟန်း)တို့ကို မည်သည့် ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးမည်နှင့် ကျန်းမာရေး ဝန်ထမ်းများကို ခန့်ထားပေးရန်အစီအစဉ်ရှိ၊ မရှိမေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြည်သူ့ကျန်းမာ ရေးဦးစီးဌာနမှူးရုံး(တာဟန်း) လေးထပ်ဆောင် ဆောက်လုပ်နေမှုကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် ၂၀၂၆-၂၀၃၀ ပြည့်နှစ် ငါးနှစ်တာစီမံကိန်းတွင် ထည့်သွင်းလျာထားပြီး ဖြစ်ပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာန(တာဟန်း) စံကိုက်အဆောက်အအုံဆောက်လုပ်ပေးနိုင်ရန် ၂၀၂၇- ၂၀၂၈ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တွင် ကျန်းမာရေးမှူး ၄၃ ဦး ခန့်ထားပေးလျက်ရှိပြီး တာဟန်းကျေးလက်ကျန်းမာရေးဌာနတွင် အမျိုးသမီး ကျန်းမာရေးဆရာမ တစ်ဦး၊ သားဖွားဆရာမ တစ်ဦး၊ ကျန်းမာရေးမှူး-၄ နှစ်ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက် မှုပေးလျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့နယ် ၃၇ မြို့နယ်ရှိရာ တိုင်းဒေသကြီး ပြည်သူ့ ကျန်းမာရေးဦးစီးဌာန

**စာမျက်နှာ ၁၉ သို့**

**စာမျက်နှာ ၁၈ မှအဆက်**

စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ကျန်းမာရေးမှူးများကို လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သလို ပြောင်းရွှေ့တာဝန်ချထားပေးခြင်းများ ဆောင်ရွက်လျက်ရှိပြီး တာဟန်းကျေးလက်ကျန်းမာရေးဌာနတွင် ကျန်းမာရေးမှူး တစ်ဦးကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၆ ရက်မှစ၍ တာဝန်ချထားပြီးဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကလေးခရိုင် တာဟန်းကျေးလက်ကျန်းမာရေးဌာနတွင် လစ်လပ်လျက်ရှိသော ဌာနစောင့် တစ်ဦးခန့်ထားပေးရန် ကိစ္စနှင့်ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ နေ့စားဝန်ထမ်း ခုနစ်ဦးကို အမြဲတမ်းဝန်ထမ်းများအဖြစ်သို့ ခန့်ထားပေးရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဘိုကလေးမဲဆန္ဒနယ်မှ ဦးစန်းမောင်၏ **ဘိုကလေးမြို့နယ် ဟေမန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဟေမန်ကျေးလက်ကျန်းမာရေးဌာန၏ အထွေထွေဆေးခန်းလာလူနာသစ်၊ လူနာဟောင်းဦးရေမှာ ၂၀၂၃ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း သိသာစွာတိုးတက်လာမှုမရှိခြင်း၊ လွှမ်းခြုံလူဦးရေ ၃၀၀၀၀ ကျော်ရှိသော်လည်း အနီးဆုံးဆေးရုံများသို့ သွားရောက်ရန် ၄၅ မိနစ်မှ တစ်နာရီခွဲသာကြာမြင့်ခြင်း၊ တိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေနေရာအကျယ်အဝန်း လုံလောက်မှုမရှိခြင်းတို့ကြောင့် ဟေမန်ကျေးလက်ကျန်းမာရေးဌာနကို တိုက်နယ်ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ရန် လတ်တလောအစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာကျော်ကျော်ငွေး၏ **ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များချိတ်ဆက်၍ ပညာသင်ဆုများ ပိုမိုရရှိရေးဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းသားကျောင်းသူများ နိုင်ငံတကာအဆင့်မီပညာရေး သင်ယူနိုင်ရေးနှင့် နိုင်ငံတကာပညာသင်ဆုအခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာတက္ကသိုလ်များကြား ပညာရေး၊ သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့ သင်တန်းများစေလွှတ်လျက်ရှိရာ ပါရဂူဘွဲ့အတွက် ၈၁ ဦး၊ မဟာဘွဲ့အတွက် ၂၆ ဦး၊ ဒီပလိုမာသင်တန်းအတွက် ၁၂ ဦး၊ အခြားသင်တန်းများအတွက် ၁၃၂ ဦး စေလွှတ်ခဲ့ပြီး စုစုပေါင်းသင်တန်းသား ၂၅၁ ဦး စေလွှတ်ပြီးဖြစ်ပါကြောင်း။

လက်ရှိအနေဖြင့် ပြည်ပနိုင်ငံများတွင် ပါရဂူဘွဲ့တက်ရောက်ရန် စေလွှတ်ထားသော သင်တန်းသား ၃၂ ဦးရှိပြီး မဟာဘွဲ့တက်ရောက်ရန်စေလွှတ်ထားသော သင်တန်းသား သုံးဦး ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနမှ လက်ရှိတွင် နိုင်ငံပေါင်း ကိုးနိုင်ငံသို့ ပညာတော်သင်သင်တန်းသားစုစုပေါင်း ၆၉ ဦး စေလွှတ်လျက်ရှိပါကြောင်း၊ ပြည်တွင်းတက္ကသိုလ်များနှင့် နိုင်ငံတကာရှိ တက္ကသိုလ်များချိတ်ဆက်၍ နိုင်ငံတကာအဆင့်မီပညာသင်ကြားနိုင်ရန်နှင့် ပညာသင်ဆုများရရှိရေးအတွက် (MoU) နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပညာသင်ဆုများ တိုးမြှင့်ရရှိစေရေးအတွက် ဦးတည်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၏ **ပုဂ္ဂလိကပညာရေးဥပဒေအရ ဒုတိယအမျိုးအစား ကိုယ်ပိုင်ကျောင်း သို့မဟုတ် ပုဂ္ဂလိကကျောင်းများ၏ အမည်များကို မြန်မာဘာသာဖြင့်ဖြစ်စေရန် ဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ (က)နှင့် (ခ) အရ မှတ်ပုံတင်လက်မှတ်ထုတ်ပေးထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်း၊ နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများ အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့်သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားလုံး၏ အမည်များ မြန်မာဘာသာဖြင့် တစ်ပြေးညီဖြစ်စေရေးဆောင်ရွက်ရန် အစီအစဉ်မရှိသေးပါကြောင်း၊ နိုင်ငံတကာသင်ရိုးသင်ကျောင်းများသည် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ရာတွင်လည်းကောင်း၊ အသိအမှတ်ပြုမှု accreditation ရယူရာတွင်လည်းကောင်း၊ မူရင်းအမည်မှာ ပိုမိုသင့်တော်ပါကြောင်းနှင့် တရားဝင်ရုံးသုံးစာရွက်စာတမ်းများတွင် မြန်မာဘာသာဖြင့် အသုံးပြုလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ပညာရေးဝန်ထမ်းများကို ရာထူးတိုးပြောင်းရွှေ့ခန့်ထားရာတွင် "စံ" များထားရှိရေး အစီအစဉ်ရှိ၊ မရှိမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက ပညာရေးဝန်ကြီးဌာနအနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနရှိသင်ကြားရေးဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ ရာထူးတိုးမြှင့်ခြင်းနှင့် ပြောင်းရွှေ့ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရာထူးတိုးမြှင့်ခန့်ထားခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုချက်ရယူပြီးသော ရာထူးအမျိုးအစားအလိုက် အနည်းဆုံးလိုအပ်သော ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအရည်အချင်း သတ်မှတ်ချက်များဖြင့်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင်ပါရှိသော ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ တန်းစီဇယားပုံစံများဖြင့်လည်းကောင်း၊ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခြင်းအတွက် တန်းစီဇယားမှုများကို တက္ကသိုလ်များမှ သက်ဆိုင်ရာပုဂ္ဂိုလ်များပါဝင်သော အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ပြီး ရရှိလာသောမှုများဖြင့် တိကျစွာစိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆရာအတတ်ပညာဦးစီးဌာနရှိ သင်ကြားရေးဆရာ၊ ဆရာမများနှင့် စီမံခန့်ခွဲရေးဝန်ထမ်းများ၏ ရာထူးအားလုံးအတွက် ရာထူးတိုးမြှင့်ခန့်ထားခြင်း၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခြင်း၊ ပြောင်းရွှေ့လျှောက်ထားရာတွင် အနည်းဆုံးတာဝန်ထမ်းဆောင်ရမည့်နှစ်များ သတ်မှတ်ခြင်း၊ အနေကြာသတ်မှတ်ခြင်း၊ အနေကြာသတ်မှတ်ချက်မှ ကင်းလွတ်ခြင်း၊ မိသားစုပေါင်းစည်းခြင်း (ပညာရေးနှင့် အခြားဝန်ကြီးဌာန)နှင့် ရာထူးတိုး၊ ပြောင်းရွှေ့အမိန့်စာများထုတ်ပြန်ခြင်းတို့ကို စံများသတ်မှတ်ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း။

အခြေခံပညာဦးစီးဌာနရှိ ပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ အပြောင်းအရွှေ့ ရာထူးပြောင်း၊ ရာထူး (တာဝန်ပြောင်း)နှင့် ရာထူးဝင်ပေါက်ခန့်ထားရေးများကို အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ဦးဆောင်မှုဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီး (ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း)တို့ပါဝင်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ပြင်ဆင်ရေးဆွဲသတ်မှတ်အတည်ပြု၍ ခွင့်ပြုခဲ့သော သတ်မှတ်ချက်များအတိုင်း အခြေခံပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ ပြောင်းကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနရှိ ပညာရေးဝန်ထမ်းများ၏ ရာထူးတိုး၊ ပြောင်းရွှေ့ခြင်းကိစ္စများကို သတ်မှတ်ထားသည့် စံများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း၏ **ပုဂ္ဂလိကကျောင်းများနှင့် ပြည်ပနိုင်ငံများမှရရှိသော ဘွဲ့များကို မည်ကဲ့သို့အသိအမှတ်ပြုထားကြောင်းနှင့် နိုင်ငံ့တာဝန်ထမ်းဆောင်ခွင့်ရရှိရေးအတွက် မည်ကဲ့သို့စီမံထားရှိမှုကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်းက မြန်မာနိုင်ငံတွင် ပုဂ္ဂလိကပညာသင်ကျောင်းများနှင့် နိုင်ငံတကာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသော ပုဂ္ဂလိကကျောင်းများ၌ ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့များနှင့် ပြည်ပနိုင်ငံများမှရရှိထားသော ဘွဲ့များနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကပညာရေးဥပဒေပုဒ်မ ၃၈၊ ၃၉ နှင့် ၄၀ တွင် ဖော်ပြထားသော ပုဂ္ဂလိကကျောင်းဆရာ အရည်အချင်းသတ်မှတ်ချက်တစ်ရပ်ရပ်နှင့်ကိုက်ညီပါက သက်ဆိုင်ရာပုဂ္ဂလိကအခြေခံပညာ ကျောင်းဆရာအဖြစ်လည်းကောင်း၊ ပုဂ္ဂလိကအဆင့်မြင့်ပညာ ကျောင်းဆရာအဖြစ်လည်းကောင်း၊ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာအဖြစ်လည်းကောင်း လျှောက်ထားနိုင်ပြီး ပုဂ္ဂလိကကျောင်းဆရာအဖြစ် လျှောက်ထားသူများသည် DCS(Disloyal Civil Servant) ကင်းရှင်း၍ ရရှိသောဘွဲ့မှန်ကန်မှုရှိပါက သက်ဆိုင်ရာ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ထုတ်ပေး၍ အသိအမှတ်ပြုထားပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်လျှောက်ထားလိုပါက သက်ဆိုင်ရာဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာများနှင့်အညီ လျှောက်ထားနိုင်ပါကြောင်းနှင့် ပုဂ္ဂလိကကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခြင်းသည်လည်း နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းပင်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၉ ရက်မြောက်နေ့ကို အောက်တိုဘာ ၂၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်
ရုပ်သံဖိုင်ကြည့်ရန်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဌက္ကဋ္ဌရုံး (နေပြည်တော်)**
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁
- (ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂
- (ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)**
  - (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆
- (ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
  - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈
- (င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
  - (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀
- (စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)**
  - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄
- (ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
  - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇
- (ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
  - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈
- (ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
  - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉
- (ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀
- (ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
  - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁
- (ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
  - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂
- (ဍ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
  - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃
- (ဎ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
  - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄
- (ဏ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
  - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅
- (တ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
  - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီး မစ္စတာ လဲ့ဟိုင်ချို၏ ဖိတ်ကြားချက်အရ အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ China National Convention Center ၌ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ အာရှနိုင်ငံများ၊ အရှေ့တောင်အာရှနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ ကျွန်းစုနိုင်ငံများ၊ SCO အဖွဲ့ဝင်နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ WHO အဖွဲ့မှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။




ညီလာခံဖွင့်ပွဲ အခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီချန်က အဖွင့်အမှာစကား ပြောကြားပြီး အမျိုးသားကျန်းမာရေးကော်မရှင်ဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးနှင့် ပေကျင်းမြူနီစပယ်အစိုးရ တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် "Advancing Primary Health Care Together: From Commitment to Action" ခေါင်းစဉ်ဖြင့်ကျင်းပသည့် Government Forum သို့တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Global Traditional Medicine Strategy 2025–2034 နှင့်အညီ ရွေးကောက်ခံအစိုးရ၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းဆေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံ၏ပဏာမကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် တိုင်းရင်းဆေးကုသမှုလုပ်ငန်းများ၏ အရေးပါမှု၊ တိုင်းရင်းဆေးဝါးများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနိုင်ရေးနှင့် အရည်အသွေးပြည့်ဝစေရေး စိစစ်ကြပ်မတ်ဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းဆေးပညာရှင်များ စနစ်တကျမွေးထုတ်လေ့ကျင့်ပေးနေမှု၊ တိုင်းရင်းဆေးရုံ၊ ဆေးခန်းများ အဆင့်မြှင့်တင်ရေးဆောင်ရွက်မည့် အခြေအနေများ၊ တိုင်းရင်းဆေးသုတေသနလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး နှစ်စဉ်သုတေသနညီလာခံ ဆောင်ရွက်နေမှုများကို ပြောကြားခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တိုင်းရင်းဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဆေးပင်များစဉ်ဆက်မပြတ်ပြုစုထိန်းသိမ်းရေး ဝန်ကြီးများအဆင့် Roundtable Discussion သို့ တက်ရောက်၍ ဆေးပင်များ စဉ်ဆက်မပြတ်ပြုစုထိန်းသိမ်းရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်း၏ အရေးပါမှု၊ မြန်မာနိုင်ငံတွင်လည်း နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ပရဆေးဥယျာဉ်များ တည်ထောင်ထားရှိမှုနှင့် ရှားပါးပရဆေးပင်များပြုစုထိန်းသိမ်းထားရှိမှုများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ညီလာခံတက်ရောက်နေစဉ်အတွင်း တရုတ်အမျိုးသားကျန်းမာရေးကော်မရှင် ဒုတိယဝန်ကြီး H.E Mr Zeng Yixin နှင့်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံ အာယုဗေဒကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Vaidya Rajesh Kotecha နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုပိုမိုမြှင့်တင်ရေး၊ နယ်စပ်ဒေသကူးစက်ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုရေးနှင့် သတင်းအချက်အလက်များဖလှယ်ရေး၊ တိုင်းရင်းဆေးပညာ လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်သင်ကြားပေးရေး၊ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ညီလာခံတက်ရောက်လာကြသည့် နိုင်ငံတကာကိုယ်စားလှယ်များသည် ပေကျင်းမြို့ရှိ ခုတင် ၁၂၀၀ ဆံ့ ဟိုင်ဒန်ခရိုင်ပြည်သူ့ဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံ၏ အဆင့်မြင့်နည်းပညာသုံး ကင်ဆာဆေးကုသမှု၊ Robotic Surgery နည်းပညာဖြင့် အရိုးရောဂါများ၊ အစာအိမ်အူလမ်းကြောင်းနှင့် ကျောက်ကပ်ရောဂါ ခွဲစိတ်ကုသမှုဆောင်ရွက်နေမှု၊ ပေကျင်းမြို့ Hygea Health Innovation Center သို့ သွားရောက်ပြီး အဆင့်မြင့်နည်းပညာသုံး ကင်ဆာဆေးကုသစက်များ၊ ခွဲစိတ်ကုသမှု လေ့ကျင့်ရေးစင်တာတည်ထောင်ထားရှိမှုကို လေ့လာကြည့်ရှုခဲ့ကြသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့တိုင်းရင်းဆေးညီလာခံသို့ နိုင်ငံတကာမှကိုယ်စားလှယ်များ၊ ပညာရှင်များ စုစုပေါင်း ဦးရေ ၁၅၀၀ ကျော် တက်ရောက်ခဲ့ကြပြီး AI နည်းပညာနှင့်Robotic နည်းပညာအသုံးပြု တိုင်းရင်းဆေးကုသမှုပြခန်းများ၊ ရောဂါရှာဖွေရေးနှင့် ဆေးကုသမှုအထောက်အကူပြုစက်ပစ္စည်းများ၊ စက်ရုပ်များပြသထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အယ်လ်နီညိုဖြစ်စဉ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**မန္တလေး အောက်တိုဘာ ၁၉**

အယ်လ်နီညိုဖြစ်စဉ်ကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ခြင်းများ စီမံဆောင်ရွက်ထားရေးနှင့် စားရေရိက္ခာဖူလုံရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ဆောင်ရေး၊ အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း(Home Gardening)လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများမှ တိုင်းဒေသကြီးဦးစီးမှူးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ Virtual Online ဖြင့် တက်ရောက်ကြသည့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများက အယ်လ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်များနှင့် ကြုံတွေ့လာနိုင်မည့်အခြေအနေများအပေါ် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားမှုများ၊ အပူရှောင်စခန်းများဖွင့်လှစ်ထားရှိမှုများ၊ အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးခြင်း (Home Gardening) လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်သွားမည့်အစီအမံများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် ဖြည့်စွက်ဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။**မျိုးကျော်**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**



● နေပြည်တော်သို့ရောက်ရှိမှု

ရောက်ရှိကြပြီဖြစ်သည်။

“ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့အနေနဲ့ စုစုပေါင်း ဦးရေ ၂၂၀ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ ပြိုင်ပွဲဝင်မယ့် ကလေးတွေရဲ့ လေ့ကျင့်ရေး၊ ကျန်းမာရေးနဲ့ လိုအပ်တာတွေ အားလုံးကို အခက်အခဲမရှိအောင် ပံ့ပိုး ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကတော့ တစ်နိုင်ငံလုံး အနေနဲ့ အဆင့်(၅)ရခဲ့တယ်။ ဒီနှစ်မှာတော့ ဆုတံဆိပ်တွေ ပိုမိုရရှိအောင်နဲ့ အဆင့်ကို အရင်နှစ်ထက်ပိုတက်အောင်လုပ်မယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ လာရောက်ယှဉ်ပြိုင်ရခြင်းဖြစ်ပါတယ်။ ပြိုင်ပွဲဝင်ကလေးတွေ အနေနဲ့ အထူးကြိုးစားထားကြတဲ့အတွက် ကျေနပ်အားရမိပါတယ်။ ပဲခူးတိုင်းဒေသကြီးက ဇာတ်တော်ကြီးပြိုင်ပွဲနဲ့ ရုပ်စုံသဘင်အဖွဲ့လိုက် ပြိုင်ပွဲမှာလဲ အင်ပြည့်အားပြည့်နဲ့ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်”ဟု တိုင်းဒေသကြီး ဥပဒေချုပ် ဦးခင်မောင်တင့်က ပြောသည်။

ထိုသို့ ရောက်ရှိလာကြသည့် ပြိုင်ပွဲဝင်အဖွဲ့များကို တာဝန်ရှိသူများက နွေးထွေးပျူငှာစွာကြိုဆိုနှုတ်ဆက်ကြပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးကြသည်။

“အဆိုပါပြိုင်ပွဲ ကာလပေါ်ဘာသာရပ်မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ၁၈ ကြိမ်မြောက် ပြိုင်ပွဲကတည်းကစပြီး ယှဉ်ပြိုင်ခဲ့တာပါ။ ဒီနှစ်နဲ့ဆိုရင် ကိုးနှစ်မြောက် ရှိပါပြီ။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရတဲ့ အခါမှာ အတွေ့အကြုံတွေအများကြီး ရသလို အနုပညာညီအစ်ကိုမောင်နှမတွေနဲ့တွေ့ဆုံခွင့်ရတယ်။ အခြားတိုင်းဒေသကြီးနဲ့ပြည်နယ်က ဘယ်လိုတွေ ကြိုးစားလာတယ်။ တစ်နှစ်ထက်တစ်နှစ် မတူတဲ့အတွေ့အကြုံတွေ အများကြီးရတဲ့ အပြင် ရခဲ့တဲ့အတွေ့အကြုံတွေကနေပြီးတော့ ကိုယ်ရှုံးနိမ့်ခဲ့တဲ့ အရာတွေ၊ ဆုမရခဲ့တဲ့အရာတွေကို သင်ခန်းစာယူပြီးတော့ မနှစ်ကတော့ သမီးရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်မှာလဲ မနှစ်ကထက် ဆုတွေ ပိုမိုရရှိအောင် ကြိုးစားသွားမှာဖြစ်ပါတယ်”ဟု မကွေးတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် မစုမြတ်နိုးက ပြောသည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အဖွဲ့များ ကျန်းမာရေးချို့ယွင်းမှု တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကုသပေးနိုင်ရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ပြိုင်ပွဲဝင်အဖွဲ့များ စာပေဗဟုသုတများတိုးပွားစေရန်အတွက် သုတ၊ ရသစာအုပ်၊ စာစောင်များစုံလင်စွာဖြင့် စာကြည့်တိုက်ကိုလည်းကောင်း ဖွင့်လှစ်ပေးထားသည်။

အဆိုပါပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး ကချင်ပြည်နယ်မှ ၁၁၃ ဦး၊ ကယားပြည်နယ်မှ ၉၃ ဦး၊ ကရင်ပြည်နယ်မှ ၁၃၅ ဦး၊ ချင်းပြည်နယ်မှ ၄၉ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးရေ ၂၀၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၂၂ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ဦးရေ ၂၂၀၊ မကွေးတိုင်းဒေသကြီးမှ ၁၃၇ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၅၈ ဦး၊ မွန်ပြည်နယ်မှ ၂၁၆ ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၆ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၈၂ ဦး၊ ရှမ်းပြည်နယ်မှ ဦးရေ ၁၂၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၈၉ ဦးတို့က ပြိုင်ပွဲအမျိုးအစားအဆင့်အလိုက် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ လက်ဝှေ့ပြိုင်ပွဲမှ



ပဲခူးတိုင်းဒေသကြီးအသင်းမှ ဝေယံထွန်းက မွန်ပြည်နယ်အသင်းမှ လင်းခန့်ကိုကိုကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ လင်းထက်စံက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဖြိုးပိုင်ကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဖိုးလပြည့်က ဧရာဝတီတိုင်းဒေသကြီးအသင်းမှ စုပါလင်းဇော်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ခန့်ဖြိုးကျော်က ရှမ်းပြည်နယ်အသင်းမှ ရွှေပေါက်ကိုလည်းကောင်း၊ ၅၄ ကီလိုတန်းပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းမှ ဟာခေါဇေက ကချင်ပြည်နယ်အသင်းမှ နေလင်းထွန်းကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ထွန်းထက်ခိုင်က ရှမ်းပြည်နယ်အသင်းမှ မင်းသက်ခိုင်ကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ဖြိုးကျော်ကျော်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ရဲရင့်ထွေးကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ စောစိုးထက်စံက မွန်ပြည်နယ်အသင်းမှ လွင်မင်းတင်ကိုလည်းကောင်း၊ ကီလို ၆၀ တန်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းမှ လာဗျက်ကျဲလ်က ချင်းပြည်နယ်အသင်းမှ ရဲထက်ပိုင်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟအောင်က ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ဇင်ကိုလတ်ကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းမှ အောင်မင်းခန့်က တနင်္သာရီတိုင်းဒေသကြီးအသင်းမှ ဇော်ဇော်ဖြိုးကိုလည်းကောင်း၊ ကရင်ပြည်နယ်အသင်းမှ အောင်ခန့်ဖြိုးက ရှမ်းပြည်နယ်အသင်းမှ စိုင်းအွန်ဖကိုလည်းကောင်း၊ ကီလို ၈၀ တန်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ကောင်းထက်ဇော်က မန္တလေးတိုင်းဒေသကြီးအသင်းမှ ဇော်ဆိုင်းနော်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်အသင်းမှ ဟန်ထူးလွင်က ရခိုင်ပြည်နယ်အသင်းမှ စိုးမင်းပိုင်ကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ သီဟကိုကိုက ချင်းပြည်နယ်အသင်းမှ စိုင်းဆိုင်ဖကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကောင်းမြတ်သူက မွန်ပြည်နယ်အသင်းမှ ဉာဏ်လင်းကိုလည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

အလားတူ အမျိုးသမီး ကီလို ၅၀ တန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ လဝန်းနွယ်က ပဲခူးတိုင်းဒေသကြီးအသင်းမှ ပြည့်ပြည့်စံကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းမှ နော်တာဘာလုဆိုးက မွန်ပြည်နယ်အသင်းမှ ပန်းသဇင်မြင့်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ သန္တာက ကရင်ပြည်နယ်အသင်းမှ ချိုချိုအေးကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းမှ ဖူးဖူးက ချင်းပြည်နယ်အသင်းမှ နှိမ်မနားကိုလည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက်(ယနေ့) မွန်းလွဲ ၂ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

❑ ဂုဏ်ပြုကြိုဆိုမှု

ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့်ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာလုံခြုံမှုရှိစေရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမအား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီးအမှုတ်အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (မြဝ)

## အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဗြိတိန်နိုင်ငံ တတိယမြောက် ချားစ်ဘုရင်က စာအုပ် နှစ်အုပ် အိတ်ပိတ်စာအိတ် တစ်အိတ်နှင့် သံတမန်အိတ်ပိတ်စာ ပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံ ဗြိတိန်နိုင်ငံ တတိယမြောက် ချားစ်ဘုရင်က ပေးပို့သည့် စာအုပ် နှစ်အုပ် (The Land Gardeners – Soil to Table နှင့် Soil The World at Our Feet) အိတ်ပိတ်စာအိတ် တစ်အိတ်နှင့် သံတမန်အိတ်ပိတ်စာတို့ကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အကျဉ်းသူ ဒေါ်အောင်ဆန်းစုကြည်ထံသို့ ပေးပို့ခဲ့သည့် စာအုပ်များ




Soil The World at Our Feet




The Land Gardeners – Soil to Table

❖ ဂေါက်သီးရိုက်ပြိုင်ပွဲမှ

ရွှေ့ဆိုင်းခဲ့ပြီး တတိယအကျော့နှင့် စတုတ္ထအကျော့တို့ကို အောက်တိုဘာ ၁၈ ရက်တွင်ကျင်းပခဲ့ရာ ချာကာရာက စုစုပေါင်းရိုက်ချက် ၂၆၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက်လျော့ရိုက်ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ချာကာရာသည် DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမအကျော့မှ စတုတ္ထအကျော့ထိ စုစုပေါင်းရိုက်ချက် ၂၆၇ ချက်ဖြင့် သတ်မှတ်ရိုက်ချက်ထက် ၂၁ ချက် လျော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ချာကာရာ၏ နောက်တွင် နယူးဇီလန်ဂေါက်သီးရိုက်ကစားသမား ဟီလီယာက ၁၉ ချက်လျော့ဖြင့် ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ကာ ၂၀၂၅ ခုနှစ်က ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဖလက်ဝုဒ်အနေဖြင့် သတ်မှတ်ရိုက်ချက်ထက် ၁၃ ချက်လျော့ဖြင့် အဆင့်(၅) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : DP Tour**
**Trs : STA**

ရတနာသစ်တော ပြည့်သွေးကြော
သစ်တောရတနာ ထိန်းသိမ်းပါ။

# ၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်အဖွဲ့ကို ပို့ဆောင်နှုတ်ဆက်



**မန္တလေး အောက်တိုဘာ ၁၉**

၂၀၂၆ ခုနှစ် ၂၇ ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ(ဗဟိုအဆင့်) ပြိုင်ပွဲဝင်ရန် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ၊ အုပ်ချုပ်သူနည်းပြများ၊ ကြီးကြပ်သူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် မန္တလေးမြို့မှ နေပြည်တော်သို့ ထွက်ခွာသွားကြရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက စုရပ်ဖြစ်သော အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံရှေ့တွင် ပို့ဆောင်နှုတ်ဆက်သည်။

ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က မန္တလေး တိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များအနေဖြင့် ကျန်းမာရေးကို အထူးဂရုစိုက်သွားရန်၊ လေ့ကျင့်ထားမှုများနှင့် အတွေ့အကြုံများ ပေါင်းစပ်၍ တိုင်းဒေသကြီးဂုဏ်ဆောင်နိုင်သူများဖြစ်စေလိုပါကြောင်း ပြောကြား၍ အုပ်ချုပ်သူနည်းပြများနှင့် ကြီးကြပ်သူများကို လိုအပ်သည်များမှာကြားကာ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများကို ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များ ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများ ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်း သာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့်ဝေးကွာ၍ နေ့မအား ညမအား သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများကို တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများကို ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများလျှော့ချလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုကို ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက်ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျော့အိကျနေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့်ရေလှိုင်းရိုက်ခတ်ခြင်းဒဏ် မခံရစေရန်အတွက် မိုးရေကာဖျင်များ စနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျော့အိကျမှုကို ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေ ပိုမိုခိုင်မာတောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများအသုံးပြု၍ ယနေ့တွင် အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက မမြရေလှောင်တမံဆင်ခြေလျှောမြေသားနိမ့်ကျမှု ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံရေပြင်၏ နိမ့်မြင့်အမှတ် ၃၁၅ ပေမှ သိုလှောင်ရေလျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် တမံရှိ ရေ ၃၀၃ ဒသမ ၄၅ ပေသာ ကျန်ရှိတော့သဖြင့် ၁၁ ဒသမ ၅၅ ပေခန့်လျှော့နည်းသွားကြောင်း သတင်းရရှိသည်။ (၅၀၁)

❍ **တိုက်ရိုက်ထုတ်လွှင့်မည်မှ**

ထိုသို့ ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV HD ၊ MRTV Entertainment ၊ MRTV Parliament ၊ MRTV NRC Channel နှင့် MWD HD Channel ၊ MWD Variety HD Channel တို့မှ လည်းကောင်း၊ MOI Website ၊ MOI Youtube ၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM ၊ ရွှေ FM ၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက်(LIVE) ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပ



မန္တလေး အောက်တိုဘာ ၁၉

မန္တလေးမြို့ ရတနာပုံမြို့တည်နန်းတည် ပဉ္စမသင်္ဂါယနာတင် ဘုရင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး မဟာသကျမာရဇိန် ကျောက်တော်ကြီးမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ကပြဖျော်ဖြေခဲ့သည့်အဖွဲ့များကို ဂုဏ်ပြုငွေများ ချီးမြှင့်သည်။

မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား ၁၃၈ ကြိမ်မြောက် ဗုဒ္ဓပူဇနိယပူဇော်ပွဲတော်ကို သီတင်းကျွတ်လဆန်း ၈ ရက် အောက်တိုဘာ ၁၉ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် အောက်တိုဘာ ၂၄ ရက်ထိ ၁၁ ရက်တိုင် ကျင်းပသွားမည်ဖြစ်ပြီး သံဃာ့ဒါနဆွမ်းလောင်းလှူပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၃ ရက် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး လေးပြင်လေးရပ်မှ ပင့်သံဃာအပါး ၂၅၇၀ အား ဆွမ်းသပိတ်များနှင့် မွန်းလွဲ ၁ နာရီတွင် သီလရှင် အပါး၂၅၇၀ အား ဆွမ်းဆန်စိမ်းများ လောင်းလှူသွားမည်ဖြစ်သည်။

သီတင်းကျွတ်ကာလများတွင်ကျင်းပသည့် မန္တလေးမြို့ရှိ အထင်ကရစေတီတော်များတွင် ရက်အရှည်ဆုံးကျင်းပသည့် ဘုရားပွဲတော်ဖြစ်ပြီး ဒေသခံပြည်သူများ သာမက ပြည်တွင်းပြည်ပ ဘုရားဖူးလာပြည်သူများနှင့် လည်ပတ်ကြသူများ၊ ရိုးရာဓလေ့မြန်မာမုန့်မျိုးစုံများ၊ ဒေသထွက်ကုန်ပစ္စည်းများနှင့် အမှတ်တရပစ္စည်းများရောင်းချသည့် ဈေးဆိုင်ခန်းများ၊ ဇာတ်သဘင်ပွဲများဖြင့် နှစ်စဉ်စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

မျိုးကျော်

## မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီချိန်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးစိုးသက်နောင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ်ထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၉

ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးသက်နောင်သည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံ အီစတာနာနန်းတော်၌ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘုရင်မင်းမြတ် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒိုလာအဗ်နီ အယ်လ်မာဟွန် ဆူလ်တန် ဟာဂျီ အိုမာအလီ ဆိုင်ဖူဒင် ဆအာဒူလ် ခိုင်ရီ ဝါဒင်ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

### ❋ မူးယစ်ဆေးဝါးများဖမ်းဆီးရမိမှု

နောင်ချိုမြို့နယ် မကျီးရေကျော့ရွာအနီးတွင် မိုင်းရယ်မှ မန္တလေးသို့ ပုသိမ်ကြီးမြို့နယ် ကုန်တန်းလေးရွာနေ မျိုးသန့်ထက် ၃၄ နှစ် မောင်းနှင်ပြီး ဒိုက်ဦးမြို့နယ် အောင်စိုးမိုးရွာနေ မဇ္ဈိတ္တဖုံးလိုက်ပါလာသော HINO VAN အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၄၄ သိန်း(တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂ ဒသမ ၂ ဘီလီယံ)နှင့် ဘိန်းညိုမှုန့် ကီလို ၁၆၀ (တစ်ကီလိုလျှင် ငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သုည ဒသမ ၈ ဘီလီယံ)ကို ဖမ်းဆီးရမိခဲ့သည်။

သတင်းကွင်းဆက်အရ ယင်းနေ့ညနေ ၆ နာရီခွဲတွင် အဆိုပါနေရာ၌ သီပေါမှ နောင်ချိုသို့ လားရှိုးမြို့နယ် နောင်မိုရွာနေသူများဖြစ်သည့် စိုင်းညွန့်ဆွေ ၂၈ နှစ် မောင်းနှင်ပြီး စိုင်းအောင်ပွင့် ၃၁ နှစ် လိုက်ပါလာသော MITSUBISHI CANTER အမျိုးအစားယာဉ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁ ဒသမ ၃ သိန်း (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၆၅၀)ကို ဆက်လက်ဖမ်းဆီးရမိသဖြင့် မျိုးသန့်ထက်၊ မဇ္ဈိတ္တဖုံး၊ စိုင်းညွန့်ဆွေနှင့် စိုင်းအောင်ပွင့်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



စိုင်းညွန့်ဆွေ၊ စိုင်းအောင်ပွင့်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ အောက်တိုဘာ ၁၈ ရက်ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ကျိုင်းတုံမြို့နယ် နမ့်အော်ရွာအနီး ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းတွင် ကျိုင်းတုံမြို့နယ် ဘန်ကြူးရွာနေ ကျလား ၂၃ နှစ် မောင်းနှင်လာသော HONDA WAVE i အမျိုးအစား ဆိုင်ကယ်ကိုရပ်တန့် စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၅၀)ကို ဖမ်းဆီးရမိသဖြင့် ကျလားကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မိုင်းနောင်မြို့ရှိ သက်ကြီးဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က သက်ကြီးဘိုးဘွားများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၉

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းနောင်မြို့ရှိ သက်ကြီးဘိုးဘွားများကို အဆိုပါမြို့ရှိ နမ့်ခုံရှမ်းများပရဟိတအသင်းရုံးကုသိုလ်ဖြစ်ဆေးခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သက်ကြီးဘိုးဘွား ဦးရေ ၁၅၀ ကို သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သက်ကြီးဘိုးဘွားများအတွက် အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် နမ့်ခုံရှမ်းများပရဟိတအသင်းရုံး ကုသိုလ်ဖြစ်ဆေးခန်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

**၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၉ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ

တစ်ကျပ်သား (၁၆.၃၉၃၁၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆိုခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထား ဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများ အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများကို စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ လေးလုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် နှစ်လုံးတို့ကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊


ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို မဖြိုဖျက်မီတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ငါးထပ်အဆောက်အအုံကို စက်ယန္တရားများဖြင့် စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုကိုတွေ့ရစဉ်။

ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချ ဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံ တစ်လုံးကို ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ၁၀၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးကို ဖြိုချဖျက်ဆီးမှုမှာ ယနေ့ထိ ၃၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ လေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အပြီးတိုင် လုံးဝပပျောက်သွားစေရေး အထူးအလေးထား နှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မဝ)

## ရေကြောင်းသတိပေးချက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited ကုမ္ပဏီသည် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇောတိကသဘာဝဓာတ်ငွေ့စီမံကိန်းများရှိ Maintenance Area တွင် Subsea Inspection, Repair and Maintenance (IRM) Campaign လုပ်ငန်းများအား MERMAID SAPPHIRE ရေယာဉ်ဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်ထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

ရတနာနှင့် ဇောတိကစီမံကိန်းများ၏ Subsea Inspection, Repair and Maintenance (IRM) Campaign လုပ်ငန်းများဆောင်ရွက်မည့် အကျယ်အဝန်းများကို ဖော်ပြသည့် Coordinates များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လုပ်ကွက် M5/M6 ရှိ ရတနာပလက်ဖောင်းနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တည်နေရာ Coordinates များ

| Points | Latitude | Longitude |
|---|---|---|
| LCP | 15° 07′ 29″ N | 94° 46′ 59″ E |
| MCP | 15° 07′ 27″ N | 94° 46′ 56″ E |
| PP | 15° 07′ 23″ N | 94° 46′ 55″ E |
| QP2 | 15° 07′ 19″ N | 94° 46′ 56″ E |
| WP1 | 15° 07′ 24″ N | 94 ° 46′ 51″ E |
| WP2 | 15° 09′ 09″ N | 94° 46′ 51″ E |
| WP3 | 15° 02′ 03″ N | 94° 46′ 02″ E |
| WP4 | 15° 09′ 37″ N | 94° 43′ 02″ E |
| YDN Export Line | 15° 07′ 24″ N | 94° 46′ 56″ E |
| YDN Export Line | 14° 34′ 21″ N | 97° 54′ 27″ E |

(ခ) လုပ်ကွက် M9 ရှိ ဇောတိကပလက်ဖောင်းနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်း၏ တည်နေရာ Coordinates များ

| Points | Latitude | Longitude |
|---|---|---|
| ZPQ | 14° 11′ 27.800″ N | 96° 02′ 44.200″ E |
| ZWP1 | 14° 11′ 29.300″ N | 96° 02′ 49.100″ E |
| ZWP2 | 14° 16′ 35.700″ N | 96° 02′ 28.900″ E |
| ZWP3 | 14° 09′ 31.800″ N | 95° 56′ 47.300″ E |
| ZWP4 | 14° 01′ 34.137″ N | 95° 49′ 21.293″ E |
| ZWP5 | 14° 24′ 31.817″ N | 96° 02′ 02.443″ E |
| ZWP6 | 14° 08′ 28.681″ N | 95° 51′ 24.769″ E |
| ZWP7 | 14° 10′ 37.972″ N | 96° 04′ 48.017″ E |
| ZWP8 | 14° 19′ 06.252″ N | 95° 50′ 24.582″ E |
| ZWP9 | 14° 14′ 22.200″ N | 96° 09′ 07.390″ E |
| ZWP10 | 14° 18′ 37.184″ N | 96° 01′ 15.750″ E |
| ZWP11 | 14° 12′ 04.440″ N | 95° 48′ 36.450″ E |
| ZWP12 | 14° 11′ 52.798″ N | 95° 36′ 43.586″ E |
| ZWP13 | 14° 29′ 07.836″ N | 95° 59′ 22.765″ E |
| ZWP14 | 13° 59′ 54.310″ N | 95° 47′ 45.410″ E |
| ZWP15 | 14° 16′ 27.010″ N | 96° 05′ 12.954″ E |
| ZWP16 | 14° 15′ 20.183″ N | 95° 33′ 27.373″ E |
| ZWP17 | 14° 31′ 04.848″ N | 96° 00′ 39.758″ E |
| ZWP18 | 13° 57′ 00.176″ N | 95 46′ 05.549″ E |
| ZWP19 | 14° 15′ 24.134″ N | 95° 56′ 51.007″ E |
| ZTK Export Line | 14° 11′ 27.71″ N | 96° 02′ 47.03″ E |
| ZTK Export Line | 14° 27′ 34.2936″ N | 97° 54′ 13.313″ E |

သို့ဖြစ်ပါ၍ ကမ်းလွန်လုပ်ကွက်အမှတ် (M5/M6)နှင့် M9 ပိုက်လိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို တိုင်းတာရေးသင်္ဘော MERMAID SAPPHIRE ဖြင့် ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၂၀၂၇ ခုနှစ် မတ်လ ၃၁ ရက်ထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါ ပိုက်လိုင်းများ စစ်ဆေးပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည့် ဧရိယာအကျယ်အဝန်းနှင့် တည်နေရာများမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ထားသည်။

# စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၏ ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြှင့်တင်ခြင်းဖြင့် ဈေးကွက်ဝေစု ပိုမိုရရှိနိုင်မည့် အလားအလာများဆိုင်ရာ စာတမ်းကောက်နုတ်ချက်

### မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုတိုးတက်ရေးနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် အဓိက ကဏ္ဍသုံးခု၏ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ

မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင် ပဲမျိုးစုံထုတ်လုပ်မှုသည် အမျိုးသားစီးပွားရေးနှင့် ပို့ကုန်ကဏ္ဍအတွက် အရေးပါသော မောင်းနှင်အားတစ်ခုဖြစ်ပါသည်။ ပဲမျိုးစုံ၏ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို စာချုပ်ပါစံချိန်စံညွှန်းများအတိုင်း မြှင့်တင်နိုင်ရန်အတွက် တောင်သူလယ်သမားများ၊ နိုင်ငံတော်အစိုးရနှင့် ကုန်သည်/ပို့ကုန်လုပ်ငန်းရှင်များဟူသော အဓိကမဏ္ဍိုင်သုံးခု အပြန်အလှန်ချိတ်ဆက်၍ ဟန်ချက်ညီညီ ဆောင်ရွက်ရန် အလွန်ပင်လိုအပ်လှပါသည်။

**၁။ တောင်သူလယ်သမားများ၏ အရည်အသွေးမြင့်၊ ထွက်နှုန်းမြင့်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍ**

ကုန်ထုတ်လုပ်မှု၏ ပင်မအသက်သွေးကြောဖြစ်သော တောင်သူများသည် အစဉ်အလာစိုက်ပျိုးနည်းစနစ်များမှ ခေတ်မီနည်းပညာအခြေပြု စိုက်ပျိုးရေးသို့ပြောင်းလဲရန် လိုအပ်ပါသည်။ ဒေသရေမြေနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သည့် အသိအမှတ်ပြု မျိုးကောင်းမျိုးသန့်များကိုအခြေခံ၍ စိုက်ပျိုးရပါမည်။

စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (GAP)ကို စနစ်တကျ ကျင့်သုံးခြင်းဖြင့် ဓာတုဓာတ်ကြွင်းကျန်မှုကင်းစင်သော ပဲများကို ထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းကာ ခေတ်မီစက်ကိရိယာများသုံးစွဲခြင်း၊ ရိတ်သိမ်းချိန်လွန် အစိုဓာတ်ထိန်းသိမ်းခြင်းနှင့် မှိုတက်ခြင်းမှ ကာကွယ်ခြင်းတို့ကို ဂရုပြုခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုကို လျှော့ချရပါမည်။ တောင်သူများအနေဖြင့် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း (MPBMSMA) နှင့် နိုင်ငံတော်မှပံ့ပိုးသော ဈေးကွက်သတင်းအချက်အလက်များကို ပုံမှန်လေ့လာကြည့်ရှုလျက် အရည်အသွေးမီသီးနှံများကို အစဉ်တစိုက် စိုက်ပျိုးထုတ်လုပ်ပေးရမည်ဖြစ်ပါသည်။

**၂။ နိုင်ငံတော်၏ မူဝါဒနှင့် အခြေခံအဆောက်အအုံ ပံ့ပိုးရေးကဏ္ဍ**

နိုင်ငံတော်အနေဖြင့် ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အထောက်အကူပြုမည့် မူဝါဒများနှင့် အခြေခံအဆောက်အအုံများကို စနစ်တကျ ပံ့ပိုးပေးရပါမည်။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနများမှတစ်ဆင့် ပြည်ပဈေးကွက်က လိုလားသောမျိုးသစ်များကို သုတေသနပြုထုတ်လုပ်ပြီး တောင်သူများထံ သက်သာသောဈေးနှုန်းဖြင့် အချိန်မီဖြန့်ဖြူးပေးခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများနှင့် အရည်အသွေးမီ သွင်းအားစုများ အလွယ်တကူရရှိနိုင်ရေး၊ ကျေးလက်ကုန်ထုတ်လမ်းများ၊ လျှပ်စစ်မီးနှင့် စံချိန်မီသိုလှောင်ရုံများ တည်ဆောက်ပံ့ပိုးပေးခြင်းတို့ကို ဦးစားပေးဆောင်ရွက်ရပါမည်။

ဝယ်ယူသူနိုင်ငံများနှင့် ကုန်သွယ်မှု မူဝါဒတည်ငြိမ်မှုရှိစေရန် G2G သဘောတူညီချက်များ ခိုင်မာစွာချုပ်ဆိုခြင်းနှင့် ပြည်ပပို့ကုန်များ စံချိန်စံညွှန်းပြည့်မီကြောင်း သက်သေပြနိုင်မည့် အပြည်ပြည်ဆိုင်ရာ အသိအမှတ်ပြု အရည်အသွေးစစ်ဆေးရေးဓာတ်ခွဲခန်းများကို တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် တောင်သူများ၏ အရည်အသွေးမီသီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကို စဉ်ဆက်မပြတ် တိုးမြှင့်အောင် ပံ့ပိုးပေးရန်လိုအပ်ပါသည်။

**၃။ ကုန်သည်နှင့် ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ဈေးကွက်ရှာဖွေရေးကဏ္ဍ**

ကုန်သည်များနှင့် ပို့ကုန်လုပ်ငန်းရှင်များသည် တောင်သူနှင့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးသူများဖြစ်သည့်အတွက် တောင်သူများနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးခြင်းစနစ်ကို ဦးစားပေး၍ တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်ဖော်ဆောင်ရမည်ဖြစ်ပါသည်။

အရည်အသွေးကောင်းမွန်သောပဲများကို ထိုက်တန်သည့်ဈေးနှုန်းပေး၍ ဝယ်ယူခြင်းဖြင့် တောင်သူများ အရည်အသွေးမြှင့်လိုစိတ်ကို တွန်းအားပေးရပါမည်။ ပဲများကို ကုန်ကြမ်းအတိုင်း တင်ပို့ခြင်းထက် သန့်စင်ခြင်း၊ ကြိတ်ခွဲခြင်း၊ Grading ရွေးချယ်ခြင်းနှင့် ထုပ်ပိုးမှုစနစ်များ မြှင့်တင်ကာ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပြောင်းလဲတင်ပို့ခြင်းဖြင့် အိန္ဒိယဈေးကွက်တစ်ခုတည်းအပေါ် မှီခိုနေမှုကိုလျှော့ချ၍ တရုတ်၊ အာဆီယံနှင့် ဥရောပဈေးကွက်သစ်များသို့ တိုးချဲ့ထိုးဖောက်ခြင်း၊ ခေတ်မီသိုလှောင်မှုနည်းစနစ် Cold Storage များဖြင့် ပဲ၏အရည်အသွေးမပျက် ထိန်းသိမ်းခြင်းတို့ဖြင့် ကမ္ဘာ့ဈေးကွက်တွင် ခိုင်မာသောနေရာတစ်ခု ရယူသင့်ပါသည်။

### မြန်မာ့ပဲမျိုးစုံ အရည်အသွေးမြှင့်တင်ခြင်းမှသည် ကမ္ဘာ့ဈေးကွက်သို့ တိုးချဲ့ထိုးဖောက်ခြင်း

ဆက်လက်တင်ပြမည့်အကြောင်းအရာမှာ "မြန်မာ့ပဲမျိုးစုံ ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြင့်မားလာမှုမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်သစ်များသို့ တိုးချဲ့ထိုးဖောက်နိုင်မည့်အခွင့်အလမ်းများ" အကြောင်းဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပဲမျိုးစုံကုန်သွယ်မှုစနစ်ကို လေ့လာကြည့်ပါက အဓိက အားနည်းချက်ကြီးတစ်ခုကို တွေ့ရမည်ဖြစ်ပြီး အဆိုပါအားနည်းချက်မှာ **Market Concentration Risk** ဟုခေါ်သည့် **အိန္ဒိယနှင့် တရုတ် ဈေးကွက်ကြီးနှစ်ခုအပေါ်၌သာ ရာနှုန်းပြည့်နီးပါးမှီခိုနေရခြင်း**ဖြစ်ပါသည်။ သို့သော်လည်း တောင်သူများ၏ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးကို တစ်ပြိုင်နက်တည်း မြှင့်တင်နိုင်ပါက ကျွန်ုပ်တို့၏ ပို့ကုန်ကဏ္ဍအတွက် အကြီးမားဆုံး အလှည့်အပြောင်းတစ်ခုဖြစ်လာမည်မှာ သေချာပါသည်။

အရည်အသွေး စံချိန်စံညွှန်းမီပြီး ဓာတုဓာတ်ကြွင်းကင်းစင်သော မြန်မာ့ပဲများသည် အိန္ဒိယနှင့် တရုတ်နိုင်ငံတို့အပြင် **အာဆီယံဒေသတွင်း ဈေးကွက်များ**ဖြစ်သည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်းနှင့် စင်ကာပူနိုင်ငံတို့သို့ **AFTA အခွန်ကင်းလွတ်ခွင့်**ကို အသုံးပြုကာ ထိုးဖောက်ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ထို့ပြင် မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲတီစိမ်းကို အမြောက်အမြားစားသုံးပြီး အရည်အသွေးကောင်းမွန်ပါက ဈေးနှုန်းမြှင့်ပေးချေလေ့ရှိသည့် **UAE၊ ဆော်ဒီအာရေဗျ၊ အီဂျစ်နှင့် တူကီယဲ အပါအဝင် အရှေ့အလယ်ပိုင်း High-end ဈေးကွက်များ**သို့ လည်းကောင်း၊ Vegan နှင့် ကျန်းမာရေးလိုက်စားသူများပြားသည့် **ဂျာမနီ၊ နယ်သာလန်နှင့် ဗြိတိန်အစရှိသော EU ဈေးကွက်များ**သို့လည်းကောင်း၊ ပဲပင်ပေါက်ဖောက်ခြင်းနှင့် မုန့်ပဲသရေစာများအတွက် အရည်အသွေးမြင့် မတ်ပဲနှင့် ပဲတီစိမ်းကို အလိုရှိနေသည့် **ဂျပန်နှင့် တောင်ကိုရီးယားကဲ့သို့ အရှေ့အာရှ အဆင့်မြင့်ဈေးကွက်များ**သို့လည်းကောင်း တိုက်ရိုက်တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ပါသည်။

ဤကဲ့သို့ အရည်အသွေးမြင့်တက်လာခြင်းသည် ပမာဏတိုးတက်ရုံသာမက စီးပွားရေးအရလည်း ကြီးမားသည့်တွက်ခြေကို ပေးစွမ်းနိုင်မည်ဖြစ်ပါသည်။ ပဲများကို မူလအတိုင်း အစုလိုက်အပြုံလိုက် တင်ပို့ရာမှ "Premium Grade" အဖြစ်ပြုပြင်၍ **ပုံမှန်ပေါက်ဈေးထက် ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ပိုမိုမြင့်မားသည့်** Premium Price ကို ရရှိနိုင်မည့်အပြင် ပဲခွဲခြမ်း(Split Dhal)၊ ပဲမှုန့်(Flour) နှင့် အသင့်စားပဲသရေစာများအဖြစ် ပြောင်းလဲထုတ်လုပ်သည့် **Value-Added Products** များ တင်ပို့နိုင်သဖြင့် ပို့ကုန်တန်ဖိုး ဆတိုးတိုးတက်လာမည်ဖြစ်ပါသည်။ အကျိုးဆက်အနေဖြင့် ဒေါ်လာနှင့် ယူရိုကဲ့သို့ ခိုင်မာသည့်နိုင်ငံခြားငွေကြေးများ တိုက်ရိုက်စီးဝင်လာပြီး ပို့ကုန်ကဏ္ဍတစ်ခုလုံး၏ Growth Rate ကို သိသိသာသာ တိုးမြှင့်လာစေမည်ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံ၏ သွင်းကုန်မူဝါဒပြောင်းလဲတိုင်း မြန်မာ့ပဲဈေးကွက် ရိုက်ခတ်မှုဒဏ်ခံရသည့်ဘဝမှ လွတ်မြောက်နိုင်ရန်အတွက်လည်း ဈေးကွက်သစ်များသို့ ခွဲဝေတင်ပို့ခြင်းက အဓိကသော့ချက်ဖြစ်ပါသည်။ ဈေးကွက် လေး၊ ငါးခုသို့ ဖြန့်ကြက်ထားနိုင်ပါက ဝယ်လိုအားပိတ်ပင်မှု သို့မဟုတ် အခွန်တိုးမြှင့်မှုဒဏ်များကို ကြံ့ကြံ့ခံနိုင်မည်ဖြစ်ကာ နိုင်ငံအလိုက် ပွဲတော်ရက်များနှင့် ရိတ်သိမ်းချိန်များမတူညီကြသည့်အတွက် တစ်နှစ်ပတ်လုံး ပုံမှန်ဈေးကွက်ဝယ်လိုအားရှိနေပြီး ရိတ်သိမ်းချိန် ဈေးနှုန်းကျဆင်းမှုကို ထိန်းသိမ်းထားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ပြည်ပစူပါမားကက်ကြီးများ၊ အစားအသောက်ကုမ္ပဏီကြီးများနှင့်တစ်နှစ်မှ သုံးနှစ်အထိ သေချာရေရာသည့် **ရေရှည်အရောင်းအဝယ်စာချုပ်များ**ကိုပါ စိတ်ချလက်ချ ချုပ်ဆိုနိုင်လာမည်ဖြစ်ပါသည်။

ကမ္ဘာ့ဈေးကွက်အတွင်း၌ ကနေဒါ၊ ဩစတြေးလျနှင့် ယူကရိန်းတို့ကဲ့သို့ ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရာတွင်လည်း မြန်မာနိုင်ငံ၏ စိုက်ပျိုးစရိတ်နှင့် လုပ်အားခသက်သာမှုကြောင့် ရရှိမည့် **ဈေးနှုန်းယှဉ်ပြိုင်နိုင်စွမ်း**၊ အာရှနှင့် အရှေ့အလယ်ပိုင်းသို့ ရေလမ်းခရီးနီးကပ်သဖြင့် သယ်ယူပို့ဆောင်စရိတ်သက်သာကာ အချိန်တိုအတွင်း ပို့ဆောင်နိုင်သည့် **Geographical Advantage** တို့က အသာစီးရစေမည်ဖြစ်ပါသည်။

ထို့အပြင် **"Myanmar Pulses"** ဟူသည့် သန့်ရှင်းလတ်ဆတ်မှုနှင့် စံချိန်စံညွှန်းမီမှုဟူသော Brand Reputation ပေါ်ထွက်လာပြီး ကမ္ဘာ့ကုန်စည်ဒိုင်များတွင် ဦးစားပေး တောင်းဆိုလာကြမည်ဖြစ်ရာ တောင်သူများ၏ထုတ်လုပ်မှုပမာဏနှင့် အရည်အသွေးမြင့်မားလာခြင်းသည် ပို့ကုန်တင်ပို့သူများအတွက် ကမ္ဘာ့ဈေးကွက် စင်မြင့်ထက်သို့ တက်လှမ်းနိုင်မည့် အကောင်းဆုံး သော့ချက်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ မြန်မာ့ပဲမျိုးစုံကဏ္ဍသည် ကုန်ကြမ်းရောင်းချသူဘဝမှ ကမ္ဘာ့ပဲဈေးကွက်ကို လွှမ်းမိုးနိုင်သော၊ စေတနာစိုက်ထုတ်မှုနှင့် အရည်အသွေးပြည့်ဝသော လုံခြုံစိတ်ချရသည့် ပို့ကုန်ကဏ္ဍအဖြစ်သို့ မလွဲမသွေ ကူးပြောင်းရောက်ရှိသွားတော့မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

**နိဂုံးချုပ်**

ခြုံငုံသုံးသပ်ရသော် မြန်မာ့ပဲမျိုးစုံကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများ၏ GAP စနစ်သုံး တန်ဖိုးမြှင့် စိုက်ပျိုးထုတ်လုပ်မှု၊ နိုင်ငံတော်၏ အခြေခံအဆောက်အအုံနှင့် မူဝါဒဆိုင်ရာပံ့ပိုးမှု၊ ပို့ကုန်လုပ်ငန်းရှင်များ၏ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်သစ်ဖောက်ကားခြင်းတို့သည် ကွင်းဆက်တစ်ခုအဖြစ် အပြန်အလှန် အမှီသဟဲပြုနေပါသည်။ သို့ဖြစ်ပါ၍ ကဏ္ဍအသီးသီးမှ တာဝန်ရှိသူများ ဆက်စပ်ချိတ်ဆက်ဆောင်ရွက်သွားပါက မြန်မာ့ပဲမျိုးစုံကဏ္ဍ၏ အနာဂတ်အလားအလာမှာ ပြည်တွင်း၌သာမက နိုင်ငံတကာဈေးကွက်တွင်ပါ ရေရှည်ခိုင်မာစွာ ရပ်တည်သွားနိုင်မည်ဖြစ်ပါသည်။

## လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက တိုင်ကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၁၉**

လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက် ပိုမိုသည့်နှုန်းထားဖြင့် ဝယ်ယူခဲ့ရခြင်း၊ fake accounts များမှတစ်ဆင့် ဝယ်ယူခဲ့ရခြင်းများရှိပါက ခရီးသည်အမည်၊ ဝယ်ယူခဲ့သည့်ရက်စွဲ၊ ခရီးစဉ်အချက်အလက်၊ Booking PNR/Ticket အမှတ်၊ ဝယ်ယူခဲ့ရသည့် ဈေးနှုန်းနှင့် ငွေပေးချေသည့်အထောက်အထား စသည့်တိကျသည့်သတင်းအချက်အလက်များနှင့်အတူ သက်ဆိုင်ရာလေကြောင်းလိုင်းများသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်းနှင့် လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဈေးနှုန်းထက်ပိုမိုရောင်းချခြင်း၊ fake accounts များမှတစ်ဆင့် ရောင်းချခြင်းများတွေ့ရှိရပါက မည်သူမဆို ပြစ်မှုဆိုင်ရာဥပဒေကြောင်းအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးချက်ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ရွှေရောင်ဝင်းဝါ

# စာဖတ်သောလူမျိုးက တိုးတက်ဦးမည်




**နိဒါန်း**

"မင်းက သမိုင်းကို သိလို့လား"

"သိပ့်ါဗျာ"

"သမိုင်းက ဘယ်နေရာမှာရှိတာလဲ"

"သမိုင်းကိုမှမသိကြရင်တော့ အ ပြီပေ့ါ"

"အေးဟုတ်ပြီ၊ ပြောပါဦး"

"သမိုင်းဆိုတာ အင်းစိန်ကြို့ကုန်းမရောက်ခင် မှတ်တိုင်"

ကဲ အပြစ်ပြောစရာတော့မရှိချေ။

သမိုင်းပညာထဲမှ သင်ယူမှတ်သားစရာသင်ခန်းစာများကို ဂဃနဏသိရှိအောင် စိတ်ပါဝင်စားသူနည်းပါးလှပေသည်။ ကိုယ့်အလုပ်နှင့်ကိုယ် အလုပ်ရှုပ်နေကြသော သာမန်အရပ်သားများကို မဆိုထားပါနှင့်။ ကျောင်းသူ၊ ကျောင်းသားအများစုကပင် သမိုင်းနှင့်ဝေးလှပါ၏။ ကျောင်းသားများကို ရှိပါစေဦး၊ အစိုးရကျောင်းမှ ဆရာ၊ ဆရာမ၊ ပုဂ္ဂလိကကျောင်းများက ဆရာ၊ ဆရာမတွေကို သမိုင်းပညာရပ်အား ကျကျနနထိရောက်အောင် သင်ပြခဲ့ကြသူများ မည်မျှရှိပါသနည်း။ စဉ်းစားစရာပါ။ တက္ကသိုလ်ကျောင်းများတွင် ဝိဇ္ဇာပညာရပ်များအနက် သမိုင်းဘာသာအဓိကယူလိုကြသော တက္ကသိုလ်ဝင်တန်းကျောင်းသား မည်မျှများသနည်း။

**သမိုင်းပညာ**

ပညာရေးတက္ကသိုလ်မှ သင်ပြနည်းဆိုင်ရာဌာန၏ ပါမောက္ခဒေါက်တာမတင်ဝင်း(၁၉၄၀-၂၀၂၆) သည် သမိုင်းဘာသာသင်ကြားပြသနည်းကို သင်ကြားပို့ချသောဆရာမကြီးလည်းဖြစ်သည်။ စာပေနယ်တွင် ၁၉၈၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ ထင်ရှားသော စာအုပ်ပေါင်းများစွာကို ရာနှင့်ချီ၍ နှစ် ၄၀ ကျော်ကာလအတွင်း ရေတံခွန်မှရေသွန်ကျဆင်းသကဲ့သို့ မရပ်မနားရေးအားကောင်းလှသည့် စာရေးဆရာမလည်းဖြစ်ပါ၏။ စင်စစ်မူ သူလိုစာရေးဆရာကလည်း ရှားရှားပါးပါးပင်။

သမိုင်းပညာရပ်နှင့်ပတ်သက်၍ မြန်မာလူမျိုးများသည် လေ့လာကြရန် စိတ်အားထက်သန်ကြပါသလား။ ရှာဖွေမှတ်သားဆည်းပူးအားကောင်းကြပါသလား။ စာရေးသူက ဘာမျှမဖော်ပြလိုပေ။ မိမိသည်ပင် မျက်ကန်းပုဏ္ဏားခြောက်ယောက်ပုံပြင်လိုဖြစ်မည်ထင်ပါသည်။ ဆင်ဆိုသည်ကား အသွားချွန်သောလှံ့လိုသတ္တဝါပါတကား။ ဆင်ဆိုသည်မှာ ယပ်တောင်အကြီးကြီးနှင့်တူပုံရပါ၏။ ဆင်ဆိုသည်မှာ သစ်ပင်ပင်စည်လုံးကြီးလိုပါပဲ စသဖြင့် မိမိထိတွေ့စမ်းသပ်မိရာကို လိုသလိုဆွဲပြောနေရာရောက်မည်ထင်ပါသည်။ သမိုင်း၏ဦးတည်ချက်နှင့်နေရာကို အမေးအဖြေတစ်ခုနှင့် သက်သေသာဓကဖော်ပြပါရစေ။

တစ်ချိန်တစ်ခါက (၁၉၇၀ ဝန်းကျင်က) စာရေးဆရာ**မောင်သာရ**က မန္တလေးတက္ကသိုလ်မှ သမိုင်းပါမောက္ခ **ဒေါက်တာသန်းထွန်း(၁၉၂၃-၂၀၀၅)**ကို ဤသို့မေးခဲ့ဖူးလေသည်။

**"သမိုင်းကို ဘာကြောင့်သင်ရသလဲ"**

ဆရာကြီးဒေါက်တာသန်းထွန်းက တိုတိုရှင်းရှင်း ဖြေ၏။

**"မအ အောင်လို့"**

**"The Royal Orders of Burma"**မြန်မာနန်းစဉ်မင်းဆက်ဟူသော သမိုင်းကျမ်းကို အင်္ဂလိပ်လို စာမျက်နှာပေါင်း ၇၆၀၀ ကျော်၊ အတွဲပေါင်း(၁၀)တွဲ ပြုစုရေးသားခဲ့သည့်အပြင် **"History of Buddhism in Burma A.D 1000-1300"**ဟူသော ၁၁ ရာစုမှ ၁၃ ရာစုကာလ မြန်မာပြည်မှာ ဗုဒ္ဓဘာသာသမိုင်းကို အင်္ဂလိပ်လို သုတေသနပြုထုတ်ဝေခြင်းအပါအဝင် ကျမ်းများ၊ သုတေသနစာတမ်းများ ဒါဇင်ပေါင်းများစွာ အမွေထားရစ်ခဲ့ပါ၏။ ပညာရှင်ဆိုသူအချို့ပင်လျှင် အင်္ဂလိပ်လို အပြော၊ အဖတ်၊ အရေး အားနည်းကြသည့်အပြင် မြန်မာဘာသာသို့ ပြန်ဆိုပေးလိုသော စေ့ဆော်မှုစေတနာလည်း နည်းပါးကြပုံရလေသည်။ မြန်မာဘာသာသို့ပြန်ပေးသူကား ရှားပါးနေဆဲပင်။

ဒေါက်တာသန်းထွန်းသည် လေ့လာဆည်းပူးမှု၊ စာဖတ်အားအလွန်ကောင်းသူဖြစ်သည့်အလျောက် ပညာရပ်ဆိုင်ရာသမိုင်းဘာသာအပြင် အခြား သူစိတ်ဝင်စားရာဝတ္ထုရှည်များ၊ အခြားဗဟုသုတများကိုလည်း ဘာသာပြန်၍ မြန်မာစာဖတ်ပရိသတ်အတွက် ရေးပေးတတ်ပါသည်။

**စာဖတ်မွေ့လျော်**

တရုတ်ရာဇဝင်သမိုင်းတွင် ခေတ်ပြောင်းလာသောအခြေအနေကြောင့် "တရုတ်အင်ပါယာဧကရာဇ်နောက်ဆုံးမင်း"ပုယီသည် ရင်ခွင်ပိုက်ဧကရာဇ်ဘုရင်ဘဝမှ ပေကျင်းရှိဥယျာဉ်တွင် သစ်ပင်ရေလောင်းရသူအဖြစ်ရောက်ခဲ့ရပုံ ဖြစ်ရပ်မှန်အတ္ထုပ္ပတ္တိကိုလည်း မြန်မာဘာသာပြန်ခဲ့ဖူးသေး၏။ ဤသည်မှာလည်း သမိုင်းကိုနားမလည်လျှင် အုပ်ချုပ်သူမည်သူမဆို ဤသို့ပင် ဖယ်ရှင်းလွှင့်စဉ်ကျရောက်သွားတတ်သည်ဟု **"မအအောင်"**သမိုင်းပါမောက္ခကြီးက သတိပေးချင်လေသလားတော့ မပြောတတ်ပါချေ။

တကယ်တမ်းကမူ တောင်သူလယ်သမား၊ ကျေးလက်တောရွာနေ စိုက်ပျိုး၊ မွေးမြူနေကြသူတွေပင် မျက်မှောက်ခေတ်ကာလ၏ သမိုင်းရေစီးကြောင်းကြီး ရွေ့လျားပြောင်းလဲနေပုံများသည် သမိုင်းစဉ်ရုပ်ရှင် ဆေးရောင်စုံဇာတ်ကား၊ ဇာတ်လမ်းတွဲကြီးပမာ စိတ်ဝင်စားစရာအလွန်ကောင်းလှပါသည်။ ဆန်စပါးကို ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းများစွာ တင်ပို့ရောင်းချခဲ့ဖူးသော မြန်မာ၊ ကျွန်းသစ်၊ ရေနံ၊ ကျောက်စိမ်း၊ ပတ္တမြား၊ ပုလဲနှင့် အဖိုးတန်သယံဇာတများစွာ ထုတ်လုပ်ရောင်းချတင်ပို့နိုင်သည့်နိုင်ငံဖြစ်ခဲ့ပါသော်လည်း ထိုက်သင့်သည့်အချိုးဖြင့် ဝင်ငွေမရရှာဘဲ အဆင့်ဆင့်သော ကုန်သည်၊ ပွဲစားမှ ရောင်းဝယ်ဖောက်ကားသော(ကုန်သွယ်မှုကုန်ကြမ်းမှ ကုန်ချောပြုလုပ်တတ်မှု၊ ပို့ဆောင်မှု၊ ကုန်ချောထုတ်လုပ်တင်ပို့တတ်မှု)အမြတ်များစွာရအောင် စီမံဖန်တီးတတ်သူများသာ အကျိုးစီးပွားမြောက်မြားစွာတိုးတက်ကြွယ်ဝဖွံ့ဖြိုးသွားခဲ့ကြသည်ကား ဆယ်စုနှစ်ပေါင်းများစွာကြာမြင့်ခဲ့ပေပြီ။ အတတ်ပညာနိမ့်ခဲ့ကြတာကိုး။

ကျောက်စိမ်းကိုလည်း ကျောက်တုံးအတိုင်းသာ တင်ပို့ရောင်းချသည်။ အခြားနိုင်ငံမှ အုပ်ချုပ်သူနှင့် ကုမ္ပဏီလုပ်ငန်းရှင်က စက်မှုအတတ်၊ လက်မှုအတတ်တို့ဖြင့် တန်ဖိုးအဆသိန်းသန်းတန်အောင် ဖန်တီးအကျိုးရှိခဲ့ကြသည်။ မြန်မာတို့ကား သံတူးရွှင်းဖြင့်တူးရင်း ဆင်းရဲနေမြဲသာ။

ပတ္တမြားတွင်းလည်း အလားတူပင်။ သယံဇာတဆိုသည်ကား စပါးလို၊ ဂျုံလို အစေ့စိုက်အပင်ပေါက်ပြီး အသီးအနှံထွက်သည့်အရာမျိုးမဟုတ်။ မြေအောက်မှာပဲ သိမ်းထားရမည့်အစား စက်ယန္တရားကြီးများနှင့် ထိုးကော်တူးဖော်နေကြသည်ကား တစ်နေ့ဥတစ်လုံး ရွှေဥ ဥပေးသောငန်းကြီးကို သတ်စားနေသောပုံပြင်ထဲက လူစားနှင့်တူလှချေတကား။ ငန်းမကြီး၏ရင်ဘတ်ကိုခွဲလျက် အထဲက ရွှေဥတွေအများကြီးကို တစ်ချီထဲယူချင်နေသူနှင့် ဘာထူးမှာလဲ။

**ပညာတော်ပါစေ**

**ဆင်းရဲသဖြင့် အသိဉာဏ်နည်းကြသည်။**

**အသိဉာဏ်နည်းသဖြင့် အမြော်အမြင်မရှိ။**

**အမြော်အမြင်ကင်းစွာလုပ်ကိုင်နေကြပုံများ။**

သမိုင်းကိုမသိသဖြင့် မိအေးခမျာ နှစ်ခါသုံးခါမကခံနေရပုံများကို သိစေလိုသဖြင့် ရေးသူက ရေးကြပါ၏။ ပေးသူက ပေးကြပါ၏။ သို့တစေ...ဒေါက်တာမတင်ဝင်း(ပညာရေးတက္ကသိုလ်) ဘာတွေရေး၍ ဘာတွေမျှဝေအသိပေးလေသလဲ မဖတ်ဖူးချေ။

ဒေါက်တာသန်းထွန်း (သမိုင်းပါမောက္ခကြီး) ဘာတွေသုတေသနလုပ်ပြီး ဖတ်ကြားခဲ့၊ ရှင်းပြခဲ့၊ သင်ကြားပြသခဲ့သည်ကို သတိမထားမိကြပေ။

**သင်ခန်းစာ**

သမိုင်းဟူသော မိမိတို့လူမျိုး၏ လာရာလမ်း၊ အစဉ်အလာ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ လူ့ကျင့်ဝတ်၊ သမိုင်းကြောင်းအတက်အကျ၊ အကောင်းအဆိုး၊ အမျိုးမျိုးသော သာဓကသင်ခန်းစာများကိုလည်း လေ့လာရကောင်းမှန်းမသိ ဖြစ်နေခဲ့သည်ရှိသော် လားရာဘယ်သောင်ကမ်းကို ဆိုက်မည်နည်း။ အမှန်တကယ်ကတော့ နိုင်ငံရေးတို့၊ သမိုင်းတို့ဆိုသည်မှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း စိတ်ပါဝင်စားလေ့လာနားလည်အပ်သော ပညာရပ်၊ ဘာသာရပ်များဖြစ်ပါ၏။ သို့တစေ အကြောင်းကြောင်း အထွေထွေအခြေအနေများကြောင့် နိုင်ငံရေးပညာ၊ သမိုင်းပညာတို့သည် နိုင်ငံရေးသမား၊ နိုင်ငံ့ဝန်ထမ်းနှင့် အုပ်ချုပ်သူတို့သာလျှင် သိရန်တတ်ရန်လိုအပ်သည်ဟု ထင်မြင်ခဲ့ခြင်းသည် အမြင်ကျဉ်းမြောင်းရာရောက်ခဲ့ပါပြီ။ တကယ်တော့ သူတို့က သမိုင်းဆရာ။

ပြည်သူလူထုက အခြေခံအနှစ်သာရအရ မူလအုပ်စိုးပိုင်ဆိုင်သောဒီမိုကရေစီစနစ်တွင် မဲဆန္ဒရှင်နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ပြည်ပအရင်းရှင်နယ်ချဲ့မီဒီယာအင်အား ထုထည်ကြီးမားစွာလွှမ်းမိုးကြိုးကိုင်၊ မွှေနှောက်နိုင်သည့်အန္တရာယ်များလှသော ယနေ့အခြေအနေမျိုးတွင် နိုင်ငံရေးရာ၊ နိုင်ငံတကာရေးရာ၊ စီးပွားရေး၊ သံတမန်ရေး၊ ခေတ်မီနည်းပညာ၊ အတတ်ပညာများ နောက်ကျမကျန်ရစ်စေရဘဲ မြင်ကွင်းကျယ်ရှုမြင်နိုင်စွမ်းရှိကြသော ပြည်သူတွေဖြစ်နေရပါမည်မဟုတ်လား။ အဆင်သင့်မဖြစ်ရှာပေ။

**အခြေအနေ**

**မျက်ကန်းလမ်းလျှောက်။**

**မျက်မမြင်တစ္ဆေမကြောက်။**

ခေတ်မီနည်းမျိုးစုံ၊ ဘက်ပေါင်းစုံမှ လွှမ်းမိုးထိုးဖောက်ကာ အင်အားကြီးအရင်းရှင်နယ်ချဲ့များကသူသေကိုယ်သေ အင်အားသုံးယှဉ်ပြိုင်အနိုင်လုနေကြသော ယနေ့နိုင်ငံတကာအခြေအနေတွင် မိမိတို့နိုင်ငံသည် ခိုင်မာစွာဆက်လက်ရှင်သန်လိုပါက သမိုင်းမပျောက်အောင် ဦးစွာပထမသတိပြုနိုင်ကြပါစေ။ သမိုင်းသည် လာရာလမ်းကိုမှတ်တမ်းတင်ထားသော အတိတ်ကသာဓကများဖြစ်ကြပါသည်။

ခေတ်များပြောင်းလဲလာပုံချင်းပင် မတူပါ။ မြေရှင်ပဒေသရာဇ်စနစ်မှာပင် ရေစုန်မျောနေဆဲကုန်းဘောင်ဆက်နောက်ပိုင်းဘုရင် လေး၊ ငါးပါးသည် အရင်းရှင်နယ်ချဲ့၏ကုန်သွယ်ရောင်းဝယ်မှုမှ ကျူးကျော်သိမ်းပိုက်ကာ ကိုလိုနီစနစ်ကျင့်သုံးဝင်ရောက်လာနေသည်ကို အလေးထားကာကွယ်ရကောင်းမှန်းမသိခဲ့ပေ။

မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ သမိုင်းရာဇဝင်ဂုဏ်ညှိုးလျက်၊ ထီးကျိုးစည်ပေါက်၊ ဗြိတိသျှနယ်ချဲ့၏ ကျူးကျော်သိမ်းပိုက်ခံရကာ ကျွန်သပေါက်ဘဝကျရောက်ခဲ့ရခြင်းကား သေနတ်ဝန် ကင်းဝန်မင်းကြီးဦးကောင်း၊ တိုင်တားမင်းကြီး ဦးဘိုး စသောထိပ်တန်းအရာထမ်း၊ အမှုတော်ထမ်း ပုဂ္ဂိုလ်ကြီးများလည်း သီပေါမင်းနှင့် စုဖုရားလတ်တို့ကဲ့သို့ပင် တာဝန်ရှိကြသည်။ သူတို့၏အားသာချက်၊ အားနည်းချက်အားလုံးကိုလည်း ၁၈၈၅ ခုနှစ် တတိယအကြိမ်အင်္ဂလိပ်ကျူးကျော်စစ်မှာ အဓိကဇာတ်ကောင်နေရာမှ ကပြသွားခဲ့သူ အက်ဒဝပ်ဘိုစ်၊ စလေဒင်(၁၈၂၇-၁၈၉၀) ခေါ် ဗိုလ်မှူးကြီးစလေဒင်၊ လော့ဒ်ဒပ်ဖရင်၊ ဗိုလ်ချုပ်ပရင်းတားဂတ်စ်၊ ဗြိတိသျှအမှုထမ်းခေါင်းဆောင်များက ၁၀ နှစ်ကြာမျှ ကြိုတင်လေ့လာခဲ့ကြပြီး ငါးနှစ်ကြာအောင် အနီးကပ်ဆက်ဆံထိတွေ့ပြီး သိရှိနားလည်ထားပြီးဖြစ်ကြ၏။ သူတို့ကသာ အထက်စီး။

**စပိုင်မျက်စိ**

ရန်သူ့ထံသို့ အတွင်းသတင်းများ၊ ယနေ့ဘာဟင်းနှင့် ပွဲတော်တည်ခဲ့သလဲမှအစ အကုန်ရောက်၏။ အတွင်းသူလျှိုထောက်လှမ်းရေးတွေရှိနေခဲ့ပြီးပြီ။

ကင်းဝန်မင်းကြီးဦးကောင်းက ဥရောပနိုင်ငံများထိ (သံငယ်မှ ဝန်ကြီးထိ)တာဝန်အဆင့်ဆင့်နှင့်သွားရောက်ကာ သုံး၊ လေးကြိမ်လေ့လာဖူးသဖြင့် ဗြိတိသျှနေမဝင်အင်ပါယာ၏ စစ်အင်အားနှင့်နယ်ချဲ့လာပုံသိနေပြီဖြစ်သော်လည်း ဘုရင်အသစ်ပြောင်းလဲလျက်

**❖ သမိုင်းဟူသော မိမိတို့လူမျိုး၏ လာရာလမ်း၊ အစဉ်အလာ၊ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ လူ့ကျင့်ဝတ်၊ သမိုင်းကြောင်းအတက်အကျ၊ အကောင်းအဆိုး၊ အမျိုးမျိုးသော သာဓကသင်ခန်းစာများကိုလည်း လေ့လာရကောင်းမှန်းမသိဖြစ်နေခဲ့သည်ရှိသော် လားရာဘယ်သောင်ကမ်းကို ဆိုက်မည်နည်း။ အမှန်တကယ်ကတော့ နိုင်ငံရေးတို့၊ သမိုင်းတို့ဆိုသည်မှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း စိတ်ပါဝင်စား လေ့လာနားလည်အပ်သော ပညာရပ်၊ ဘာသာရပ်များ ဖြစ်ပါ၏။ ❖**

စာမျက်နှာ ၂၇ သို့

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၁၂၈၇၅ ဧကထိ နုတ်သိမ်းပြီးစီး



**မြောင် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် မြေပဲ ၁၂၈၇၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၄၂၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ဩဂုတ်လပထမပတ်မှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၁၂၈၇၅ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၅ ဒသမ ၅၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ မြေပဲ ၁၄၂၄၄ ဧကထိစိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိမှာ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၁၂၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာပါတယ်" ဟု မြောင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

မြောင်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကင်းထောက်မှတ်တမ်းယူခြင်း လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလအတွင်း ဆန်ကွဲ ၂၄ ပြည်ဝင်အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက်ဆန်ကွဲများကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူအား ကောင်းလျက်ရှိကြောင်း သိရသည်။

"ဆန်ကွဲတွေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချပါတယ်။ ဒီဘက်က ဆန်ကွဲအိတ်တွေကို ကုန်တင်ကားတွေနဲ့ တင်ပို့ရောင်းချတာ များပါတယ်။ ဆန်ကွဲတွေကို ပြီးခဲ့သည့်တစ်လအတွင်း ဝယ်လိုအားက သိသိသာသာ တက်လာခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတွေကို ပွဲရုံတွေက အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ အခုလို အခက်အခဲမရှိ အဆင်ပြေပြေ တင်ပို့ရောင်းချနေရလို့ ကုန်သည်တွေ အဆင်ပြေနေပါတယ်"ဟု ညောင်တုန်းမြို့နယ် ဆန်စပါးရောင်း ဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ဆန်ကွဲ ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၄၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၂၆ မှအဆက်**

သူသာဆက်ပြီးအာဏာတည်မြဲရေးကို အဓိကစဉ်းစားခဲ့၏။ တိုင်တားမင်းကြီးကမူ စုဖုရားလတ်ကို မြှောက်ပင့်ပေးကာ အင်္ဂလိပ်ရန်သူကို သူက သွေးတစ်စက်ကျန်သည်ထိ ခုခံချေမှုန်းပါမည်စိတ်ချပါဟု အမြင်ကျဉ်းရှာသူဖြစ်၏။ မျက်နှာဖြူကောင်တွေကို ခားခားချင်း၊ လုံ့လုံ့ချင်းနိုင်အောင် သူဦးဆောင်ဖြေရှင်းပါမည်ဟု စိတ်ထက်သန်စွာကြုံးဝါးပြနေခဲ့သည်မှာ နောက်ဆုံးနေ့ထိ ပါတော်မူသည့်တိုင်ဖြစ်၏။ ချီးမွမ်းရမည်လား၊ သနားရမည်လားမသိ။

**အာဏာနှင့်ငွေ**

ကာနယ်စလေဒင်ဆိုသော ဗြိတိသျှစစ်ဗိုလ်ကလည်း သီပေါမင်းကယုံမှတ်စွာပေးအပ်ရှာသော မြန်မာတို့၏ နန်းစဉ်ရတနာအားလုံးကို (ပတ္တမြားငမောက်အပါအဝင်) ဗြိတိသျှအစိုးရထံမအပ်နှံဘဲ ရှူးသလိုလိုကြောင်သလိုလိုနှင့် စာရင်းအားလုံးဖျောက်၍ ခိုးဝှက်ကိုယ်ကျိုးရှာသွားသူဖြစ်၏။ မျက်နှာအတော်ပြောင်၏။

အာဏာကို ဖက်တွယ်မက်မောကြသော ကင်းဝန်မင်းကြီးဦးကောင်း၊ တိုင်တားမင်းကြီး ဦးဘိုးနှင့် ကာနယ်စလေဒင်တို့သည် မြန်မာပြည်ကြီး သူ့ကျွန်ဘဝရောက်ပြီးနောက် ဗြိတိသျှအုပ်ချုပ်သူ၏ အားထားရသောအမှုထမ်းကြီးတွေ ဖြစ်လာကြလေသတည်း။ ကံကောင်းသလား၊ ကံဆိုးသလားမသိ။ ဦးကောင်းနှင့် ဦးဘိုးကို နဖားကြိုးထိုး၍ မြန်မာပြည်ကို သူအုပ်စိုးကြိုးကိုင်မည်ဟု အကြံကြီးကြံထားခဲ့သော ကာနယ်စလေဒင်သည်လည်း ခဲလေသမျှသဲရေကျကာ ဗြိတိသျှကော်မရှင်နာမင်းကြီးဘဝမှ ၁၈၈၇ ခုနှစ်တွင် အစိုးရတာဝန်မှ(အသက် ၆၀ ပြည့်၍)အနားယူရပြီး အသက် ၆၃ နှစ်မှာ လန်ဒန်မြို့၌ ကွယ်လွန်သွားလေသည်။ နန်းစဉ်ရတနာ၊ အဖိုးတန်ရတနာများကို အပျောက်ရိုက်သွားနိုင်ခဲ့သော်လည်း သူသည် အများအပြားထဲမှ ကျောက်တစ်စေ့မှ နောက်ဘဝပါသည်ထိ ယူမသွားနိုင်ရှာပါ။ သူ၏ကောက်ကျစ်စဉ်းလဲ၍ အကျင့်ပျက်ခြစားသောအမည်းကွက်ကိုကား သမိုင်းမှတ်တမ်းတွင် ဘာနှင့်မျှဖျက်၍မရတော့ချေ။ လူတိုင်းလူတိုင်းက ကိုယ့်သမိုင်းကိုယ်ရေးနေရသည်ကို သတိပြုမိလောက်ပေပြီ။

**နိဂုံး**

စာအုပ်ကြော်ငြာသည်တော့မထင်ပါလေနှင့်။ မြန်မာတို့၏ ဗြိတိသျှနယ်ချဲ့အရင်းရှင်ခြေဖဝါးအောက် ပြားပြားမှောက်ကျွန်ဖြစ်ခဲ့ရပုံကို သင်ခန်းစာယူတတ်အောင်လေ့လာလိုလျှင် နတ်မောက်ဘုန်းကျော်၏ **"အင်္ဂလိပ်မြန်မာစစ်သမိုင်း"**နှင့် (ဗိုလ်ချုပ်ကြီး)သက်ဆွေ ဘာသာပြန်ထားသော **"အရှက်တကွဲအကျိုးနည်း"**စာအုပ်နှစ်အုပ်ကိုတော့ ရှာဖွေလေ့လာသင့်ကြသည်ဟု တင်ပြပါရစေ။

# တာချီလိတ်မြို့နယ် ဖာတီမာကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**တာချီလိတ် အောက်တိုဘာ ၁၉**

တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်လုံးကျေးရွာအုပ်စု ဖာတီမာကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာ ၁၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်၊ တာချီလိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လဲ့လဲ့သင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဖာတီမာကုန်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်က ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များကို လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းလမ်း အရှည် ပေ ၅၀၀၊ အကျယ် ၁၀ ပေ၊ အမြင့်ခြောက်လက်မရှိသော ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို VDP စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေ ကျပ် ၄၆ ဒသမ ၁ သိန်း စုစုပေါင်း ငွေကျပ် ၁၉၆ ဒသမ ၁ သိန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အောက်တိုဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း တာချီလိတ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အမာလွင်ထံမှ သိရသည်။

**ဇင်မာ**

# သဲကုန်းမြို့နယ် ပျဉ်ထောင်(သရက်ပြာ)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း အောက်တိုဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပျဉ်ထောင်(သရက်ပြာ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်က မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြား မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သဲကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၉ ဒသမ ၂ သန်းကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပျဉ်ထောင်(သရက်ပြာ)ကျေးရွာရှိ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦးကို ငွေကျပ် ၃၂ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၅ ဒသမ ၄ သန်းနှင့် စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် တစ်သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၉၀ ကို ငွေကျပ် ၃၉ ဒသမ ၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန္တာ**

# ထိုနေ့က ဖုန်းပျောက်သည်

**မစန္ဒာ**



(၁)

"နည်းပညာ နည်းပညာနဲ့ အားရပါးရအော်နေလိုက်ကြတာ၊ အဲဒီနည်းပညာရဲ့အခြေခံက ဆောက်လုပ်ရေးဌာနရဲ့ဆောင်ပုဒ်ဆိုတာ သိကြရဲ့လား"

အင်ဂျင်နီယာကြီး ဦးအောင်မောင်းက ပြောသည်။

"ကြည့်လေ၊ 'မြန်၊ ကောင်း၊ သက်သာ'တဲ့၊ ဘယ်လောက်လှတဲ့ စကားလဲ၊ နည်းပညာရဲ့ အသီးအပွင့်၊ အစွမ်းသတ္တိဟာ 'မြန်၊ ကောင်း၊ သက်သာ'ပဲ"

နံနက်စောစော ပဲပြုတ်ထမင်းကြော် စားနေကြဆဲမို့ ဖခင်ဖြစ်သူ၏စကားကို သားသမီးများက အာရုံမရောက်လှ။ သူတို့အချင်းချင်းလည်း စကားမပြောနိုင်၊ ထမင်းကြော်လေး တစ်ဇွန်းစားလိုက်၊ ဖုန်းကလေးတစ်ချက်နှစ်ချက် ပွတ်လိုက်နှင့် ငြိမ်ချက်သား ကောင်းနေကြသည်။

"ဟောဟိုက ထမင်းပေါင်းအိုးကြီးကို ကြည့်စမ်း။ ဆန်ထည့်၊ ရေထည့်ပြီး ခလုတ်ကလေးတစ်ချက် နှိပ်လိုက်ရုံပဲ။ အချိန်တန်ရင် သူ့ဟာသူ ကျက်သွားတယ်။ မနပ်တာလဲ မရှိ၊ ပျော့တာမာတာလဲ မရှိ၊ ပိုမြန် ပိုကောင်းပြီး ပိုမသက်သာပေဘူးလား။ အဲဒါ နည်းပညာရဲ့ အစွမ်းပဲ"

"အင်း... ဟုတ်သားပဲ"

ထမင်းပေါင်းအိုးကို ဥပမာပြလိုက်တော့ ဒေါ်မြမြအေး၏မျက်လုံးများ ချက်ချင်းပွင့်သွားသည်။ ထိုထမင်းပေါင်းအိုး၏ လွယ်ကူ၊ မြန်ဆန်၊ ကောင်းမွန်၊ သက်သာစေသောအချက်များကြောင့် သူ့ခမျာ ထမင်းပေါင်းအိုးမရှိလျှင် ထမင်းပင် မချက်တတ်တော့သည်မှာ အမှန်ပင်။ မီးပျက်သောနေ့များတွင် ရေပွဲ့ပြီးချက်ရပါက ပျော့လိုပျော့၊ မာလိုမာနှင့် အချိုးမပြေလှပေ။

"ရှိသေးတယ်၊ အဝတ်လျှော်စက်၊ သူကလဲ မြန်၊ ကောင်း၊ သက်သာပဲ"

ဒေါ်မြမြအေးမှာ ယခုမှပင် သူ၏မီးဖိုချောင်တွင် မြန်၊ကောင်း၊သက်သာများ မနည်းမနောရှိနေသည်ကို သတိပြုမိတော့သည်။ လျှပ်စစ်အာဗင်၊ မိုက်ခရိုဝေ့၊ အဲဖရိုင်ရာ၊ အသားကြိတ်၊ အမှုန့်ကြိတ်၊ အရည်ဖျော်စက်များ၊ အင်း... လျှပ်စစ်မီးလာရန်တော့ လိုသည်ပေါ့လေ။ ထို့ကြောင့် မြန်၊ ကောင်း၊ သက်သာ၏အခြေခံသည် လျှပ်စစ်မီးပါလားဟု ထပ်ဆင့်သဘောပေါက်သွားပြန်လေသည်။

"ပေါင်မုန့်ကင်စက်"

သားငယ်က ဖြည့်စွက်သည်။ သူက ပေါင်မုန့်ကင်ပူပူ မကြွပ်တကြွပ်ကလေးကို ထောပတ်ထူထူ သုတ်စားတတ်သူဖြစ်သည်။ သူတို့နှင့် သက်ဆိုင်နေပြီမို့ သားကြီးနှင့် သမီးလတ်ကပါ စကားဝိုင်းထဲ ပါလာသည်။

"ကျွန်တော်ကတော့ လေအေးပေးစက်ကို သိပ်သဘောကျတာပဲ၊ အပူဒဏ်ကို မခံစားရဘဲ အေးအေးသက်သာအလုပ်လုပ်ရရင် လုပ်အားအများကြီး တက်လာတယ်လို့ လီကွမ်ယုကပြောဖူးတယ်"

သားကြီးကပြောတော့ ဦးအောင်မောင်း ခေါင်းညိတ်သည်။ စင်ကာပူဝန်ကြီးချုပ် လီကွမ်ယုက သူ့အာဏာရလာသောအခါ ဌာနဆိုင်ရာရုံးများတွင် လေအေးပေးစက်တပ်ဆင်ခြင်းကို ဦးစားပေးပြီး လုပ်ခဲ့သည်ဟု ဖတ်ရမှတ်ရဖူးသည်။ လုပ်ငန်းပိုင်းဆိုင်ရာစွမ်းရည်များ အထူးတိုးတက်လာသည်ဟု ဆိုသည်။

"သမီးကတော့ လက်ကိုင်ဖုန်းကို အကြိုက်ဆုံးပဲ၊ သူ့တစ်ခုတည်း လက်ထဲရှိနေရုံနဲ့ လုပ်လို့ရတာတွေ အများကြီး"ဟု သမီးကပြောတော့ သားနှစ်ဦးစလုံးက "ဟုတ်တယ်...ဟုတ်တယ်"ဟု အလှအယက် ထောက်ခံကြသည်။

"သားသူငယ်ချင်းတစ်ယောက်ဆိုရင် ဟောပြောပွဲတစ်ခုက ကြားလာတာတဲ့၊ Cell phone is the part of my body လို့ ခဏခဏပြောတယ်"

"အဲဒါတော့ မမှားဘူးကွ၊ လက်ကိုင်ဖုန်းထဲမှာ စုထား၊ မှတ်ထားတဲ့အချက်အလက်တွေက အများကြီးပဲမဟုတ်လား"

အချီအချပြောနေသော သားသမီးများကို ကြည့်ရင်း ဦးအောင်မောင်းက ရယ်သည်။ လက်ကိုင်ဖုန်းများ အိမ်တွင် ကျန်ခဲ့လျှင် မိမိ၏ဉာဏ်မရှိတော့သလို ခံစားရသည်မှာ အမှန်ပင်။ မည်သူ့ဆီကိုမှလည်း မဆက်သွယ်နိုင်တော့။ ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အီးမေးလ်နံပါတ် စသည်များသည် လက်ကိုင်ဖုန်းထဲတွင်ပင်ရှိသည်။ သူ၏ မှတ်စုစာအုပ်ထဲတွင်လည်း မရှိ၊ ဦးနှောက်ထဲတွင်လည်း မရှိ။

"ဒီသတ္တဝါလေးဟာ၊ တော်တော်တော့ အရေးပါနေတာ အမှန်ပဲဗျ။ ဒီလိုဆိုရင် မရှိမဖြစ်ဖုန်းလို့ ပြောရတော့မှာပေါ့နော်"

သားငယ်က သူ၏လက်ထဲမှ လက်ကိုင်ဖုန်းလေးကိုကြည့်ရင်း ရယ်ရယ်မောမောနှင့် ပြောသည်။ သူ၏ အစ်ကိုနှင့် အစ်မတို့ကလည်း ခေါင်းတဆတ်ဆတ်ညိတ်ကာ ထောက်ခံကြလေသည်။

"မရှိမဖြစ်တဲ့လားဟယ်၊ တော်သေးတာပေါ့။ ငါ့မှာလဲ တစ်ခုရှိပေလို့"

ဒေါ်မြမြအေးက တွေးသည်။ သူတို့မိသားစုက ငါးယောက်၊ အိမ်အကူမိန်းကလေး "ခင်ဖုန်း"က တစ်ယောက်၊ စုစုပေါင်း လူခြောက်ယောက်ရှိသောအိမ်တွင် လက်ကိုင်ဖုန်းဆယ်လုံးမက ရှိလေသည်။ သူတို့ သားအဖများက တစ်ဦးလျှင် လက်ကိုင်ဖုန်း နှစ်လုံး၊ သုံးလုံးစီ ကိုင်နေကြသောကြောင့် ဖြစ်သည်။

သူက "ငါ့အတွက် လက်ကိုင်ဖုန်းမလိုပါဘူးဟယ်" ပြောသော်လည်း "လိုရမည်ရ သုံးရအောင် အိတ်ထဲထည့်ထားပါ အမေရယ်"ဟု ပြောကြသည်။ "အရေးအကြောင်းရှိလို့မှ အိတ်ထဲက လက်ကိုင်ဖုန်းလေးထုတ်ပြီး မဆက်သွယ်နိုင်ရင် ဒီခေတ်မှာ ဘယ်လိုလုပ်ပြီး လူစဉ်မီတော့မှာလဲ"ဟု သားငယ်က ထပ်ဆင့်၍ ပြောသေးသည်။

အလှူမင်္ဂလာဆောင် ဆွမ်းကျွေး၊ ကွမ်းကျွေးရှိ၍ သူတို့အမျိုးသမီးတွေ စုမိဆုံမိလျှင်တော့ လက်ကိုင်အိတ်အသီးသီးထဲမှ ဖုန်းခေါ်သံအမျိုးမျိုးကို ကြားရလေ့ရှိသည်။ အင်္ဂလိပ်၊ မြန်မာ၊ ကိုရီးယားသီချင်းသံများ၊ ငှက်မြည်သံ၊ စမ်းရေစီးသံ၊ ပင်လယ်ရေလှိုင်းပုတ်သံများကို အများဆုံးကြားရသည်။ ခပ်ငယ်ငယ်အိမ်ရှင်မလေးတစ်ယောက်ဆီကတော့ ကလေးငယ်တစ်ဦး၏ခိုးခိုးခစ်ခစ်ရယ်နေသော ရယ်သံလေးကို ချစ်စဖွယ်ကြားရသည်။

ဒေါ်မြမြအေးကတော့ သူ၏လက်ကိုင်ဖုန်းတွင် "အရှေ့အရပ်၌ရှိသော အနန္တစကြဝဠာ၊ အနန္တသတ္တဝါတို့ ဘေးရန်ခပ်သိမ်းငြိမ်းကြပါစေ"ဟူသော မေတ္တာပို့သံကိုထည့်ထားခိုင်းသည်။ သားငယ်က "နည်းနည်းတော့ ကြောင်သလိုများ ဖြစ်နေမလားမသိဘူး"ဟု စိုးရိမ်သလိုပြောသည်။ ဒေါ်မြမြအေးကတော့ "ဒီလောက် မင်္ဂလာရှိတဲ့အသံကို ကြောင်တယ်လို့ ထင်ရင် ထင်တဲ့သူ အရှုံးပဲ"ဟု ခပ်တင်းတင်းပြောခဲ့သည်။ အင်း... လောကကြီးမှာလည်း လူရူးတွေ တော်တော်များသည်ထင်သည်။ ဟိုတစ်ခါက လူများများရှိစဉ် သူ့ဖုန်းမှနေပြီး မေတ္တာပို့သံထွက်လာတော့ လူတော်တော်များများက ထူးဆန်းသလို လှမ်းကြည့်ကြသည်။ ဘယ်သူကမှ ဘာမျှမပြောသော်လည်း သူတို့၏မျက်နှာများက ပြုံးစိစိဖြစ်ကုန်ကြသည်ဟု ထင်သည်။ သူက ရိုးပြီးအေးသော်လည်း ခေါင်းကတော့ မာတာတာမို့ ထိုဖုန်းခေါ်သံကို ပြောင်းလိုက်ရန် လုံးဝစိတ်မကူးခဲ့ပေ။ မေတ္တာပို့မြဲ ပို့ဆဲ၊ နောင်လည်း ပို့လိမ့်ဦးမည်ဖြစ်လေသည်။

"မေတ္တာပို့တဲ့အသံကိုများကွာ ဘာကိစ္စပြုံးနေကြရတာလဲ"

သူ့ကို သူ၏အိမ်ဦးနတ်ကြီး ဦးအောင်မောင်းက အပြည့်အဝထောက်ခံခဲ့သည်။ သူကိုယ်တိုင်ကလည်း သူ၏ဖုန်းတွင် "ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ ဘေးရန်ကာဆီးမည်... လူမွဲတွေက မနေခေတ်မီ သူဌေးဖြစ်တော့မည်"ဟူသော နဂါးနီသီချင်းသံကို မြိုင်မြိုင်ဆိုင်ဆိုင်ထည့်ထားသည်။

ဟော... သားငယ်၏ဖုန်းတွင် ကြားရသည်ကတော့ မိန်းကလေးသံချိုချိုလေးဖြစ်သည်။ "ကိုကိုရေ... ဖုန်းလာနေတယ်"တဲ့။ သားငယ်က ဖုန်းမကိုင်လျှင်တော့ ထိုအသံချိုချိုလေးသည် တဖြည်းဖြည်းမာပြီး ဆတ်လာသည်။

"ဘာပဲဖြစ်ဖြစ် လက်ကိုင်ဖုန်းသေးသေးလေးတစ်လုံးရှိရုံနဲ့ စကားပြောလို့ရတယ်။ မက်ဆေ့ပို့လို့ရတယ်။ ဓာတ်ပုံရိုက်လို့ရတယ်။ ဗီဒီယိုရိုက်လို့ရတယ်။ အသံသွင်းလို့ရတယ်။ သီချင်းနားထောင်လို့ရတယ်။ အင်တာနက်ဝင်လို့ရတယ်။ ဝတ္ထုဖတ်လို့ရတယ်။ ဖေ့ဘွတ်ကြည့်လို့ရတယ်"

"တီထွင်တဲ့ပညာရှင်တွေက ဘယ်လိုများ တီထွင်ခဲ့လဲ မသိပါဘူးဟယ်။ ငါတို့များ သူတို့ အဆင်သင့် တီထွင်ပေးတာကိုတောင် သုံးတတ်အောင် မနည်းလုပ်နေရတယ်"

သူတို့မောင်နှမတွေက ရယ်ကြပြန်သည်။

"ဒီမနက်ခင်းကတော့ လက်ကိုင်ဖုန်းရဲ့ကျေးဇူးတော် နံနက်ခင်းပါပဲဗျာ"

သားငယ်က ပြောသည်။

သူတို့အသီးသီး ထွက်သွားကြတော့ အိမ်တွင် ဒေါ်မြမြအေးနှင့် အိမ်အကူမိန်းကလေး "ခင်ဖုန်း"တို့သာ ကျန်ခဲ့သည်။

"ဒီနေ့လုပ်စရာတွေ များတယ်။ အဖေကြီးက ငါးနီတူသေးသေးလေးတွေ ကြော်ပေးပါဆိုလို့ ကြော်ရအုံးမယ်။ လက်ဆောင်ရတဲ့ ငါးရံ့ခြောက်တွေကိုလဲ အရိုးအသားခွဲခွာပြီး နေလှန်းအုံးမှ"ဟု တွေးရင်း "ခင်ဖုန်းရေ"ဟု နှုတ်ကလည်း ခေါ်သည်။ ထို့နောက် "သူတစ်ယောက်ရှိလို့တော်တော့တယ်"ဟု ဆက်၍ တွေးမိသည်။

ဆက်လက်ဖော်ပြပါမည်။

# ကမ္ဘာ့မြေပုံပြောင်းလဲလာခြင်းနှင့် ကမ္ဘာ့အစီအစဉ်သစ်အတွက် အရေးပါမှု




ကမ္ဘာ့မြေပုံသည် ရိုးရှင်းသော ပထဝီဆိုင်ရာ ကိရိယာတစ်ခုအဖြစ်သာ ထင်ရနိုင်သည်။ ရာစုနှစ်များစွာကြာအောင် မြေပုံများသည် ပညာရေး၊ နိုင်ငံရေး၊ ကုန်သွယ်ရေး၊ ရေကြောင်းသွားလာရေးနှင့် မည်သည့်ဒေသများက အရေးပါသည်ဟူသော အမြင်သဘောထားများအပေါ်တွင်ပင် လွှမ်းမိုးမှုရှိခဲ့သည်။ သို့သော်လည်း ယနေ့ခေတ်တွင် အရေးပါသော ဆွေးနွေးငြင်းခုံမှုတစ်ခုကို ကြုံတွေ့နေရသည်။ ၎င်းအချက်မှာကမ္ဘာ့မြေပုံကို ပြောင်းလဲသင့်သလားဟူသော အချက်ပင်ဖြစ်သည်။

၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ကုလသမဂ္ဂ အထွေထွေညီလာခံက ပထဝီအရ ပိုမိုတိကျသော ကမ္ဘာ့မြေပုံပုံစံများ (အထူးသဖြင့် Equal Earth Projection ပုံစံ) အသုံးပြုခြင်းကို ထောက်ခံသည့် ဆုံးဖြတ်ချက်မူကြမ်းတစ်ခုကို အတည်ပြုလိုက်သောအခါ ဤကိစ္စရပ်သည် နိုင်ငံတကာအဆင့်တွင် အရေးပါမှုအသစ်တစ်ခုဖြစ်လာခဲ့သည်။ တိုဂိုနိုင်ငံက ဦးဆောင်ပြီး အာဖရိကနိုင်ငံများက ထောက်ခံအားပေးခဲ့သော ဤဆုံးဖြတ်ချက်မူကြမ်းကို ထောက်ခံမဲ ၁၆၄ မဲဖြင့် အတည်ပြုခဲ့သည်။ ခြောက်နိုင်ငံက မဲမပေးဘဲကြားနေခဲ့ပြီး အမေရိကန်ပြည်ထောင်စုကမူ ကန့်ကွက်မဲပေးခဲ့သည်။ ဤဆုံးဖြတ်ချက်သည် ဥပဒေအရမဖြစ်မနေ လိုက်နာရမည့်အရာမဟုတ်သော်လည်း ၎င်း၏ နိုင်ငံရေးဆိုင်ရာနှင့် သင်္ကေတသဘောဆောင်သော အရေးပါမှုမှာမူ ကြီးမားလှသည်။

**ပထဝီဆိုင်ရာ ကိစ္စရပ်တစ်ခုထက် ပိုမိုနက်ရှိုင်းသော အကြောင်းအရာ**

လူသိများထင်ရှားသော Mercator မြေပုံပုံစံ (Mercator Projection) ကို ၁၆ ရာစုနှစ်တွင် အဓိကအားဖြင့် ရေကြောင်းသွားလာမှုအတွက် ရည်ရွယ်၍ ဖန်တီးခဲ့ခြင်းဖြစ်သည်။ ၎င်း၏ အဓိကအားသာချက်မှာ ဦးတည်ရာလမ်းကြောင်းများကို မှန်ကန်စွာ ထိန်းသိမ်းပြသနိုင်ခြင်းဖြစ်ရာ ရေကြောင်းခရီးသွားလာမှုအတွက် အလွန်အသုံးဝင်ခဲ့သည်။ သို့သော် ဤမြေပုံပုံစံသည် မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းတို့နှင့် နီးကပ်သော ဒေသများ၏ မြေရေိယာကို အမှန်တကယ်ထက် အရွယ်အစား ပိုမိုကြီးမားစွာ ပြသလေ့ရှိပြီး အီကွေတာနှင့်နီးကပ်သော ဒေသများ၏ အရွယ်အစားကိုမူ သေးငယ်သည်ဟု ထင်ရစေသည်။

ဤအချက်က မြင်ကွင်းပိုင်းဆိုင်ရာ သိသာထင်ရှားသော မညီမျှမှုတစ်ခုကို ဖြစ်ပေါ်စေသည်။ ဥပမာအားဖြင့် Mercator မြေပုံပေါ်တွင် အာဖရိကတိုက်သည် ၎င်း၏အမှန်တကယ် ပထဝီဆိုင်ရာ ဧရိယာထက် များစွာသေးငယ်သည်ဟု ထင်ရစေသည်။ အမှန်တကယ်တွင် အာဖရိကတိုက်သည် ဂရင်းလန်းကျွန်းထက် ၁၄ ဆကျော် ပိုမိုကြီးမားသော်လည်း သာမန်မြေပုံများတွင်မူ ၎င်းတို့နှစ်ခု၏ အရွယ်အစားမှာ အံ့ဩစရာကောင်းလောက်အောင် ဆင်တူနေတတ်သည်။

ထို့ကြောင့် ပြဿနာမှာ Mercator မြေပုံပုံစံသည် ရေကြောင်းသွားလာမှုအတွက် ရည်ရွယ်ဖန်တီးထားသော မြေပုံပုံစံတစ်ခုကို ကမ္ဘာကြီး၏ ယေဘုယျပုံရိပ်အဖြစ် အသုံးပြုလာကြခြင်းသာဖြစ်သည်။ ဤအချက်က မျိုးဆက်များတစ်လျှောက်တွင် ကျောင်းသားများ၊ မူဝါဒချမှတ်သူများနှင့် သာမန်ပြည်သူများအနေဖြင့် ဒေသအသီးသီး၏ အရေးပါမှုအဆင့်အတန်းကို ရှုမြင်ပုံအပေါ်သက်ရောက်မှုရှိစေနိုင်သည်။ ယခုဖြစ်ပေါ်နေသော ဆွေးနွေးငြင်းခုံမှုအသစ်က အရေးကြီးသော မေးခွန်းတစ်ခုကို မေးမြန်းထားသည်။ ၎င်းသည်ကား "မြေပုံတစ်ခုသည် ပထဝီဆိုင်ရာအရ တိကျမှန်ကန်မှုရှိနေသကဲ့သို့ လူမှုရေးနှင့် နိုင်ငံရေးအရလည်း မျှတမှုရှိနိုင်ပါမည်လား" ပင်ဖြစ်သည်။

**အာဖရိကနှင့် ကမ္ဘာလုံးဆိုင်ရာ ရှုထောင့်အသစ်တစ်ရပ်ပေါ်ပေါက်လာခြင်း**

မြေပုံကို ပြင်ဆင်သတ်မှတ်ရေးလှုပ်ရှားမှုကို အာဖရိကသမဂ္ဂက အခိုင်အမာ ထောက်ခံအားပေးလျက်ရှိသည်။ ကမ္ဘာ့စနစ်တွင် အာဖရိကတိုက်ကို အရေးပါမှုနည်းပါးသော နေရာတစ်ခုအဖြစ် သတ်မှတ်ခဲ့သည့်သမိုင်းဝင်အမြင်များကို ကျော်လွှားရန် ကြိုးပမ်းအားထုတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပထဝီဆိုင်ရာ ဖော်ပြချက်များကို ပြင်ဆင်သတ်မှတ်ရန်လိုအပ်သည်ဟု အာဖရိကအစိုးရများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက တင်ပြထားသည်။

ဤအဆိုပြုချက်သည် မြေပုံရေးဆွဲခြင်းဆိုင်ရာ ကိစ္စရပ်ထက် ပိုမိုကျယ်ပြန့်သော အရေးပါမှုရှိသည်။ အာဖရိကတိုက်တွင် လူဦးရေ ၁ ဒသမ ၄ ဘီလီယံကျော် နေထိုင်လျက်ရှိပြီး ကြီးမားလှသော သဘာဝသယံဇာတများ ပိုင်ဆိုင်ထားသည်။ ကမ္ဘာပေါ်တွင် လူဦးရေတိုးတက်မှုနှုန်း အမြန်ဆန်ဆုံးနှင့် ဈေးကွက်အသစ်များ ပေါ်ပေါက်လာနေသည့် ဒေသတစ်ခုလည်းဖြစ်သည်။ ကုန်သွယ်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ နည်းပညာနှင့် ဒေသတွင်းပေါင်းစည်းဆောင်ရွက်မှုများမှတစ်ဆင့် ၎င်း၏ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ အရေးပါမှုများမှာ တိုးတက်မြင့်မားလာလျက်ရှိသည်။

ထို့ကြောင့် မြေပုံများပေါ်တွင် အာဖရိကတိုက်ကို ပိုမိုတိကျမှန်ကန်စွာ ဖော်ပြခြင်းသည် နိုင်ငံတကာစနစ်အတွင်း ဤတိုက်ကြီး၏ အမှန်တကယ်ရှိနေသော နေရာအနေအထားကို အသိအမှတ်ပြုခြင်း၏အသေးငယ်ဆုံးသော်လည်း အဓိပ္ပာယ်ပြည့်ဝသော အစိတ်အပိုင်းတစ်ခုအဖြစ် ရှုမြင်နိုင်သည်။

သို့ဖြစ်၍ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်သည် ကမ္ဘာ့အင်အား ချိန်ခွင်လျှာပြောင်းလဲနေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။ နိုင်ငံတကာစနစ်သည် ဝင်ငွေအဆင့်မြင့်မားလာဆဲ စီးပွားရေးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲဒေသများ၏ လွှမ်းမိုးမှုပိုမိုအားကောင်းလာသည်နှင့်အမျှ ဝင်ရိုးစုံစနစ် (Multipolar System) ဆီသို့ ဦးတည်ပြောင်းလဲလျက်ရှိသည်။ ထို့ကြောင့် မြေပုံအပြောင်းအလဲကို ကမ္ဘာကြီးက မိမိကိုယ်ကို ရှုမြင်ပုံပြောင်းလဲလာမှု၏ သင်္ကေတတစ်ခုအဖြစ်လည်း အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

**ကမ္ဘာ့မြေပုံပုံစံကို ပြန်လည်သုံးသပ်လာသောဥရောပ**

ဤပြောင်းလဲမှုဖြစ်စဉ်သည် အာဖရိကတိုက်တွင်သာ ကန့်သတ်မနေပေ။ ပြင်သစ်နိုင်ငံသည် ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် ၎င်းတို့၏ တရားဝင်ကမ္ဘာ့မြေပုံများအတွက် Mercator မြေပုံ ပုံစံကို စွန့်လွှတ်ပြီး တိုက်ကြီးများ၏ ဧရိယာအကျယ်အဝန်းကို ပိုမိုမျှတမှန်ကန်စွာ ဖော်ပြပေးနိုင်သည့် Eckert IV (အက်ကာ့တ်-၄) ပုံစံသို့ ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ဤဆုံးဖြတ်ချက်သည် ပထဝီဆိုင်ရာဖော်ပြချက်များ ပိုမိုမျှတစေရန် ရည်ရွယ်သည့်အာဖရိကဦးဆောင်သော အစီအစဉ်ကို ကုလသမဂ္ဂက ထည့်သွင်းစဉ်းစားနေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံ၏ ဤဆုံးဖြတ်ချက်သည် အထူးသဖြင့် မှတ်သားဖွယ်ကောင်းလှသည်။ အဘယ်ကြောင့်ဆိုသော် ဤဆွေးနွေးငြင်းခုံမှုသည် အာဖရိကနှင့် အနောက်ကမ္ဘာတို့ကြား ပဋိပက္ခသက်သက်မျှသာမဟုတ်ကြောင်း ပြသနေသောကြောင့်ဖြစ်သည်။ ၎င်းအချက်ကို ပထဝီဆိုင်ရာ အချက်အလက်များ ဖော်ပြပုံနှင့်ပတ်သက်၍ နိုင်ငံတကာအဆင့်တွင် ပိုမိုကျယ်ပြန့်စွာ ပြန်လည်သုံးသပ်လာကြသည့်လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် နားလည်သဘောပေါက်နိုင်သည်။ စင်စစ်မြေပုံများကို သီးခြားရည်ရွယ်ချက်များအတွက် ထုတ်လုပ်လေ့ရှိပြီး လုံးဝန်းသော ကမ္ဘာမြေကြီးကို ပြားချပ်သော မျက်နှာပြင်တစ်ခုပေါ်တွင် အပြည့်အဝတိကျမှန်ကန်စွာဖော်ပြနိုင်မည့်မြေပုံပုံစံမျိုးမရှိချေ။ မြေပုံ ပုံစံတိုင်းတွင် ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဌာန်၊ အကွာအဝေးနှင့် ဦးတည်ချက်တို့ကြား အပေးအယူလုပ်ရမှုများ ပါဝင်နေတတ်သည်။ ထို့ကြောင့် ယနေ့ခေတ်တွင် အရေးပါသော ပြောင်းလဲမှုမှာ Mercator မြေပုံ ပုံစံ လုံးဝပျောက်ကွယ်သွားခြင်းမျိုးမဟုတ်ဘဲ မတူညီသော ရည်ရွယ်ချက်များအတွက် မတူညီသော မြေပုံပုံစံများကို အသုံးပြုသင့်သည်ဟူသော အသိအမှတ်ပြုမှုတိုးပွားလာခြင်းပင်ဖြစ်သည်။

Mercator မြေပုံ ပုံစံသည် လမ်းကြောင်းရှာဖွေခြင်းကိစ္စရပ်များအတွက် ဆက်လက်အသုံးဝင်နေဆဲဖြစ်သည်။ နိုင်ငံများနှင့် တိုက်ကြီးများ၏ လက်တွေ့အရွယ်အစားကို နှိုင်းယှဉ်ကြည့်ရာတွင်မူ Equal Earth (အီကွလ်အာ့သ်) နှင့် အခြားသော ဧရိယာအကျယ်အဝန်း တူညီမှုရှိစေသည့်မြေပုံ ပုံစံများ (Equal-Area Projections) က ပိုမိုသင့်လျော်နိုင်သည်။

**ပြောင်းလဲနေသော ကမ္ဘာ့မြေပုံနှင့် ကမ္ဘာ့အစီအစဉ်သစ်**

နိုင်ငံတကာဆက်ဆံရေးရှုထောင့်မှ ကြည့်ရှုသုံးသပ်ပါက ဤဆွေးနွေးငြင်းခုံမှု၏ အရေးပါမှုမှာ ပိုမိုကြီးမားလာသည်။ ခေတ်သစ်သမိုင်းတစ်လျှောက်ကာလအတော်ကြာတွင် ကမ္ဘာ့အဖွဲ့အစည်းများ၊ စီးပွားရေးအင်အားနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများမှာ ဥရောပနှင့် မြောက်အမေရိကဒေသများတွင်သာ အဓိကဗဟိုပြုတည်ရှိခဲ့သည်။ ယနေ့အချိန်တွင်မူ ထိုဖွဲ့စည်းပုံမှာ ပြောင်းလဲလျက်ရှိသည်။ အာရှဒေသသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှု၏ အဓိကဗဟိုချက်တစ်ခုဖြစ်လာနေသည်။ အာဖရိကဒေသမှာလည်း မဟာဗျူဟာမြောက်အရေးပါမှုများ တိုးပွားလာလျက်ရှိကာ ကမ္ဘာ့တောင်ခြမ်းဒေသများဟုခေါ်ဆိုသည့် ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း နိုင်ငံတကာအဖွဲ့အစည်းများတွင် ပိုမိုအားကောင်းသော အသံနှင့်အခန်းကဏ္ဍရရှိရေးအတွက် တောင်းဆိုလာကြပြီဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

❖ စင်စစ်မြေပုံများကို သီးခြားရည်ရွယ်ချက်များအတွက် ထုတ်လုပ်လေ့ရှိပြီး လုံးဝန်းသော ကမ္ဘာမြေကြီးကို ပြားချပ်သော မျက်နှာပြင်တစ်ခုပေါ်တွင် အပြည့်အဝတိကျမှန်ကန်စွာ ဖော်ပြနိုင်မည့်မြေပုံ ပုံစံမျိုးမရှိချေ။ မြေပုံ ပုံစံတိုင်းတွင် ဧရိယာအကျယ်အဝန်း၊ ပုံသဏ္ဌာန်၊ အကွာအဝေးနှင့် ဦးတည်ချက်တို့ကြား အပေးအယူလုပ်ရမှုများ ပါဝင်နေတတ်သည်။ ထို့ကြောင့် ယနေ့ခေတ်တွင် အရေးပါသောပြောင်းလဲမှုမှာ Mercator မြေပုံ ပုံစံလုံးဝပျောက်ကွယ်သွားခြင်းမျိုးမဟုတ်ဘဲ မတူညီသော ရည်ရွယ်ချက်များအတွက် မတူညီသောမြေပုံ ပုံစံများကို အသုံးပြုသင့်သည်ဟူသော အသိအမှတ်ပြုမှုတိုးပွားလာခြင်းပင်ဖြစ်သည်။ ❖

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

# အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ဧက စိုက်ပျိုးမည်



ယခင်နှစ်က မြေထောက်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**အင်းတော် အောက်တိုဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြေထောက်ပဲ ၃၃၁၄ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာ စတုတ္ထအပတ်မှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ မြေထောက်ပဲ ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်သွားပါမယ်။ မြေထောက်ပဲ အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိုတ်သိမ်းချိန်လွန် နည်းပညာပေးတာ စတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးပါမယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် မြေထောက်ပဲစိုက် တောင်သူများအနေဖြင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြေထောက်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသ တွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေထောက်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ် ကြံတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ကြံခင်း အောက်တိုဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြံတောကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း(Smart Village)ဖြင့် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် တာဝန်ရှိသူများသည် စီမံကိန်း ကော်မတီဝင်များနှင့်အတူ ကြံတောကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်း ကော်မတီဝင်များကို လုပ်ငန်းများအားလုံး သတ်မှတ် စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကြံတောကျေးရွာ၌ အကျယ် ရှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ခေတ်မီစံပြကျေးရွာ ထူထောင်ရေးစီမံကိန်း (Smart Village) ရန်ပုံငွေကျပ် ၁၉ ဒသမ ၉၉ သန်းဖြင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာအကူအညီဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင်အောက်တိုဘာ ၁၁ ရက်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

**အထွေး**

## စာပေမြင့်မှ လူမျိုးတင့်မည်









## ပြင်ဦးလွင်မြို့၊ မဟာအံ့ထူးကံသာဘုရား ရွှေဆိုင်းတင်ဒါခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ မဟာအံ့ထူးကံသာဘုရား၊ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်းလုပ်ငန်းတွင် အသုံးပြုရန် ရွှေရာဆိုင်း မြန်မာ့ရိုးရာလက်မှုရွှေဆိုင်းနှင့် စက်မှုရွှေဆိုင်းများကို အိတ်ပိတ်(ချိတ်ပိတ်)တင်ဒါစနစ်ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသဖြင့် တင်ဒါတင်သွင်းလျှောက်ထားနိုင်ပါသည်။

| | |
|---|---|
| (က) ဝယ်ယူမည့်ရွှေဆိုင်းအရွယ်အစား | ၂ လက်မပတ်လည် |
| ( ခ ) မြန်မာ့ရိုးရာလက်မှုရွှေဆိုင်း(ရွှေရာဆိုင်း) | အဆိုင်း(၇၀၀၀) |
| (၁၀၀)ရွက်ပါ ရွှေဆိုင်း(၁)ဆိုင်း၊ ပေးချေမည့်နှုန်းထား | ၃၆၀၀၀၀ ကျပ် |
| ( ဂ ) စက်မှုရွှေဆိုင်း(ရွှေရာဆိုင်း) | အဆိုင်း(၁၀၀၀) |
| (၁၀၀)ရွက်ပါ ရွှေဆိုင်း(၁)ဆိုင်း ပေးချေရမည့်နှုန်းထား | ၃၅၀၀၀၀ ကျပ် |
| (ဃ) တင်သွင်းရမည့်အာမခံကြေးငွေ | ကျပ်သိန်း (၁၀၀) |
| ( င ) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့် နေ့ရက်/အချိန် | ၂၃–၁၀–၂၀၂၆ ရက်နေ့၊ နံနက်(၉)နာရီ |
| ( စ ) တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့် နေ့ရက်/အချိန် | ၃–၁၁–၂၀၂၆ ရက်နေ့၊ နေ့(၁၆၀၀)နာရီ |
| (ဆ) လျှောက်လွှာ(၁)စောင် ဈေးနှုန်း | ၃၀၀၀၀ ကျပ် |
| ( ဇ ) တင်ဒါဖွင့်ဖောက်ရွေးချယ်မည့်နေ့/အချိန် | ၄–၁၁–၂၀၂၆ ရက်နေ့၊ နံနက်(၁၀၀၀)နာရီ |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၀၉–၂၀၄၅၀၂၂၊ ၀၉–၆၉၃၈၃၁၁၆၆၊ ၀၉–၂၀၄၄၁၀၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့
မဟာအံ့ထူးကံသာဘုရား၊
ပြင်ဦးလွင်မြို့

**အဖိုးတန်ရေချိုကို ချွေတာပါ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၊ သဘွတ်ကုန်းကျေးရွာနေ ဦးကျော်လွင် + ဒေါ်ခင်တင့်တို့၏သား မောင်မင်းခန့်အောင်သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံး လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးကျော်လွင်(၅/ကဘလ(နိုင်)၀၃၃၀၇၇)
ဒေါ်ခင်တင့်(၅/ကဘလ(နိုင်)၂၇၂၆၃၁)

## ပျောက်ဆုံးကြောင်း

မမြိုင်ဆုံး (ဘ) ဦးလျူစိန်လွေ(၁၃/လရန(နိုင်)၀၈၉၆၇၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09–776909116

## ပျောက်ဆုံးကြောင်း

မြင်းခြံမြို့၊ (၄)ရပ်ကွက်နေ မရွှန်းလဲ့မေ (ဘ) ဦးမိုးခိုင်(၉/မခန(နိုင်)၃၃၁၀၁၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MH–705232)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
09–956922846

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့ လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ**
**လိုအပ်သည်ဟု ခံစားနေရပါက**
**သတင်းအချက်အလက်မျှဝေရာစင်တာသို့**
**ဆက်သွယ်နိုင်ပါသည်။**

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။ ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော ရန်ကုန်မြို့ မြို့တော်အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





ဒုတိယသမ္မတ ဦးညိုစော လှိုင်သာယာ(အနောက်ပိုင်း) အနော်ရထာစက်မှုဇုန်ရှိ တိုးချဲ့ဆောင်ရွက်မည့်မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၉**

ဒုတိယသမ္မတ ဦးညိုစောသည် ခရီးစဉ်တွင် လိုက်ပါလာသော အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင် ဆိပ်ကမ်းသို့ ရောက်ရှိပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ရန်ကုန်မြို့တော်ဝန်၊ တာဝန်ရှိသူများက လုပ်ငန်းအစီအမံများကို ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် ဗိုလ်တထောင်မြို့နယ် **စာမျက်နှာ ၁၆ ကော်လံ ၅** ☆

ရတနာပုံ ယနေ့ဖတ်စရာ

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း စာမျက်နှာ - ၁၈

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပ စာမျက်နှာ - ၁၈

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံဆွေးနွေးပွဲကျင်းပ စာမျက်နှာ - ၁၇

## DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ကစားသမား ချာကာရာ ချန်ပီယံဆု ဆွတ်ခူး



**ဒေလီ အောက်တိုဘာ ၁၉**

အိန္ဒိယနိုင်ငံ ဒေလီမြို့တွင် ကျင်းပခဲ့သည့် DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် စပိန်ကစားသမား ချာကာရာ ချန်ပီယံဆုဆွတ်ခူးခဲ့သည်ဟု DP Tour သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့ကြောင်း သိရသည်။

DP World India Championship ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကျော့ကို အောက်တိုဘာ ၁၇ ရက်က ကျင်းပခဲ့ရာ ရာသီဥတုဆိုးရွားမှုများကြောင့် အလင်းရောင်ကောင်းမွန်စွာရရှိခဲ့ခြင်းမရှိသည့်အတွက် **စာမျက်နှာ ၂၁ ကော်လံ ၄** ❖

## ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၉**

အားကစားရေးရာ ဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်နှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အမျိုးသားပြိုင်ပွဲ ၄၈ ကီလိုတန်းပြိုင်ပွဲတွင် **စာမျက်နှာ ၂၁ ကော်လံ ၁** ■





မျိုးသန့်ထက်နှင့် မခတ္တာဖူးတို့ကို သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## နောင်ချိုမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၀၆၅ ဘီလီယံတန်ဖိုး၊ ကျိုင်းတုံမြို့နယ်တွင် ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၉**

နောင်ချိုမြို့နယ်တွင် ငွေကျပ် ၃ ဒသမ ၀၆၅ ဘီလီယံတန်ဖိုး၊ ကျိုင်းတုံမြို့ နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများဖမ်းဆီးရမိပြီး ဖမ်းဆီးရမိသူများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၆ ရက် ညနေ ၃ နာရီတွင် သတင်းအရ **စာမျက်နှာ ၂၃ ကော်လံ ၁** ✱

ရတနာပုံ ယနေ့ဖတ်စရာ

စက်တင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ နေပြည်တော်၌ ကျင်းပခဲ့သည့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်၏ ပဲမျိုးစုံထုတ်လုပ်မှုတိုးတက်ရေးနှင့် နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုစွမ်းရည်မြှင့်တင်ခြင်းဖြင့် ဈေးကွက်ဝေစုပိုမိုရရှိနိုင်မည့် အလားအလာများဆိုင်ရာ စာတမ်းကောက်နုတ်ချက် စာမျက်နှာ - ၂၅